မြန်မာ့အလင်း

၁၂၇၆ ခုနှစ်ကတည်ထောင်သည်။

Established 1914

၁၃၆၉ ခုနှစ်၊ တပို့တွဲလပြည့်ကျော် ၂ ရက်၊ ၂၀၀၈ ခုနှစ်၊ ဖေဖော်ဝါရီ ၂၃ရက်၊ စနေနေ့၊ အတွဲ (၄၇)၊ အမှတ် (၁၄၆)

ကတညုတာ စ မင်္ဂလ မုတ္တမံ

သူ့ကျေးဇူးကို သိခြင်းသည်
မြတ်သော မင်္ဂလာမည်၏။

နိုင်ငံရေး ဦးတည်ချက်(၄)ရပ်

* နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာ အေးချမ်းသာယာရေး နှင့် တရားဥပဒေစိုးမိုးရေး
* အမျိုးသား ပြန်လည်စည်းလုံး ညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံ ဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီ ဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေး ဦးတည်ချက်(၄)ရပ်

* စိုက်ပျိုးရေးကို အခြေခံ၍ အခြား စီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံ ဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး
* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး
* နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော် နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေး ဦးတည်ချက်(၄)ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ် နှင့် အကျင့်စာရိတ္တမြင့်မားရေး
* အမျိုးဂုဏ် ဇာတိဂုဏ်မြင့်မား ရေးနှင့်ယဉ်ကျေးမှုအမွေအနှစ် များ၊အမျိုးသားရေး လက္ခဏာ များ မပျောက်ပျက်အောင် ထိန်းသိမ်း စောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန် ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာ ကြံ့ခိုင်ရေးနှင့် ပညာရည် မြင့်မားရေး

နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ ဘရူနိုင်းဒါရုဆလမ်နိုင်ငံ အမျိုးသားနေ့သဝဏ်လွှာပေးပို့

နေပြည်တော် ဖေဖော်ဝါရီ ၂၃

၂၀၀၈ခုနှစ် ဖေဖော်ဝါရီ ၂၃ရက်တွင် ကျရောက်သော ဘရူနိုင်းဒါရုဆလမ်နိုင်ငံ၏ (၂၄)နှစ်မြောက် အမျိုးသားနေ့အခါသမယ၌ ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေထံမှ ဘရူနိုင်းဒါရုဆလမ်နိုင်ငံဘုရင် ဆူလ်တန် ဟာဂျီ ဟာဆာနာလ် ဘိုလ်ကီးယား မူအစ်ဇာဒင် ဝါဒူလာထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။ **(သတင်းစဉ်)**

အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသီဟသူရတင်အောင်မြင့်ဦး ရုရှားဖက်ဒရေးရှင်းနိုင်ငံ တပ်မတော်နေ့အခမ်းအနား တက်ရောက်ချီးမြှင့်

ရန်ကုန် ဖေဖော်ဝါရီ ၂၂

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသီဟသူရတင်အောင်မြင့်ဦးနှင့် ဇနီး ဒေါ်ခင်စောနှင်းတို့သည် ယနေ့ညနေ ၆နာရီခွဲတွင် ရန်ကုန်မြို့ ဗဟန်းမြို့နယ်ရှိ Hotel Nikko Royal Lake ၌ ကျင်းပသည့် ရုရှားဖက်ဒရေးရှင်းနိုင်ငံ တပ်မတော်နေ့ အထိမ်းအမှတ် အခမ်းအနားသို့ တက်ရောက်ချီးမြှင့်ရာ ပြည်ထောင်စု မြန်မာနိုင်ငံတော်ဆိုင်ရာ ရုရှားဖက်ဒရေးရှင်းနိုင်ငံ စစ်သံမှူး Colonel Alexander V.SVINITSOVSKIY နှင့် ဇနီးနှင့် တာဝန်ရှိသူများက ကြိုဆိုကြသည်။ **(အပေါ်ပုံ)**

တက်ရောက်

အဆိုပါ ရုရှားဖက်ဒရေးရှင်းနိုင်ငံ တပ်မတော်နေ့အခမ်းအနားသို့ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီး မြင့်ဆွေနှင့်ဇနီး၊ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ် လှဌေးဝင်းနှင့်ဇနီး၊ ကာကွယ်ရေးဝန်ကြီးဌာနမှ တပ်မတော်အရာရှိကြီးများနှင့် ၎င်းတို့၏ ဇနီးများ၊ နိုင်ငံခြားရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများ၊ ရန်ကုန်မြို့ရှိ နိုင်ငံခြားသံရုံးများမှ သံအမတ်ကြီးများနှင့် သံရုံးယာယီတာဝန်ခံများ၊ စစ်သံမှူးများ၊ ကုလသမဂ္ဂ လက်အောက်ခံအဖွဲ့အစည်းများမှ တာဝန်ရှိသူများနှင့် ၎င်းတို့၏ ဇနီးများ၊ အထူးဖိတ်ကြားထားသူများ တက်ရောက်ကြသည်။ **(သတင်းစဉ်)**

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန် ဘရူနိုင်းဒါရုဆလမ်နိုင်ငံ အမျိုးသားနေ့သဝဏ်လွှာပေးပို့

နေပြည်တော် ဖေဖော်ဝါရီ ၂၃

၂၀၀၈ခုနှစ် ဖေဖော်ဝါရီ ၂၃ရက်တွင် ကျရောက်သော ဘရူနိုင်းဒါရုဆလမ်နိုင်ငံ၏ (၂၄)နှစ်မြောက် အမျိုးသားနေ့အခါသမယ၌ ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်ထံမှ ဘရူနိုင်းဒါရုဆလမ်နိုင်ငံဘုရင် ဆူလ်တန် ဟာဂျီ ဟာဆာနာလ် ဘိုလ်ကီးယား မူအစ်ဇာဒင် ဝါဒူလာထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။ **(သတင်းစဉ်)**

(၆၃) နှစ်မြောက် တပ်မတော်နေ့ ဦးတည်ချက်

၁။ အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် စည်းကမ်းပြည့်ဝသော ဒီမိုကရေစီနိုင်ငံတော်သစ် တည်ဆောက်ရာတွင် ပြည်သူတို့နှင့်အတူ လက်တွဲကြိုးပမ်းဆောင်ရွက်ရေး။

၂။ နိုင်ငံတော် ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ် (၇)ရပ် အောင်မြင်ရေးအတွက် တိုင်းရင်းသား ပြည်သူတို့နှင့်အတူ လက်တွဲကြိုးပမ်း အကောင်အထည်ဖော် ဆောင်ရွက်ရေး။

၃။ နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးကို ဟန့်တားနှောင့်ယှက်သော ပြည်တွင်း၊ ပြည်ပ အဖျက်သမားများကို ပြည်သူတို့နှင့်အတူ လက်တွဲ၍ ပြည်ထောင်စုစိတ်ဓာတ်ဖြင့် ချေမှုန်းရေး။

၄။ ဒို့တာဝန်အရေးသုံးပါးကို ကာကွယ်စောင့်ရှောက်နိုင်ရန် အင်အားတောင့်တင်းပြီး စွမ်းရည်ထက်မြက်သော ခေတ်မီ မျိုးချစ် တပ်မတော် တည်ဆောက်ရေး။

နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေပေါ်ပေါက်ရေးသည်မြန်မာနိုင်ငံသားအားလုံး၏တာဝန်ဖြစ်သည်။

မြန်မာ့အလင်း

အယ်ဒီတာ့ အာဘော်

(၂၀၀၈ ခုနှစ် ဖေဖော်ဝါရီ ၂၃ ရက်)

ပြည်သူများ ကျန်းမာစွာ နေထိုင်စားသောက်နိုင်ရေး ကျန်းမာရေးနှင့် ညီညွတ်သည့် အစားအစာ ထုတ်လုပ်ရောင်းချ

လူတိုင်း ကျန်းမာကြံ့ခိုင်ရေးအတွက် စနစ်တကျနေထိုင်စားသောက်ကြရန် လိုပေသည်။ ပြည်သူများ ရောဂါဘယကင်းဝေးစေရေးအတွက် ကျန်းမာရေးအသိပညာပေးခြင်း၊ ရောင်းချသူများနှင့် စားသုံးသူများအား ပညာပေးစာစောင်များ ဖြန့်ဝေခြင်းကို ဆောင်ရွက်ပေးလျက်ရှိသည်။ ဈေးကွက်၌ ရောင်းချလျက်ရှိသော အစားအသောက်များတွင် ကျန်းမာရေးနှင့်ညီညွတ်မှုရှိစေရန် လိုအပ်သည်။

ကျောင်းများနှင့် လမ်းဘေးဈေးဆိုင်များ၌ ရောင်းချလျက်ရှိသော အသားကင်များတွင် တားမြစ်ဆိုးဆေးများ အသုံးမပြုသင့်ချေ။ ဆိုးဆေးများသုံးစွဲခြင်းသည် စားသုံးသူ၏ကျန်းမာရေးကို ထိခိုက်စေနိုင်သည်။ ထို့အပြင် မကျက်တကျက် အကင်အများစုတွင် ပါဝင်သော ပိုးမွှားများကြောင့် လူကိုအန္တရာယ်ဖြစ်စေနိုင်သည်။

ကျန်းမာရေးနှင့် ညီညွတ်မှုတမှုမရှိသည့် အစားအသောက်များ ထုတ်လုပ်ခြင်း၊ ရောင်းချခြင်း၊ သိုလှောင်ခြင်းတို့ကို မပြုလုပ်ရန် တားမြစ် ဆောင်ရွက်သွားကြရမည် ဖြစ်သည်။

ထို့အပြင် မသန့်ရှင်းသောရေကို သောက်သုံးမိပါက အသည်းရောင်အသားဝါ ဘီပိုး၊ စီပိုး၊ ဝမ်းပျက်ဝမ်းလျှောနှင့် တိုက်ဖွိုက်စသည့် ကူးစက်ရောဂါများ ဖြစ်ပွားနိုင်ပေသည်။

စားသောက်ကုန်ပစ္စည်းများ ထုတ်လုပ်ရောင်းချသည့် လုပ်ငန်းရှင်များသည် ပြည်သူများအာဟာရပြည့်ဝစွာ စားသုံးနိုင်ရေးအတွက် ကျန်းမာရေးနှင့်ညီညွတ်မည့် အစားအစာများကို ထုတ်လုပ်ရောင်းချရမည်ဖြစ်သည်။ သို့မှသာ ပြည်သူများ ကျန်းမာရေးအတွက် အထောက်အကူပြုပြီး မိမိတို့၏ အကျိုးအမြတ်ပါ ဖြစ်ထွန်းလာမည် ဖြစ်သည်။

သို့ဖြစ်ရာ ဈေးရောင်းချသူများသည် ကျန်းမာရေးနှင့်ညီညွတ်သည့် စံချိန်စံညွှန်းမီ စားသောက်ကုန် ပစ္စည်းများကို ဖြန့်ဖြူးရောင်းချခြင်းဖြင့် ပြည်သူများ ရောဂါဘယကင်းဝေးပြီး သက်ရှည်ကျန်းမာစွာ နေထိုင်နိုင်ကြမည်ဖြစ်ပါကြောင်း ရေးသားလိုက်ရပါသည်။ ။

ပြည်သူ့သဘောထား

- * ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- * နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- * နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- * ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

မိုးကုတ်ဝိပဿနာ ဇနိတာရာမကျောင်းတိုက်ကြီးများ၏ ဦးစီးပဓာနနာယက ဆရာတော်ဖြစ်တော်မူသော ဓမ္မာစရိယ ဓမ္မကထိက အဂ္ဂမဟာကမ္မဋ္ဌာနာစရိယ ဘဒ္ဒန္တဇနိတာလင်္ကာရ ဆရာတော်ကြီး တည်ထောင်တော်မူသော အင်းတကော်ကြက်မောက်ကုန်း မိုးကုတ်ဝိပဿနာ ဇနိတာရာမ တောရဓမ္မရိပ်သာကြီး၏ ကျောင်းဆောင်ဆောက်လုပ်ရန် အလှူငွေကျပ်သိန်း၂၀ကို ရန်ကုန်တိုင်း စမ်းချောင်းမြို့နယ် စမ်းချောင်းလမ်း အမှတ်(၁၀/၁၂)နေ အလှူရှင် ဦးသံလျှင်-ဒေါ်မြင့်မြင့်ကြည်၊ သမီး နိုင်နိုင်စန္ဒာ၊ ခင်ခင်စန္ဒာ၊ ဆွေသန့်စန္ဒာ၊ သား အောင်အောင်ဆင့်တို့က ဇန်နဝါရီ ၁၃ရက်တွင် ရန်ကုန်မြို့ ဗဟန်းမြို့နယ် တက္ကသိုလ်ရိပ်သာလမ်းရှိ မိုးကုတ်ဝိပဿနာ ဇနိတာရာမကျောင်းတိုက်၌ ဇနိတာရာမဆရာတော်ကြီးထံ ဆက်ကပ်လှူဒါန်းစဉ်။ (က-ပ)

မြဝတီရုပ်မြင်သံကြား

၂၃-၂-၂၀၀၈ (စနေနေ့)

နံနက်ပိုင်း

၇း၀၀	၁။	မြဝတီအဖွင့်
၇း၀၅	၂။	အဖွင့်သီချင်း
၇း၁၀	၃။	မျိုးချစ်တပ်မတော်
၇း၂၀	၄။	မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၇း၃၀	၅။	မြန်မာသံစဉ်ချိုနားဝင်
၇း၄၅	၆။	**မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲအစီအစဉ်**
၇း၅၀	၇။	သာယာသီကြွေး ခေတ်ဆန်းတေး
၇း၅၅	၈။	အမျိုးသားရေးတေးကဗျာ
၈း၀၀	၉။	မြဝတီရုပ်မြင်သံကြားသတင်း
၈း၁၀	၁၀။	အမျိုးသားရေးတေးကဗျာ

နေ့လယ်ပိုင်း

၁၂း၀၀	၁။	မြဝတီအဖွင့်
၁၂း၀၅	၂။	အဖွင့်သီချင်း
၁၂း၁၀	၃။	မျိုးချစ်တပ်မတော်
၁၂း၂၅	၄။	ကျန်းမာသုတ
၁၂း၃၀	၅။	မြဝတီရုပ်မြင်ပေါ်ကရုပ်ရှင်
၁၃း၅၀	၆။	အမျိုးသားရေးတေးကဗျာ

ညပိုင်း

၄း၀၀	၁။	မြဝတီအဖွင့်
၄း၀၅	၂။	အဖွင့်သီချင်း
၄း၁၀	၃။	ချစ်သူစုံတွဲတူယှဉ်နွှဲ
၄း၁၅	၄။	မြန်မာသံစဉ်ချိုနားဝင်
၄း၂၀	၅။	မျိုးချစ်တပ်မတော်
၄း၃၀	၆။	တက္ကသိုလ်ဝင်တန်းစာမေးပွဲ အထောက်အကူပြု သင်ခန်းစာပို့ချချက် (ဓာတုဗေဒ)
၄း၅၀	၇။	သာယာသီကြွေး ခေတ်ဆန်းတေး
၅း၀၀	၈။	ပျော်ရွှင်စရာ သရုပ်ဆောင်ကမ္ဘာ
၆း၀၀	၉။	မြဝတီရုပ်မြင်သံကြားသတင်း
၆း၁၀	၁၀။	နိုင်ငံတကာသတင်း
၆း၂၀	၁၁။	အမျိုးသားရေးတေးကဗျာ
၆း၂၅	၁၂။	အံ့သြဖွယ်ရာဆပ်ကပ်ပညာ
၆း၄၅	၁၃။	လျှပ်တစ်ပြက်
၇း၀၀	၁၄။	ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **ရာဇဝင်တွင်တဲ့ သူ့ရဲကောင်း** (အပိုင်း-၃၉)
၈း၀၀	၁၅။	မြဝတီရုပ်မြင်သံကြားသတင်း
	၁၆။	မိုးလေဝသသတင်း
	၁၇။	အမျိုးသားရေးတေးကဗျာ
	၁၈။	လူရွှင်တော်ရွှေဖလား
	၁၉။	English Usage
	၂၀။	ယနေ့ညအတွက် မြဝတီ၏တေးလက်ဆောင်
	၂၁။	ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **ပြည်ချစ်သူ့ရဲကောင်း** (အပိုင်း-၃၆)

မိခင်ကြီးဒေါ်သိန်းကြည်(၁)နှစ်ပြည့်အား ရည်စူး၍ ရန်ကုန်တိုင်း ဗိုလ်တထောင်မြို့နယ် ၆၄လမ်းအမှတ်၂၈နေ သမီးဒေါ်အေးအေးဝင်း မိသားစုက ဒဂုံ မြို့နယ် အမှတ်၁၆ စကားဝါလမ်း မင်းကွန်းတိပိဋကရေဆရာတော်ကြီး၏တိပိဋက တိုးချဲ့ခြောက်ထပ်ကျောင်းတော်ကြီးအတွက် အလှူငွေကျပ်တစ်သိန်းကို အနုနာယကဆရာတော် ဘဒ္ဒန္တနန္ဒကထံ ရေစက်ချအနုမောဒနာတရားနာယူပြီး တိ=နိ(ရန်ကုန်ဌာန) အုပ်ချုပ်ရေးမှူး(ရုံးအဖွဲ့) ဦးထွန်းမြင့်ထံ ပေးအပ်လှူဒါန်းစဉ်။ (က-ပ)

ပိုလ်တထောင်မြို့နယ် ပြန်/ဆက်ဦးစီးဌာန နယ်လှည့်စာကြည့်တိုက်၊ နံရံကပ်စာစောင်နှင့်စာဖတ်ဝိုင်းဖွင့်

ရန်ကုန် ဖေဖော်ဝါရီ ၂၂

(၆၃)နှစ်မြောက် တပ်မတော်နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ရန်ကုန်တိုင်း ဗိုလ်တထောင်မြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် အမှတ်(၆)ရပ်ကွက် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီတို့ ပူးပေါင်း၍ နယ်လှည့်စာကြည့်တိုက်၊ နံရံကပ်စာစောင်၊ ဓာတ်ပုံပြပွဲ၊ ဟောပြောပွဲနှင့် စာဖတ်ဝိုင်းကျင်းပခြင်း အခမ်းအနားကို ဖေဖော်ဝါရီ ၂၁ရက် နံနက်၉နာရီက အမှတ်(၆)ရပ်ကွက်ရှိ လောကအလင်း ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်တွင် ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးစိုးလွင်ဦး၊ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဒေါ်သန်းနွဲ့နှင့် ရပ်ကွက်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးမောင်မောင်အေးတို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြသည်။(အောက်ပုံ) (မြို့နယ် ပြန်/ဆက်)

လှူဒါန်း

အမှတ်၂၅၅/၂၅၆၊၇(ဘီ) ဆိပ်ကမ်းသာလမ်း ကျောက်တံတားမြို့နယ်နေ ဦးသန်းထွန်း-ဒေါ်တင်ဋ္ဌေးစိန် မိသားစုက ဗဟန်းမြို့နယ် ဇီဝိတဒါနသံဃာ့ဆေးရုံကြီးသို့ ထာဝရဆွမ်း၊ ဆေး၊ ငွေပဒေသာပင်နှင့်ခြောက်ထပ်ဆေးရုံသစ်ကြီးတို့အတွက် အလှူငွေကျပ် ငါးသိန်းလှူဒါန်းရာ ဆေးရုံအုပ်ချုပ်ရေးအဖွဲ့ အဖွဲ့ဝင် ဦးဝင်းလွင် လက်ခံယူစဉ်။ (က-ပ)

မြတ်ဆရာပူဇော်ပွဲ သန်လျင်၌ ကျင်းပမည်

ရန်ကုန် ဖေဖော်ဝါရီ ၂၂

သန်လျင်မြို့ အခြေခံပညာမူလတန်းကျောင်း(ထန်းနှစ်ပင်)၏ ပထမအကြိမ်မြောက် သက်ပြည့်အငြိမ်းစား ဆရာကြီး၊ဆရာမကြီးများအား ကျောင်းသားကျောင်းသူဟောင်းများက အာစရိယပူဇော်ကန်တော့ပွဲကို ဖေဖော်ဝါရီ ၂၄ရက် (တနင်္ဂနွေနေ့)နံနက်၁၀နာရီတွင် ယင်းကျောင်းခန်းမဆောင်၌ ကျင်းပမည်ဖြစ်ရာ ကျောင်းသား ကျောင်းသူဟောင်းများအားလုံး(မပျက်မကွက်) တက်ရောက်ကြရန်နှင့် အလှူငွေများကို အာစရိယပူဇော်ပွဲ ကျင်းပရေးကော်မတီ ဥက္ကဋ္ဌ ဦးအောင်ကျော်ဝင်း ဖုန်း-၀၉-၅၀-၁၄၈၀၆၊၀၅၆-၂၂၀၄၃၊ ဒေါ်ဝင်းသန္တာဦး (အတွင်းရေးမှူး) ဖုန်း-၀၉-၅၀-၀၉၁၃၀နှင့် ဦးမောင်မောင်ဆွေ(ဘဏ္ဍာရေးမှူး) ဖုန်း-၀၅၆-၂၁၄၄၂တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ (က-ပ)

ဝန်ကြီးဦးဉာဏ်ဝင်း အာဆီယံနိုင်ငံခြားရေးဝန်ကြီးများ သီးသန့်အစည်းအဝေးမှ ပြန်လည်ရောက်ရှိ

နေပြည်တော် ဖေဖော်ဝါရီ ၂၂

နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီးဦးဉာဏ်ဝင်းသည် ဖေဖော်ဝါရီ၁၉ရက်မှ ၂၀ရက်အထိ စင်ကာပူသမ္မတနိုင်ငံ စင်ကာပူမြို့ စင်တိုဆာကျွန်း၌ ကျင်းပသည့် အာဆီယံနိုင်ငံခြားရေးဝန်ကြီးများ၏ သီးသန့်အစည်းအဝေးသို့ တက်ရောက်ခဲ့ပြီး ဖေဖော်ဝါရီ ၂၁ရက်က ပြန်လည်ရောက်ရှိသည်။

စင်ကာပူသမ္မတနိုင်ငံ စင်ကာပူမြို့တွင်ကျင်းပသည့် အာဆီယံနိုင်ငံခြားရေးဝန်ကြီးများ၏ သီးသန့်အစည်းအဝေးတွင် အာဆီယံနိုင်ငံခြားရေးဝန်ကြီးများ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ကြစဉ်။ (နိုင်ငံခြားရေး)

ရှင်းလင်းပြောကြား

ဝန်ကြီးဦးဉာဏ်ဝင်းသည် ဖေဖော်ဝါရီ ၁၉ရက် ညပိုင်းတွင် အာဆီယံနိုင်ငံများမှ နိုင်ငံခြားရေးဝန်ကြီးများနှင့်အတူ စင်ကာပူသမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီး မစ္စတာဂျော့ရိုးတည်ခင်းသည့် အလုပ်သဘော ညစာစားပွဲသို့ တက်ရောက်ခဲ့သည်။ ညစာစားပွဲတွင် အာဆီယံနိုင်ငံခြားရေး ဝန်ကြီးများသည် နိုင်ငံတကာနှင့် ဒေသဆိုင်ရာကိစ္စများနှင့်စပ်လျဉ်း၍ အမြင်ချင်းဖလှယ်ခဲ့ကြသည်။ ယင်းညစာစားပွဲတွင်ဝန်ကြီးဦးဉာဏ်ဝင်းက နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေမူကြမ်း ရေးဆွဲပြီးစီးမှုအခြေအနေ၊ ယင်းအခြေခံ ဥပဒေမူကြမ်းကို ပြည်သူ့ဆန္ဒ ခံယူပွဲဖြင့် အတည်ပြုမည့်ကိစ္စ၊ ပါတီစုံဒီမိုကရေစီ အထွေထွေ ရွေးကောက်ပွဲကို ၂၀၁၀ ပြည့်နှစ်တွင် ကျင်းပရန် စီစဉ်ထားသည့် ကိစ္စများအပါအဝင် မြန်မာနိုင်ငံ၏ တိုးတက်ဖြစ်ပေါ်မှု အခြေအနေများကို ရှင်းလင်း ပြောကြားခဲ့သည်။

ရင်းနှီးပွင့်လင်းစွာဆွေးနွေးခဲ့

ဖေဖော်ဝါရီ ၂၀ရက်တွင် ကျင်းပသည့် အာဆီယံနိုင်ငံခြားရေး ဝန်ကြီးများ၏ သီးသန့် အစည်းအဝေး၌ အာဆီယံနိုင်ငံခြားရေးဝန်ကြီးများသည် အာဆီယံပဋိညာဉ်စာတမ်းကိုဆောလျင်စွာအတည်ပြုရေးကိစ္စ၊အာဆီယံပဋိညာဉ်စာတမ်းနှင့် ဖြစ်ပေါ်လာမည့် အာဆီယံဖွဲ့စည်းပုံအသစ်သို့ အသွင်ကူးပြောင်းမှုလုပ်ငန်းများဆောင်ရွက်ရေးကိစ္စ၊အာဆီယံအတွင်းရေးမှူးချုပ်ရုံးရှိရာ အင်ဒိုနီးရှားနိုင်ငံ ဂျကာတာမြို့၌ အာဆီယံဆိုင်ရာ အမြဲတမ်းကိုယ်စားလှယ်ရုံးများဖွင့်လှစ်၍ အာဆီယံအမြဲတမ်း ကိုယ်စားလှယ်များကော်မတီကို ထူထောင်ရန်ကိစ္စ၊ အာဆီယံပဋိညာဉ်စာတမ်းကို အကောင်အထည်ဖော်မည့် လုပ်ငန်းအစီအစဉ်နှင့် အာဆီယံအတွက် ဘဏ္ဍာငွေရရှိရေးကိစ္စရပ်များနှင့် စပ်လျဉ်း၍ အမြင်ချင်းဖလှယ်၍ ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးခဲ့ကြသည်။

အမြင်ချင်းဖလှယ်

ထို့အပြင် အာဆီယံနိုင်ငံခြားရေး ဝန်ကြီးများ အနေဖြင့် အရှေ့အာရှ ပူးပေါင်းဆောင်ရွက်မှုတွင် အာဆီယံ၏ပဓာနကျမှုအခန်းကဏ္ဍကိုထိန်းသိမ်းရေးကိစ္စနှင့် အာဆီယံ နိုင်ငံရေးနှင့် လုံခြုံရေးအသိုက်အဝန်းနှင့် လူမှုရေးနှင့် ယဉ်ကျေးမှုအသိုက်အဝန်း အကောင်အထည်ဖော်မှု ဆိုင်ရာ အခြေခံပုံစံ ထူထောင်ရေးကိစ္စများကိုလည်း အမြင်ချင်းဖလှယ် ဆွေးနွေးခဲ့သည်။

သီးခြားတွေ့ဆုံ

နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီးဦးဉာဏ်ဝင်းသည် စင်ကာပူသမ္မတနိုင်ငံတွင် ရှိနေစဉ် အင်ဒိုနီးရှားသမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာဟာဆန်ဝီရာယုဒနှင့် သီးခြားတွေ့ဆုံခဲ့ပြီး နှစ်နိုင်ငံအကျိုးတူကိစ္စများကို ဆွေးနွေးခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

အိန္ဒိယနိုင်ငံ မဇ္ဈိမဒေသ ဗုဒ္ဓဂယာမြေမြတ်မဟာရှိ ဗုဒ္ဓဂယာမြန်မာကျောင်းဝင်းအတွင်း သံဃာ့သုခသုံးထပ်ကျောင်းဆောင်နှင့် အခြားသော သာသနိကအဆောက်အအုံများ ဆောက်လုပ်ရန်အတွက် ကမာရွတ်မြို့နယ် အမှတ်(၁)ရပ်ကွက် အောင်မြေသာစည်လမ်း ဆရာတော်ဦးကဝိန္ဒ (အောင်မြေသာစည်ကျောင်း)တိုက်က အလှူငွေကျပ်တစ်သိန်းကို စမ်းချောင်းမြို့နယ် မြေနီကုန်းကျောင်းလမ်းနှင့်(ဂမုန်းပွင့်ဘေးလမ်း) အောင်တော်မူလမ်းရှိ မြန်မာနိုင်ငံ ဗုဒ္ဓဂယာကျောင်းအမှုဆောင်ဆရာတော်ဒေါက်တာ အရှင်သုဝဏ္ဏာလင်္ကာရ(ဘုံဘော) ထံ ဆက်ကပ်လှူဒါန်းစဉ်။ (က-ပ)

အေးမြမေတ္တာဆရာတော်တရားပွဲ

ရန်ကုန် ဖေဖော်ဝါရီ ၂၂

ရန်ကုန်တိုင်း တာမွေမြို့နယ် နတ်ချောင်းရပ် မြန်မာသိရီလင်္ကာ ရာမကျောင်းဆရာတော်ကြီး၏တပည့် နယ်လှည့်ဓမ္မကထိက အေးမြမေတ္တာဆရာတော်ဘဒ္ဒန္တစန္ဒောဘာသ (ရှင်ဘုန်း ကျိုက်လတ်)သည် ၁၃၆၉ခုနှစ် တပို့တွဲလပြည့်ကျော် ၆ရက်ညတွင် မကွေးတိုင်း ပခုက္ကူမြို့ အမှတ် (၂)ရပ်ကွက် ရဟန်းမယ်တော်ကြီး ဒေါ်ကြင်မှုံ၏ ၇၆နှစ်ပြည့် မွေးနေ့မင်္ဂလာဆုစုံဓမ္မသဘင်၊ တပေါင်းလဆန်း ၁ရက်မှ ၅ ရက်အထိ ဧရာဝတီတိုင်း ကျိုက်လတ်မြို့နယ် ကပ်ကရံလေးကျေးရွာ သာသနာရုံကျောင်းစခန်းပွဲ ဓမ္မသဘင်၊ ၇ရက်ညတွင် ဧရာဝတီတိုင်း မအူပင်မြို့နယ် ကပ်ကရံကျေးရွာ မိဘနှစ်ပါးအားရည်စူး၍ တရားအလှူပေးသော မိဘရိပ်ဓမ္မသဘင်၊ ၁၄ရက်ညနှင့်၁၅ရက် မွန်းတည့် ၁၂နာရီတွင် မကွေးတိုင်း ရေစကြိုမြို့နယ် ညောင်တောရွာဘုန်းတော်ကြီးကျောင်း ဓမ္မသဘင်၊ တပေါင်းလပြည့်ကျော်၁ရက်ညတွင် ဧရာဝတီတိုင်း ကျိုက်လတ်မြို့ တိလောကမာရဇိန်ဘုရားတန်ဆောင်းတော်ကြီး ဓမ္မသဘင်တို့၌ နိဗ္ဗာန်ရောက်ကြောင်း တရားတော်များ ဟောကြားမည်ဖြစ်သည်။ **(က-ပ)**

ဟောပြော

မြောက်ဥက္ကလာပမြို့နယ် မီးဘေးကြိုတင်ကာကွယ်ရေး ဟောပြောပွဲကို ဖေဖော်ဝါရီ ၁၄ရက်က သုဓမ္မာလမ်းနှင့် ခေမာသီလမ်းထောင့်ရှိ မြို့နယ်မီးသတ်ဦးစီးဌာန၌ ကျင်းပရာ မြို့နယ်မီးသတ်ဦးစီးဌာန ဦးစီးအရာရှိ ဦးအေးကျော်က မီးဘေးကြိုတင် ကာကွယ်ရေး ပညာပေး ဟောပြောစဉ်။ (က-ပ)

ဇီဝသဘာဝ မြေသြဇာအကြောင်းရှင်းလင်းပွဲ

ရန်ကုန် ဖေဖော်ဝါရီ ၂၂

သဇင်နိုင်ထရေးဒင်း ကုမ္ပဏီလီမိတက်က တင်သွင်းဖြန့်ချိသည့် ထိုင်းနိုင်ငံ Petchnumfah Co.,Ltd.မှ ထုတ်လုပ်သည့် Super J.K.A4, စိန်နှစ်ပွင့် Crown,Petchkue တံဆိပ် ဇီဝမြေသြဇာအကြောင်း ရှင်းလင်းပွဲကို ဖေဖော်ဝါရီ ၁၃ရက် မွန်းလွဲပိုင်းက ရန်ကုန်တိုင်း ကျောက်တံတားမြို့နယ် ဗိုလ်အောင်ကျော်လမ်း အိုလံပစ်တာဝါ Level(13) အခန်းအမှတ် ၁၃၀၁ ရှိ သဇင်နိုင်ထရေးဒင်းကုမ္ပဏီလီမိတက်ရုံးခန်း၌ ကျင်းပသည်။

ရှင်းလင်းပြောကြား

ရှေးဦးစွာ သဇင်နိုင်ထရေးဒင်း ကုမ္ပဏီဥက္ကဋ္ဌ ဦးသန့်ဇင်က ဇီဝသဘာဝ မြေသြဇာအကြောင်းရှင်းလင်းပွဲ ကျင်းပရခြင်းကို ပြောကြားသည်။ ထို့နောက် မန်နေဂျင်းဒါရိုက်တာ ဒေါ်မို့မို့ဝင်း**(အပေါ်ပုံ)**က ထိုင်းနိုင်ငံ Petchnumfah Co.,Ltd. မှ ထုတ်လုပ်သည့် Super J.K.A4, စိန်နှစ်ပွင့် Crown,Petchkue တံဆိပ် ဇီဝမြေသြဇာသုံးစွဲခြင်းကြောင့် မြေဆီလွှာများ ခန်းခြောက်ခြင်း၊ ပပ်ကြားအက်ခြင်းများမှ ကင်းဝေးခြင်း၊ မြေသားအတွင်းရှိ အဏုဇီဝပိုးများရှင်သန်ခြင်းကြောင့် မြေသားမွခြင်း၊ အမြစ်များ ကြီးထွားသန်မာစေခြင်းကြောင့် အာဟာရများ ပိုမိုစုပ်ယူပြီး အပင်ကြီးထွားနှုန်းလျင်မြန်ခြင်း၊ အပင်များ၌ ရောဂါပိုးမွှားများ မကျရောက်နိုင်ခြင်း၊ သဘာဝ သတ္တုဓာတ်များဖြင့် ထုတ်လုပ်ထားသဖြင့် အပင်အားလုံးအတွက် အသုံးဝင်ခြင်း၊ အသီးအနှံများ၏ အရောင်အဆင်း အနံ့အရသာမှာ သဘာဝအတိုင်း ဖြစ်ပေါ်ခြင်း၊ ခူးဆွတ်ပြီး အသီးအနှံ အပွင့်အရွက်များ ကြာရှည်စွာထားနိုင်ခြင်း၊ ဇီဝသဘာဝမြေသြဇာ တစ်ခုတည်းကိုသာ သုံးစွဲခြင်းကြောင့် သဘာဝအလျောက် ကျရောက်သည့် မြေအောင်းရောဂါပိုးများကို ကာကွယ်သဖြင့် ကုန်ကျစရိတ်သက်သာခြင်းတို့ကို ရှင်းလင်းပြောကြားသည်။

Super J.K.A4, စိန်နှစ်ပွင့် Crown,Petchkue တံဆိပ် ဇီဝမြေသြဇာများကို ကျောက်တံတားမြို့နယ် ဗိုလ်အောင်ကျော်လမ်း အိုလံပစ်တာဝါ Level (13) အခန်း ၁၃၀၁ ရှိ သဇင်နိုင်ထရေးဒင်းကုမ္ပဏီလီမိတက် ဖုန်း-၂၅၆၆၁၉၊ ၃၉၂၅၃၄၊ ၂၄၅၆၀၈၊ Fax-၃၉၂၅၃၄တို့သို့ ဆက်သွယ်ဝယ်ယူနိုင်ကြောင်း သိရသည်။ **(သတင်းစဉ်)**

ဆိုင်ကယ်မှတ်ဓာတ်ဆီထုတ်ယူစဉ် အပူရှိန်ဖြင့်မီးလောင်မှု မန္တလေး ချမ်းမြသာစည်မြို့နယ်တွင် ဖြစ်ပွား

ရန်ကုန် ဖေဖော်ဝါရီ ၂၂

မန္တလေးတိုင်း ချမ်းမြသာစည်မြို့နယ် တောင်ရပ်ကွက် အမှတ် ၈၅၄ နေ စိုးမင်း(အသက် ၃၀) (ဘ)ဦးကျော်ထွန်းသည် ဖေဖော်ဝါရီ၂၀ရက် ညနေ၄နာရီ၄၅ မိနစ်က စူပါကပ်မော်တော်ဆိုင်ကယ်အမှတ် ယ/၃၂၇၅၅၏ ဓာတ်ဆီတိုင်ကီအတွင်းမှ ဓာတ်ဆီထုတ်ယူစဉ် အပူရှိန်ဖြင့် မီးလောင်မှုဖြစ်ပွားသည်။ မီးလောင်မှုကြောင့် စိုးမင်း၏နေအိမ်အပါအဝင် လူနေအိမ်၁၄လုံး မီးလောင်ခဲ့ပြီး မန္တလေးမြို့ပေါ်ရှိ မီးသတ်တပ်ဖွဲ့ဝင်များနှင့် ရပ်ကွက်နေပြည်သူများ၏ ဝိုင်းဝန်းငြိမ်းသတ်မှုကြောင့် မီးမှာ ညနေ၅နာရီတွင် ငြိမ်းသွားခဲ့သည်။

မီးလောင်မှုကြောင့် ထိခိုက်ဒဏ်ရာရရှိမှုမရှိသော်လည်း အိမ်ထောင်စု ၁၄စုမှ လူဦးရေ၆၆ဦး အိုးမဲ့အိမ်မဲ့ဖြစ်ခဲ့ပြီး၊ တာဝန်ရှိသူများက လာရောက်ကြီးကြပ်စစ်ဆေးပေးသည်။ မီးဘေးသင့်ခံရသည့် အိမ်ထောင်စုများအား အဆိုပါရပ်ကွက် အကွက်အမှတ်၈၅၅ရှိ စီပါဓမ္မာရုံတွင်ယာယီနေရာချပေးထားကြောင်းသိရသည်။

(သတင်းစဉ်)

မြန်မာ့အလင်း မှုခင်းသတင်းများ

သာကေတမြို့နယ်တွင် ဖယောင်းတိုင်မီးမှတစ်ဆင့် မီးလောင် နေအိမ်ခုနစ်လုံး မီးကူးစက်လောင်ကျွမ်းခံရ

ရန်ကုန် ဖေဖော်ဝါရီ ၂၂

သာကေတမြို့နယ် ၃/ရန်ပြေရပ်ကွက် ရန်ပြေ ၁၅လမ်းအရှေ့ အမှတ်၅၁ရှိ မသိမ့်သိမ့်ဇင်(၃၃နှစ်) (ဘ)ဦးတင်ရွှေ၏နေအိမ်၌ ဖေဖော်ဝါရီ၂၀ရက် ည၁၁နာရီ ၅၅မိနစ်ခန့်က ဖယောင်းတိုင်မီးထွန်းရာမှတစ်ဆင့် မီးစတင်လောင်ကျွမ်းခဲ့ပြီး အနီးပတ်ဝန်းကျင်ရှိ နေအိမ်ခုနစ်လုံးအား မီးကူးစက်လောင်ကျွမ်းခဲ့သည်။ မီးလောင်ရာသို့ မီးသတ်ယာဉ် ၂၈စီး၊ အုပ်ချုပ်မှုယာဉ် ၁၀စီးဖြင့် လာရောက် မီးငြိမ်းသတ်ခဲ့ရာ ၁၂နာရီခွဲတွင် မီးငြိမ်းသွားပြီး မီးလောင်မှုကြောင့် လူသေဆုံးမှုမရှိကြောင်းသိရသည်။ ဖြစ်စဉ်နှင့် ပတ်သက်၍ သာကေတမြို့နယ် အမှတ်(၁)ရဲစခန်းမှ မသိမ့်သိမ့်ဇင်အား ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၂၈၅ဖြင့် အရေးယူထားကြောင်း သိရသည်။ **(သတင်းစဉ်)**

အမျိုးသမီးတစ်ဦးအား အမျိုးသားသုံးဦးက ဓား၊ ဆူးချွန်၊ စကောဘာများဖြင့် ဝိုင်းဝန်းထိုးသတ်

ရန်ကုန် ဖေဖော်ဝါရီ ၂၂

အိမ်အရောင်းအဝယ်ကိစ္စ အမှုဖြစ်ပွားခဲ့မှုနှင့်ပတ်သက်၍ မကျေနပ်သဖြင့် အိမ်ပွဲစားအမျိုးသမီးအား အမျိုးသားသုံးဦးက ဓား၊ ဆူးချွန်၊ စကောဘာများဖြင့် ဝိုင်းထိုးသဖြင့် သေဆုံးမှု ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်တွင် ဖြစ်ပွားသည်။ ဖြစ်ပွားပုံမှာ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ် (၁၀၆)ရပ်ကွက် မြိုင်တန်းသာလမ်း အမှတ် ၃၆၆ နေ အိမ်ပွဲစားလုပ်ကိုင်သူ မသန်းကြည်(ခ) မညိုလေး(၃၆နှစ်) (ဘ)ဦးတင်မောင်သည် ခင်ပွန်းဖြစ်သူ ကျော်နိုင်(၂၉နှစ်) (ဘ)ဦးအောင်မြင့်၊ အိမ်နီးချင်း မဖာတမာ (စိစစ်ဆဲ)တို့နှင့်အတူ ဖေဖော်ဝါရီ၂၀ရက် ည ၇နာရီခွဲခန့်က တယ်လီဖုန်းဆက်ရန် နေအိမ်မှထွက်လာစဉ် မြိုင်တန်းသာလမ်းပေါ်၌ အီစမိုင်၊ ဆင်ကြီးနှင့်ဝင်းသူတို့သုံးဦးက မသန်းကြည်(ခ)မညိုလေးအား ဓား၊ ဆူးချွန်၊ စကောဘာများဖြင့် ဝိုင်းဝန်းထိုးခဲ့ကြသဖြင့် မသန်းကြည်(ခ)မညိုလေးမှာ ဝဲလက်ဖျံ၊ ဝဲနံဘေး၊ ဦးခေါင်း၊ ဝမ်းဗိုက်နှင့်ယာလက်ပြင်တို့တွင် ထိုးသွင်းဒဏ်ရာ ၁၇ချက်ရရှိသွားသဖြင့် စံပြဆေးရုံမှတစ်ဆင့် မြောက်ဥက္ကလာပဆေးရုံသို့ပို့ဆောင်ကုသစဉ် သေဆုံးသွားကြောင်း သိရသည်။

ယင်းဖြစ်စဉ်နှင့်ပတ်သက်၍ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်ရဲစခန်းမှ အီစမိုင်(ခ)ထွန်းလင်း(အသက် ၃၀) (ဘ)ဦးပြုံး အမှတ်၄၃၈ မြိုင်တန်းသာလမ်း (၁၀၆)ရပ်ကွက် ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ ဆင်ကြီး(၂၈နှစ်) (ဘ)ဦးလှမြင့် အမှတ် ၅၃၃ ရွှေသံလွင်လမ်းနှင့် ဝင်းသူ (၂၆နှစ်) (ဘ)ဦးပြုံး အမှတ် ၅၃၃ ရွှေသံလွင်လမ်း (၁၀၆)ရပ်ကွက်တို့သုံးဦးအား ဖမ်းဆီးစစ်ဆေးခဲ့ရာ ၂၀၀၆ခုနှစ်အတွင်းက မသန်းကြည်(ခ)မညိုလေးနှင့် အိမ်အရောင်းအဝယ်ကိစ္စ အမှုဖြစ်ပွားခဲ့မှုနှင့် ပတ်သက်၍ မကျေမနပ်ဖြစ်ကာ ထိုးသတ်ခဲ့ကြခြင်းဖြစ်ကြောင်း ပေါ်ပေါက်သဖြင့် ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၃၀၂ဖြင့် အရေးယူထားကြောင်း သိရသည်။ (သတင်းစဉ်)

ရှေးဟောင်းကွန်ရက်လမ်းမကြီး ပြန်လည်ဖော်လုပ်ရေး ဥရောပနှင့် အာရှပို့ဆောင်ရေးဝန်ကြီးများ လက်မှတ်ရေးထိုး

ဂျီနီဗာ ဖေဖော်ဝါရီ ၂၂

ဆွစ်ဇာလန်နိုင်ငံ ဂျီနီဗာမြို့တွင် ဖေဖော်ဝါရီ ၁၉ရက်က ဝန်ကြီးများ တွေ့ဆုံဆွေးနွေးပွဲတွင် ရှေးဟောင်းဆက်သွယ်ရေး ကွန်ရက်လမ်းများနှင့် အခြားတိုက်ကြီးများအား ဆက်သွယ်ထားသည့် သက်တမ်းရင့်လမ်းမကြီးများကို ပြန်လည်အသုံးပြုနိုင်စေရေးအတွက် ပြုပြင်ဖော်လုပ်ရန် အမေရိကန်ဒေါ်လာ ၄၃ ဘီလီယံ ကုန်ကျမည့် စီမံကိန်းများ အကောင်အထည်ဖော်ရေး သဘောတူ ကတိကဝတ်ပြုလက်မှတ်ရေးထိုးခဲ့ကြသည်။

တစ်စတစ်စ ပျက်စီးနေသော လမ်းများ၊ ခေါက်ရေလုံလောက်စွာ မပြေးဆွဲပေးနိုင်သော လေယာဉ်လိုင်းများ၊ နေးကွေးလေးလံပြီး ခရီးမရောက်သည့် နယ်စပ်ဖြတ်ကျော် လုပ်ထုံးလုပ်နည်းများနှင့် ပြွတ်သိပ်ပြည့်ကျပ်နေသော ဆိပ်ကမ်းများ အပါအဝင် ဥရောပနှင့် အာရှကုန်သွယ်ရေး တိုးတက်မှုကို အဟန့်အတားဖြစ်စေသည့် လုပ်ငန်းကြန့်ကြာမှုများကို ၂၀၁၄ခုနှစ်တွင် ကျော်လွှားနိုင်မည်ဟု ၎င်းတို့က ရည်ရွယ်ခဲ့ကြသည်။

ဆော်ဒီအာရေဗျနိုင်ငံ ရီးယာ့ဒ်မြို့၌ ကျင်းပသော နိုင်ငံတကာ လက်ဝတ်ရတနာများပြပွဲ၌ ဆော်ဒီအမျိုးသားတစ်ဦး လည်ဆွဲတစ်ကုံးအား ကြည့်ရှုနေသည်ကို ဖေဖော်ဝါရီ ၂၀ရက်က တွေ့ရစဉ်။ (အင်တာနက်ဓာတ်ပုံ)

လက်မှတ်ရေးထိုး

တရုတ်နိုင်ငံ၊ အီရန်နိုင်ငံ၊ ရုရှားနိုင်ငံနှင့် တူရကီနိုင်ငံများ အပါအဝင် နိုင်ငံပေါင်း ၁၉နိုင်ငံမှ ဝန်ကြီးများနှင့် ထိပ်တန်းအရာရှိကြီးများသည် အဓိက စီမံကိန်းများဖြစ်သည့် ပြည်တွင်းပို့ဆောင်ရေးလမ်းကြောင်း စီမံကိန်း ၂၃၀ကို ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ရန် သဘောတူလက်မှတ်ရေးထိုးခဲ့ကြသည်။

ဆက်သွယ်ထား

ယင်း ရှေးဟောင်း ကွန်ရက် လမ်းမကြီးမှာ လွန်ခဲ့သော နှစ်ပေါင်း ၂၀၀၀က အနောက်ဥရောပရှိ ရောမအင်ပါယာကြီးနှင့် အရှေ့တိုင်းရှိ တရုတ်နိုင်ငံ ရှေးဟောင်းနန်းတော် တို့ကို ဆက်သွယ်ထားသော လမ်းမကြီး ဖြစ်သည်။

တိုးတက်ဖြစ်ထွန်း

ယင်း ကွန်ရက် လမ်းမကြီး ဖော်လုပ်ခြင်းအားဖြင့် စီးပွားရေးနှင့် ယဉ်ကျေးမှုဆိုင်ရာများကို ဖလှယ်ကာ ယင်းလမ်းကြောင်းတစ်လျှောက်ရှိ နိုင်ငံများ၏ စီးပွားရေး တိုးတက်ဖြစ်ထွန်းမှုကို ဆောင်ကြဉ်းနိုင်မည် ဖြစ်ကြောင်း သတင်းတွင် ဖော်ပြသည်။

အမ်အင်န်အေ၊ရိုက်တာ

ထိုင်းတောင်ပိုင်း၌ ပစ်ခတ်မှုဖြစ်ပွား

ဗန်ကောက် ဖေဖော်ဝါရီ ၂၂

ထိုင်းနိုင်ငံတောင်ပိုင်း နာရာသီဝပ်ပြည်နယ်တွင် ဖေဖော်ဝါရီ၂၁ ရက်က လက်ထပ်ပွဲတစ်ခု၌ လက်နက်ကိုင် တိုက်ခိုက်ရေးသမားများက ပစ်ခတ်မှုကြောင့် သုံးဦးဒဏ်ရာရရှိခဲ့ကြောင်း ထိုင်းရဲတပ်ဖွဲ့က ပြောကြားသည်။

ဖြစ်ပွားမှုမှာ နာရာသီဝပ် ပြည်နယ် စီဆာခွန်မြို့အနီး တူအင်ဂိုကျေးရွာ၌ လက်ထပ်ပွဲ ကျင်းပနေစဉ် လူ၁၀၀ခန့်ရှိသော လူအုပ်အတွင်းသို့ ပစ်ခတ်ခဲ့ခြင်းဖြစ်ကြောင်း ၎င်းတို့က ပြောကြားသည်။

ဒဏ်ရာရရှိသူများမှာ ကျေးရွာခေါင်းဆောင် တစ်ဦး အပါအဝင် အသက် ၂၃နှစ်အရွယ် ကျေးရွာသား နှစ်ဦးတို့ဖြစ်သည်။

လက်နက်များ ကိုင်ဆောင်ထားသူလေးဦးက လူအများအား ပစ်ခတ်ခဲ့ခြင်းဖြစ်ပြီး ထိုင်းတောင်ပိုင်းဒေသများတွင် သေဆုံးမှုများ နေ့စဉ်ဖြစ်ပွားလျက်ရှိသည်။ **အမ်အင်န်အေ၊ဆင်ဟွာ**

ရုရှားနိုင်ငံ၏ အချမ်းသာဆုံးပုဂ္ဂိုလ် ဒီရီပါစကာဖြစ်လာခဲ့ဟုဆို

မော်စကို ဖေဖော်ဝါရီ ၂၂

ရုရှားနိုင်ငံ၏ အချမ်းသာဆုံးပုဂ္ဂိုလ်ဖြစ်လာသော အိုလက်ဒီရီပါစကာသည် အမေရိကန်ဒေါ်လာ ဘီလီယံ၄၀ချမ်းသာကြွယ်ဝဆုံး ပုဂ္ဂိုလ်ဖြစ်လာသည့် ရုရှားသူဌေး အောဘရာမိုဗစ်နှင့် အပြိုင်ဖြစ်လာကြောင်း ရုရှားမဂ္ဂဇင်း ဖီးနန်းစ်က ဖေဖော်ဝါရီ ၂၀ရက်က သတင်းတွင်ဖော်ပြသည်။

စီးပွားရေးတိုးတက်

ရုရှားနိုင်ငံ၏ စီးပွားရေးတိုးတက်လာမှုကြောင့် ကမ္ဘာပေါ်တွင် အချမ်းသာဆုံးပုဂ္ဂိုလ် ၁၀၁ဦးအထိ ရှိလာသည်။ အမေရိကန်ပြီးလျှင် ကမ္ဘာပေါ်တွင်ဒုတိယ ချမ်းသာသူ အများဆုံးရှိသည့် နိုင်ငံဖြစ်လာသည်။

ဈေးနှုန်းမြင့်တက်

ဒီရီပါစကာသည် သတ္တုဈေးနှုန်းများ မြင့်တက်မှုကြောင့် နှစ်ဆနီးပါး အမြတ်ငွေများ ရရှိလာသည်ဟုဆိုသည်။ ချယ်လ်ဆီးအသင်းပိုင်ရှင် အောဘရာမိုဗစ်အားကျော်ပြီး ချမ်းသာလာသည်။

အမ်အင်န်အေ၊ရိုက်တာ

ဘဝအမောပြေ

ယာဉ်ထိန်းရဲဆိုတာ . . .

နာမည်ကြီး စားသောက်ဆိုင်တစ်ဆိုင်သို့ မော်တော်ကားဖြင့် ရောက်ရှိလာသော လူတစ်ဦးသည် သတ်မှတ်ဇရိယာ ကျော်လွန်သည်အထိ မော်တော်ယာဉ်များ ပြည့်ကျပ်နေသဖြင့် မော်တော်ကားရပ်စရာ နေရာမရှိဖြစ်နေရာ ဖြူနီကျားနေရာတွင်ရှိနေသော ယာဉ်ထိန်းရဲအား မေးမြန်းလေသည်။

ကားပိုင်ရှင် ။ ။ ကားဘယ်နေရာရပ်ရမလဲ။
ယာဉ်ထိန်းရဲ ။ ။ လမ်းစည်းကမ်းအတိုင်းရပ်ပါ။
ကားပိုင်ရှင် ။ ။ ဒီနားမှာရပ်လို့မရဘူးလား။
ယာဉ်ထိန်းရဲ ။ ။ မရဘူး၊ ဒါယာဉ်မရပ်ရနေရာပါ။
ကားပိုင်ရှင် ။ ။ ဒါပေမယ့် ကားတွေအများကြီးရပ်ထားပါလား။
ယာဉ်ထိန်းရဲ ။ ။ သူတို့ကခင်ဗျားလိုတစ်ယောက်မှ လာမမေးဘူးဗျ။

နိုင်ငံတကာသတင်း စုစည်းဘာသာပြန်သူများ

တိုး၊ မောင်မောင်မြင့်ဆွေ၊ မြင့်မောင်စိုးနှင့် ချစ်စိုးနိုင်

ဘင်္ဂလားဒေ့ရှ်နိုင်ငံမြို့တော် ဒါကာ၏ တောင်ဘက် ၁၈၅မိုင်အကွာ ဘာဇာခရိုင်တွင် ဘရိတ်ပေါက်ကာ ဓာတ်တိုင်ကိုဝင်တိုက်ပြီး လမ်းဘေးထိုးကျနေသည့်ကားအား ကယ်ဆယ်ရေးလုပ်သားများက လမ်းပေါ်သို့ ဆွဲတင်နေသည်ကို ဖေဖော်ဝါရီ ၂၁ ရက်ကတွေ့ရစဉ်။ (ယင်းမော်တော်ယာဉ်မတော်တဆဖြစ်မှုကြောင့် လူ၁၄ဦး သေဆုံးပြီး ၁၅ဦးဒဏ်ရာရရှိကြောင်း သိရသည်။) (အင်တာနက်ဓာတ်ပုံ)

မြန်မာ့အလင်း နိုင်ငံတကာသတင်းများ

ပါကစ္စတန် အနောက်တောင်ပိုင်း၌ ပုံးခွဲတိုက်ခိုက်မှုဖြစ်ပွား

အစ္စလာမ္မာဘတ် ဖေဖော်ဝါရီ ၂၂

ပါကစ္စတန်နိုင်ငံ အနောက်တောင်ပိုင်း ဘာလိုချီစတန်ပြည်နယ်တွင် ဖေဖော်ဝါရီ ၂၁ရက်က လက်နက်ကိုင် တိုက်ခိုက်ရေးသမားများ ပစ်ခတ်မှုကြောင့် ပါကစ္စတန် ရဲတပ်ဖွဲ့ဝင် သုံးဦးသေဆုံးခဲ့သည်။

ဒဏ်ရာရရှိ

အခင်းဖြစ်ပွားမှုမှာ ဘာလိုချီစတန်ပြည်နယ် ကွာတာမြို့၌ လက်နက်ကိုင်များက ဝင်ရောက် ပစ်ခတ်ခဲ့ခြင်းဖြစ်ပြီး ရဲတပ်ဖွဲ့ဝင် သုံးဦးသေဆုံးရသည့်အပြင် အခြားနှစ်ဦးလည်း ဒဏ်ရာရရှိခဲ့သည်။

အဆိုပါဒေသသို့ လုံခြုံရေးတပ်ဖွဲ့ဝင်များ အမြန်ရောက်ရှိလာကာ ကွာတာမြို့၏ အချက်အချာကျသော နေရာများ၌ လုံခြုံရေးအပြည့်ချထားပေးရလျက်ရှိသည်။

ဖွဲ့စည်းမည်

ပါကစ္စတန်နိုင်ငံတစ်ဝန်း၌ မဲပေးမှုများပြုလုပ်ခဲ့ပြီးဖြစ်ရာ အနိုင်ရရှိသော ပါတီများအနေဖြင့် အစိုးရအဖွဲ့တစ်ရပ်ကို မကြာမီဖွဲ့စည်းမည်ဖြစ်ကြောင်း သိရသည်။ **(အင်တာနက်)**

ပါကစ္စတန်နိုင်ငံ ဟယ်လ်မန်းပြည်နယ်၏ မြို့တော် လက်ချ်တာဂက်ချ်တွင် လမ်းဘေးဗုံး ပေါက်ကွဲမှု ဖြစ်ပွားပြီးနောက် အပျက်အစီးများကို ဖေဖော်ဝါရီ ၂၁ ရက်က တွေ့ရစဉ်။ (အင်တာနက်ဓာတ်ပုံ)

တရုတ်ယွမ်ငွေ တန်ဖိုးမြင့်တက်

ပေကျင်း ဖေဖော်ဝါရီ ၂၂

တရုတ် ငွေကြေးတန်ဖိုးသည် အမေရိကန်တစ်ဒေါ်လာနှင့် နှိုင်းယှဉ်ရာတွင် ၇ဒသမ၁၄၅၂ယွမ် အထိ ဖေဖော်ဝါရီ ၂၀ရက်က စံချိန်တင် တန်ဖိုး တက်လာကြောင်း၊ ယင်းမှာ ယခုနှစ်ဆန်းပိုင်းက ယွမ်တန်ဖိုး တရိပ်ရိပ်တက်ခဲ့ရာ (၁၇)ကြိမ်မြောက် တန်ဖိုး တက်ခဲ့ခြင်း ဖြစ်ကြောင်း ဆင်ဟွာသတင်းတွင် ဖော်ပြသည်။

တန်ဖိုးမြင့်တက်

ရီမင်ဘီဟုခေါ်သော ယွမ်သည် ၂၀၀၅ခုနှစ် ဇူလိုင်လမှစတင်၍ တန်ဖိုးမြင့်တက်ခဲ့ရာ ၁၃ရာခိုင်နှုန်း တန်ဖိုးတက်လာသည်။ ၂၀၀၇ခုနှစ်အတွင်း ယွမ်တန်ဖိုးမြင့်တက်မှုသည် ၆ဒသမ ၉ရာခိုင်နှုန်းရှိပြီး ယခုနှစ်တွင် ဖေဖော်ဝါရီ၂၀ရက်အထိ ၂ရာခိုင်နှုန်းကျော် တန်ဖိုးတက်လာသည်ဟု ဆိုသည်။

တရုတ်ငွေကြေးသည် ယခုနှစ်တစ်နှစ်လုံးအတွက် အနည်းဆုံး ၇ ရာခိုင်နှုန်းမှ ၁၀ရာခိုင်နှုန်းအထိ တန်ဖိုးတက်နိုင်လိမ့်မည်ဖြစ်ကြောင်း တရုတ်ငွေကြေးကျွမ်းကျင်သူများက သုံးသပ်တင်ပြထားသည်။

အမ်အင်န်အေ၊ဆင်ဟွာ

လှုပ်လှုပ်ရှားရှား အင်တာနက် ပုံရိပ်များ

ကားဗုံးဖောက်ခွဲ တိုက်ခိုက်မှုဖြစ်ပွား

လက်ဘနွန်နိုင်ငံ ဘေရွတ်မြို့၌ ဖေဖော်ဝါရီ ၂၀ ရက်က ကားဗုံးဖောက်ခွဲ တိုက်ခိုက်မှုဖြစ်ပွားပြီးနောက် ပျက်စီးနေသော မော်တော်ယာဉ်အစိတ်အပိုင်းများကို ဤသို့ တွေ့ရသည်။

(အင်တာနက်ဓာတ်ပုံ)

ပေကျင်းအိုလံပစ်အကြို

တရုတ်နိုင်ငံ ပေကျင်းမြို့တွင် ၂၀၀၈ ပေကျင်း အိုလံပစ်အထိမ်းအမှတ်အကြိုလှုပ်ရှားမှု တစ်ရပ်အဖြစ် တရုတ်ယဉ်ကျေးမှုအကအဖွဲ့တစ်ဖွဲ့က ဖေဖော်ဝါရီ ၂၂ ရက်၌ ထူးခြားသော စုပေါင်းကကွက်တစ်ခုဖြင့် ဖျော်ဖြေတင်ဆက်နေသည့် ကကွက်တစ်ခု၏မြင်ကွင်း။

(ဓာတ်ပုံ-ဆင်ဟွာ)

ပါကစ္စတန် ရွေးကောက်ပွဲရလဒ် မတ် ၁ ရက်တွင် ထုတ်ပြန်ကြေညာမည်

အစ္စလာမ္မာဘတ် ဖေဖော်ဝါရီ ၂၂

ပါကစ္စတန်နိုင်ငံ၏ အထွေထွေရွေးကောက်ပွဲရလဒ်အဖြေကို မတ် ၁ ရက်တွင် တရားဝင်ထုတ်ပြန်ကြေညာမည်ဖြစ်ကြောင်း၊ ဒေသဆိုင်ရာ ရုပ်မြင်သံကြားချန်နယ် ဒေါင်းနယူးစ်က ဖေဖော်ဝါရီ ၂၂ရက်က သတင်းထုတ်လွှင့်ခဲ့သည်။

တတိယနေရာ

ပါကစ္စတန်ပြည်သူ့ပါတီ (ပီပီပီ)သည် အမတ်နေရာ ၈၈နေရာ ရရှိထားပြီး ဝန်ကြီးချုပ်ဟောင်း နဝပ်ရှရစ်ဖ်၏ ပါတီက အမတ်နေရာ ၆၅နေရာရရှိထားသည်။ ပီအမ်အယ်ကျူက အမတ်နေရာ ၄၂ နေရာဖြင့် တတိယနေရာ ရရှိထားသည်။

အမ်အင်န်အေ၊ဆင်ဟွာ

သတင်းမှပေးသော အသိနှင့် သတိပြုဖွယ်

နေအိမ်အနီး သစ်ပင်အိုကြီးများရှိခဲ့ပါလျှင် . . .

ကိုလံဘီယာနိုင်ငံ ဘိုဂိုတာမြို့တွင် ဖေဖော်ဝါရီ ၂၀ရက်ညက မတော်တဆ ဖြစ်ရပ်ကြောင့် မိသားစုဝင်သုံးဦးသေဆုံးခဲ့ကြောင်း ဘိုဂိုတာရဲတပ်ဖွဲ့က ပြောကြားသည်။

ဘိုဂိုတာမြို့ ဆင်ခြေဖုံးအရပ်တွင် နေထိုင်သော မက်ဒါကတ်ခ်အမည်ရှိ အမျိုးသားတစ်ဦး၏နေအိမ်နှင့် ကပ်လျက်ရှိသော သစ်ပင်ကြီးတစ်ပင်သည် လေပြင်းတိုက်ခတ်မှုကြောင့် နေအိမ်ပေါ်ပြိုလဲကျခဲ့ရာ အိပ်ပျော်နေသော မက်ဒါကတ်ခ်နှင့်ဇနီး အပါအဝင် သားငယ်တစ်ဦး သေဆုံးခဲ့ရသည်။

ထိုကဲ့သို့ အိမ်အနီးကပ်လျက်ရှိသော သစ်ပင်များ လဲပြိုကျနိုင်ကြောင်း ဘိုဂိုတာမြို့ အရာရှိများက သတိပေးခဲ့ပြီး မကြာမီ ဤဖြစ်ရပ်ဖြစ်ပွားခဲ့ခြင်းဖြစ်သည်။ ထို့ကြောင့် နေအိမ်အနီး၌ သစ်ပင်အိုကြီးများရှိလျှင် သတိထားနေထိုင်သင့်ကြောင်း ဤဖြစ်ရပ်က သင်ခန်းစာယူစရာပင်။ ။

မောင်မောင်မြင့်ဆွေ

မြန်မာ့အလင်း နိုင်ငံတကာမှုခင်းဖြစ်ရပ်

မခွဲခွာချင်ပါသော်လည်း ....

အင်္ဂလန်နိုင်ငံ ဂလော့ဆက်စတာရှိုင်းယားနယ်ရှိ ဒီးန်တောအုပ်ကြီးအနီးရှိ ရက်မာလေတောင်ခြေဒေသသည် သစ်ပင်ကြီး၊ သစ်ပင်ငယ်များ အုံ့အုံ့ဆိုင်းဆိုင်း ညို့ညို့မှိုင်းမှိုင်းဖြင့် သဘာဝ အလှတရားကို ဖန်တီးနေသည်။ သတ္တလောကရှိ လူသားများသည် သဘာဝအလှတရားကို ခုံမင်တတ်သူများဖြစ်ကြသည်။ ထိုအထဲတွင် အက်ဒရီယန်ပရောက်ထ်နှင့် ကိတ်တို့လည်း ပါဝင်သည်။

ကိတ်ပရောက်ထ်။

အကြီးအကျယ်မွေးမြူ

လွန်ခဲ့သော၂၅နှစ်ခန့်က အက်ဒရီယန်ပရောက်ထ်နှင့် ကိတ်တို့သည် ထိုအရပ်တွင် တူနှစ်ကိုယ်တိုင်းပြည်ကို ထူထောင်ကာ ဘဝသစ်ထူထောင်ခဲ့ကြသည်။ ထိုစဉ်က အက်ဒရီယန်သည် အသက်၂၀မျှသာရှိသေးပြီး ကိတ်က အသက်၃၀ရှိနေပြီဖြစ်သည်။ သူတို့နှစ်ဦးသည် လက်ထပ်ပြီးနောက် ထိုဒေသတွင် လယ်ယာလုပ်ငန်း လုပ်ကိုင်ကာ တစ်ဖက်ကလည်း နို့စားနွားများကို အကြီးအကျယ်မွေးမြူခဲ့သည်။

ငြိမ်းချမ်းမှုအတိပြီး

သူတို့နှစ်ဦးသည် အသက်အရွယ်ကွာဟမှုရှိသော်လည်း တစ်ဦးအပေါ်တစ်ဦး သံယောဇဉ်ကြီးမားကြသူများဖြစ်သည်။ ခင်ပွန်းဖြစ်သူ အက်ဒရီယန်သည် အလုပ်ကြိုးစားသကဲ့သို့ ဇနီးသည်ကိတ်ကလည်း အိမ်ထောင်မှုနိုင်နင်းကာ ခင်ပွန်း၏ လုပ်ငန်းများကို အစွမ်းကုန်ကူညီလုပ်ကိုင်ပေးလေ့ ရှိသည်။ ထို့ကြောင့် သူတို့ဇနီးမောင်နှံသည် ရှေ့သွားနောက်လိုက်ညီသကဲ့သို့ အပေးအယူမျှကြသူများလည်း ဖြစ်ကြသည်။ တက်ညီလက်ညီ ကြိုးစားခဲ့ကြသော သူတို့နှစ်ဦး၏ စီးပွားရေးမှာ ဒီရေအလား တိုးတက်ခဲ့ပြီး အိမ်ထောင်ရေးတွင်လည်း ကြီးကြီးမားမား ပြဿနာတစ်စုံ တစ်ရာမရှိဘဲ သာယာချမ်းမြေ့ကာ ငြိမ်းချမ်းမှုအတိ ပြီးနေခဲ့သည်။

သစ္စာရှိကြ

သူတို့ဇနီးမောင်နှံသည် အိမ်ထောင်သက်၂၄နှစ်အထိ အေးချမ်းပျော်ရွှင်စွာ ပေါင်းသင်းနေထိုင်ခဲ့ကြသည်။ တစ်ဦးအပေါ်တစ်ဦး နားလည်မှုရှိစွာ နေထိုင်ခဲ့ကြသဖြင့်လည်းထိုမျှအိမ်ထောင်သက်ရှည်ကြာသည့်တိုင်အောင် အိမ်ထောင်ရေး သာယာခိုင်မြဲခဲ့ခြင်းဖြစ်သည်။ တစ်ဦးအပေါ် တစ်ဦးလည်း သစ္စာရှိကြသူများဖြစ်သည်။

တစ်သက်တာ အမှတ်တရ

သဘာဝတရားအရ လူ့လောကတွင် အသက်တစ်ရာ မနေရသော်လည်း အမှတ်တစ်ရာပွေ့ရသည့်ဖြစ်ရပ်များ လူတိုင်းလိုလိုပင် တစ်ကြွေ့မဟုတ်တစ်ကြွေ့တွင် ကြုံတွေ့ကြရစမြဲဖြစ်သည်။ ထို့အတူ အက်ဒရီယန်ပရောက်ထ်နှင့် ကိတ်ပရောက်ထ်တို့၏ အေးချမ်းသောဘဝလေးအတွင်းသို့လည်းကံကြမ္မာဟူသော ဩဇာသည်ဆိုးကား မဖိတ်ပါဘဲလျက် အလိုလို ရောက်လာခဲ့သည်။ ထိုနေ့ကား အက်ဒရီယန်၏ ဘဝတွင် တစ်သက်တာ အမှတ်တရ ဖြစ်မည့်နေ့ပင်ဖြစ်တော့သည်။

ကံကြမ္မာကဖန်လာ

ယင်းနေ့ကား၂၀၀၇ခုနှစ် နိုဝင်ဘာ ၁၇ရက်....။ ထိုနေ့ညသည် သူတို့နှစ်ဦး နေထိုင်ရာ ဝန်းကျင်တွင် မီးပုံပွဲများ ခြိမ့်ခြိမ့်သဲကျင်းပခဲ့သည့်ည ဖြစ်သဖြင့် သူတို့ကိုယ်တိုင် ပါဝင်ဆင်နွှဲခဲ့ကြသည်။ ထိုညမှ စတင်ကာ သူတို့နှစ်ဦးသည် ယနေ့အထိပြန်မဆုံနိုင်အောင် ကံကြမ္မာက ဖန်လာခဲ့သည်။

တိုင်ကြား

ထိုညတွင် မီးပုံပွဲကျင်းပရာသို့ သူတို့ဇနီးမောင်နှံ ဝတ်ကောင်းစားလှဝတ်ဆင်ကာ သွားရောက်ခဲ့ပြီး မီးပုံပွဲကို ပျော်ပျော်ရွှင်ရွှင် ဆင်နွှဲခဲ့ကြသည်။ တစ်ကြိမ်တွင် မီးပုံပွဲကို စိတ်ဝင်စားစွာ ကြည့်ရှုရင်းမှ သူတို့နှစ်ဦး လူချင်းကွဲခဲ့သည့်အချိန်မှစတင်ကာ ဇနီးဖြစ်သူ ကိတ်မှာ ပျောက်ချင်းမလှ ပျောက်သွားတော့သည်။ ဇနီးသည် ပြန်လာနိုးဖြင့် စောင့်နေသော အက်ဒရီယန်သည် ဇနီးပျောက်ဆုံးသွားပြီး ငါးရက်မြောက်နေ့ဖြစ်သည့် နိုဝင်ဘာ ၂၂ ရက်တွင် သူ၏ဇနီး ပျောက်ဆုံးမှုကို ရဲအဖွဲ့သို့ တိုင်ကြားခဲ့ရတော့သည်။

စစ်ဆေးခဲ့

အက်ဒရီယန်အနေဖြင့် ဘူးလေးရာ ဖရုံဆင့်ဆိုသကဲ့သို့ ဇနီးအတွက် စိတ်သောက ရောက်နေရချိန်တွင် ဒုက္ခပင်လယ်ဝေခဲ့ရပြန်သည်။ အကြောင်းမှာ ဇနီးပျောက်ဆုံးမှုနှင့် ပတ်သက်ပြီး သူ့အား မသင်္ကာဖြစ်ကာ ဖမ်းဆီးစစ်ဆေးခဲ့သောကြောင့် ဖြစ်သည်။ သို့သော်လည်း မကြာမီ ပြန်လွှတ်ပေးခဲ့သည်။ ကိတ်ပရောက်ထ်နှင့် ဆွေမျိုးနီးစပ်တော်သူ အသက်(၄၈)နှစ် အရွယ်ရှိ ဒီယာနီဘယ်လာမီကိုလည်း ၂၀၀၈ ခုနှစ် ဖေဖော်ဝါရီ၁၉ ရက်က ဖမ်းဆီးစစ်ဆေးခဲ့သကဲ့သို့ အက်ဒရီယန်ကိုလည်း ထပ်မံဖမ်းဆီးခဲ့သည်။ ယင်းနေ့ညနေပိုင်းတွင် ဒီယာနီဘယ်လာမီကို စတင်စစ်ဆေးခဲ့သည်။

ပိုက်စိပ်တိုက်ရှာဖွေ

ကိတ်ပရောက်ထ်ပျောက်ဆုံးမှုနှင့် ပတ်သက်၍ ရဲအဖွဲ့က ၂၀၀၇ ခုနှစ် ဒီဇင်ဘာ ၁၉ ရက်မှ စတင်ကာ ဆက်တိုက် ရှာဖွေခဲ့သည်။ ရေငုပ်သမားများဖြင့်လည်း ရှိသမျှရေအိုင်များတွင် ရေငုပ်လျက် ရှာဖွေပြီး တောင်ပေါ်ဒေသ ဧက ၂၀၀ ရှိ လယ်ယာမြေများတွင် ပိုက်စိပ်တိုက် ရှာဖွေခဲ့ကြသည်။ သို့သော်လည်း အချည်းနှီးပင်။

ပြန်လည်ပေးဆပ်ရမည်

မည်သို့ပင်ဆိုစေ၊ လွန်ခဲ့သော သုံးလကျော်က ပျောက်ဆုံးခဲ့သော ကိတ်ပရောက်ထ်ကို သတ်ခဲ့သူသည် အချိန်တန်ပါက ၎င်းကျူးလွန်ခဲ့သော ပြစ်မှုအတွက် ပြန်လည်ပေးဆပ်ရမည်ဖြစ်ပြီး အက်ဒရီယန်ပရောက်ထ်အနေဖြင့် မခွဲခွာချင်သော်လည်း ခွဲခွာခဲ့ရသည့် အဖြစ်ကို မှုခင်းဖြစ်ရပ်အဖြစ် ဖော်ပြလိုက်ရပါကြောင်း။ ။

> **ခင်ပွန်းဖြစ်သူ အက်ဒရီယန်သည် အလုပ်ကြိုးစားသကဲ့သို့ ဇနီးသည် ကိတ်ကလည်း အိမ်ထောင်မှု နိုင်နင်းကာ ခင်ပွန်း၏ လုပ်ငန်းများကို အစွမ်းကုန် ကူညီလုပ်ကိုင် ပေးလေ့ရှိ။**

ပါကစ္စတန် အတိုက်အခံပါတီနှစ်ခု ညွန့်ပေါင်းအစိုးရဖွဲ့စည်းရန် သဘောတူညီ

အစ္စလာမ္မာဘတ် ဖေဖော်ဝါရီ ၂၂

ပါကစ္စတန်နိုင်ငံ၏ အဓိကပါတီကြီးနှစ်ခုသည် ဖေဖော်ဝါရီ ၁၈ရက်က မဲအများဆုံးရခဲ့ပြီးနောက် ညွန့်ပေါင်းအစိုးရဖွဲ့စည်းရန် သဘောတူညီလိုက်ပြီဖြစ်ကြောင်း ဖေဖော်ဝါရီ ၂၁ရက်က သတင်းဖော်ပြသည်။

သဘောတူညီ

ဝန်ကြီးချုပ်ဟောင်း နဝပ်ရှရစ်ဖ်၏ပါတီသည် အတိုက်အခံခေါင်းဆောင် ဘာနာဇီယာဘူတို၏ ပါတီနှင့် ညွန့်ပေါင်းအစိုးရဖွဲ့စည်းရန် သဘောတူထားကြောင်း ပြောကြားသည်။

နဝပ်ရှရစ်ဖ်သည် ပီပီပီပါတီခေါင်းဆောင်သစ် အဆီဇာဒါရီနှင့် ဆွေးနွေးခဲ့ကြောင်း အင်တာနက်သတင်းတွင် ဖော်ပြသည်။ **(အင်တာနက်)**

စင်ကာပူလေကြောင်းပြပွဲ ၂၀၀၈၌ အင်ဒိုနီးရှားနိုင်ငံမှ ဝယ်ယူမည့် ဘိုးရင်းလေယာဉ်သစ် ပုံစံငယ် ပြသထားသည်ကို ဤသို့ တွေ့ရသည်။ (အင်တာနက်ဓာတ်ပုံ)

အင်ဒိုနီးရှားလေကြောင်း ကုမ္ပဏီနှစ်ခု စင်ကာပူလေကြောင်းပြပွဲ၌ ဘိုးရင်းလေယာဉ်များဝယ်ယူ

ဂျကာတာ ဖေဖော်ဝါရီ ၂၂

အင်ဒိုနီးရှားနိုင်ငံ၏ ထင်ရှားကျော်ကြားသည့် လေကြောင်းလိုင်းနှစ်ခုသည် စင်ကာပူလေကြောင်းပြပွဲ၌ အမေရိကန်ဒေါ်လာ ၆ဒသမ ၇ဘီလီယံဖိုးရှိ ဘိုးရင်းလေယာဉ်သစ်များ ဝယ်ယူခဲ့ကြောင်း ဒေသထုတ် သတင်းစာတစ်စောင်က ဖေဖော်ဝါရီ ၂၀ရက်တွင် ရေးသားဖော်ပြသည်။

နိုင်ငံပိုင် လေကြောင်းဖြစ်သည့် ဂါရုဒါအင်ဒိုနီးရှားသည် အမေရိကန်ဒေါ်လာ ၂ ဒသမ ၃ ဘီလီယံတန်ဖိုးရှိ ဘိုးရင်း ၇၇၇-၃၀၀ အီးအာလေယာဉ် ၁၀ စင်း ဝယ်ယူခဲ့သည်။ တန်ဖိုးနည်းလေကြောင်းလိုင်းဖြစ်သည့် လိုင်းယွန်အဲလေကြောင်းလိုင်းကလည်း အမေရိကန်ဒေါ်လာ ၄ ဒသမ ၄ ဘီလီယံတန်ဖိုးရှိ ဘိုးရင်းလေယာဉ် ၇၃၇-၉၀၀ အီးအာလေယာဉ် ၅၆ စင်းမှာ ဝယ်ယူထားပြီးဖြစ်ကြောင်း ဂျကာတာပို့စ်သတင်းစာက ရေးသားဖော်ပြသည်။

ဖော်ပြ

လေယာဉ်သစ်များ ဝယ်ယူလိုက်ပြီဖြစ်၍ မိမိတို့၏ ခရီးသည်များအတွက် ခရီးစဉ်သစ်များ တိုးချဲ့ပျံသန်းပေးနိုင်တော့မည်ဖြစ်ကြောင်း ဂါရုဒါလေကြောင်းလိုင်းဥက္ကဋ္ဌ အီမီယာရပ်ဆာတာက ပြောကြားသည်ကို သတင်းစာ၌ ကိုးကားဖော်ပြသည်။

ပြောကြား

ဘိုးရင်း ၇၇၇-၃၀၀ အီးအာလေယာဉ်အမျိုးအစားသည် ၁၅ နာရီကြာ မရပ်မနားပျံသန်းနိုင်ပြီး ခရီးသည်၃၆၅ဦး တင်ဆောင်နိုင်ကြောင်း၊ ခရီးဝေးလေကြောင်းများအတွက် အကောင်းဆုံးလေယာဉ်အမျိုးအစား ဖြစ်ကြောင်း အီမီယာရပ်က ပြောကြားသည်။

လိုင်းယွန်အဲလိုင်းသည် ဘိုးရင်းလေယာဉ်သစ် ၅၆ စင်း ဝယ်ယူလိုက်ပြီဖြစ်၍ ၎င်း၏လေယာဉ်အုပ်စုတွင် စုစုပေါင်းလေယာဉ် ၁၇၈ စင်းအထိ ရှိလာပြီဖြစ်ကြောင်း သိရသည်။

အမ်အင်န်အေ၊ဆင်ဟွာ

တရုတ်၌ စားသုံးဆီဖူလုံစေရန် ဆီမုန်ညင်းများ တိုးချဲ့စိုက်ပျိုး

ပေကျင်း ဖေဖော်ဝါရီ ၂၂

တရုတ်နိုင်ငံ၏ ယခုနှစ် မုန်ညင်းစေ့ထုတ်လုပ်မှုသည် နိုင်ငံတစ်ဝန်းဆီထွက်သီးနှံ စိုက်ခင်းများတိုးမြှင့် စိုက်ပျိုးလာသဖြင့် ၂၀၀၇ခုနှစ်က ထွက်ရှိသည့်စံချိန်ကို ပြည့်မီလိမ့်မည်ဖြစ်ကြောင်း တရုတ်အမျိုးသားဖွံ့ဖြိုးရေးနှင့် ပြုပြင်ပြောင်းလဲရေးကော်မရှင် (အင်န်ဒီအာရ်စီ)က ပြောကြားသည်။

ဇန်နဝါရီလလယ်က တရုတ်နိုင်ငံ၌ နှင်းမုန်တိုင်းကြောင့် စိုက်ခင်းများ ထိခိုက်မှု ရှိသော်လည်း ယခုနှစ်ဆောင်းရာသီတွင် ဆီမုန်ညင်း ဟက်တာ ၇၀၀၀၀၀အထိ စိုက်ပျိုးထားသည်။ နွေရာသီတွင်လည်း ဟက်တာ ၁၃၃၀၀၀အထိ တိုးချဲ့စိုက်ပျိုးထား၍ ဆီမုန်ညင်းစေ့ တန်ချိန် ၇၀၀၀၀အထိ ထွက်ရှိနိုင်ရန် ခန့်မှန်းထားသည်ဟု ဆိုသည်။

ကျဆင်းနိုင်

တရုတ်နိုင်ငံ ဆီမုန်ညင်း**(အပေါ်ပုံ)** ဟက်တာ ၃ဒသမ ၂၆သန်းခန့် စိုက်ပျိုးထားရာ မကြာသေးမီက နှင်းမုန်တိုင်းကြောင့် ဆီမုန်ညင်း ဟက်တာ ၄၀၈၀၀၀ အထွက်နှုန်း ကျဆင်းနိုင်သည်ဟု ဆိုသည်။

တိုးမြှင့်စိုက်ပျိုး

တရုတ်နိုင်ငံ၌ စားသုံးဆီဖူလုံစေရေးအတွက် ယခုနှစ်တွင် ဦးစားပေးသီးနှံအဖြစ် ဆီမုန်ညင်းစိုက်ခင်းများ တိုးမြှင့်စိုက်ပျိုးလျက် ရှိသည်။

အမ်အင်န်အေ၊ဆင်ဟွာ

အရှေ့တီမောသမ္မတ ရာမိုစ်ဟော်တာ ကျန်းမာရေးအခြေအနေတိုးတက်လာ



ဒီလီ ဖေဖော်ဝါရီ ၂၂

အရှေ့တီမောသမ္မတ ဟိုဆေးရာ မိုစ်ဟော်တာ(အပေါ်ပုံ)**သည် တိုက်ခိုက်ခံရသည့်ဒဏ်ရာ ပြင်းထန်စွာရရှိခဲ့ပြီးနောက် ၁၀ ရက်ကြာ သတိပြန်လည်ရရှိလာပြီဖြစ်ကြောင်း အင်တာနက်သတင်းတွင် ဖော်ပြသည်။**

ဟိုဆေးရာမိုစ်ဟော်တာသည် သတိပြန်လည်ရရှိလာပြီး ၎င်း၏မိသားစုနှင့် စကားစတင်ပြောကြားနေကြောင်း ရာမိုစ်အား ကုသပေးသည့် ဆရာဝန်များက ပြောကြားသည်။

တိုက်ခိုက်ခဲ့

သမ္မတ ရာမိုစ်ဟော်တာအား မြို့တော်ဒီလီရှိနေအိမ်၌ သူပုန်များက သေနတ်ဖြင့် ပစ်ခတ် တိုက်ခိုက်ခဲ့သည်။

ကုသမှု

ဒဏ်ရာပြင်းထန်စွာ ရရှိသွား၍ ဩစတြေးလျနိုင်ငံရှိ ဆေးရုံတစ်ရုံသို့ လေယာဉ်ဖြင့် သွားရောက်ကာ ဆေးကုသမှု ခံယူလျက်ရှိသည်။

ရှာဖွေနေ

သူပုန်များနှင့် ဩစတြေးလျဦးဆောင်သောတပ်များ အပြင်းအထန်တိုက်ပွဲဖြစ်ပွားခဲ့ရာ သူပုန်ခေါင်းဆောင် အဲဖရက်ဒိုရီနာဒို သေဆုံးသွားပြီး ၎င်း၏နောက်လိုက်များကို ဆက်လက် ရှာဖွေနေသည်ဟု ဆိုသည်။ **(အင်တာနက်)**

ဆိုမာလီယာနိုင်ငံ မိုဂါဒစ်ရှူး၌ တိုက်ပွဲများ ပြင်းထန်စွာဖြစ်ပွား

မိုဂါဒစ်ရှူး ဖေဖော်ဝါရီ ၂၂

ဆိုမာလီယာနိုင်ငံ၏ မြို့တော်မိုဂါဒစ်ရှူးရှိ ဘာကာရာဈေးကြီး၌ ဆိုမာလီယာအစိုးရတပ်များနှင့် အကြမ်းဖက် တိုက်ခိုက်ရေးသမားများ တိုက်ပွဲပြင်းထန်စွာဖြစ်ပွားခဲ့ရာ ၁၂ ဦးသေဆုံးပြီး ၄၅ ဦး ဒဏ်ရာရရှိသွားကြောင်း မျက်မြင်တွေ့ရှိသူများက ဖေဖော်ဝါရီ ၁၉ ရက်တွင် ပြောကြားသည်။

ဖြစ်ပွားခဲ့

အဆိုပါ သေဆုံးသူများနှင့် ဒဏ်ရာရသူများ အားလုံးသည် ဘာကာရာဈေးကြီးအနီးဝန်းကျင်၌ ဖြစ်ပွားခဲ့သော တိုက်ပွဲတွင် ထိခိုက်ခဲ့ခြင်း ဖြစ်ကြောင်း ဒေါက်တာ ဒါဟီဟာမိုဟာမက်က ပြောကြားသည်။

ပြောကြား

ယင်းတိုက်ပွဲ ဖြစ်ပွားမှုသည် ဖေဖော်ဝါရီ ၁၈ရက်မှ ၁၉ရက် နံနက်ပိုင်းအထိ ဖြစ်ပွားခဲ့ခြင်းဖြစ်ကြောင်း အစိုးရတာဝန်ရှိသူများက ပြောကြားသည်။

ဝင်ရောက်ရှာဖွေ

ဈေးရောင်းဈေးဝယ်များသည် ဈေးအတွင်းသို့ ပြန်ဝင်သွားခဲ့ပြီးနောက် အစိုးရတပ်များက ဝင်ရောက်ရှာဖွေစဉ် တိုက်ပွဲမှာ ပြင်းထန်စွာ ဖြစ်ပွားခဲ့ခြင်း ဖြစ်သည်။

အမ်အင်န်အေ၊ဆင်ဟွာ

ကိုလံဘီယာနိုင်ငံ မန်ဂန်ကျူပြည်နယ်အတွင်း ဖေဖော်ဝါရီ ၂၀ ရက်က ဖြတ်သန်းမောင်းနှင်လာသော ကုန်တင်သင်္ဘောပေါ်မှ ကိုလံဘီယာရေတပ်က ဖမ်းမိခဲ့သည့် တရားမဝင် သယ်ဆောင်လာသည့် လိပ်ကောင်ရေ ၃၅၀၀ ကို ဤသို့ တွေ့ရသည်။
(အင်တာနက်ဓာတ်ပုံ)



ပြည်ပသတင်းနောက်ဆုံးဖြစ်ရပ်များ

၂၂-၂-၂၀၀၈

အမေရိကန်၌ ရေနံစိမ်းဈေးနှုန်းမြင့်တက်

အမေရိကန် ရေနံဈေးကွက်၌ ရေနံစိမ်းတစ်စည်လျှင် အမေရိကန်ဒေါ်လာ ၁၀၁ ဒသမ ၃၂ ဒေါ်လာအထိ မြင့်တက်ခဲ့ကြောင်း အိုပက်အဖွဲ့ အရာရှိများက ပြောကြားသည်။

ရေနံစိမ်းဈေးနှုန်းမှာ လာမည့်သီတင်းပတ်၌ တက်ရိပ်ရှိ နေဆဲဖြစ်ကြောင်း အိုပက်အဖွဲ့က ဆက်လက်ပြောကြားသည်။

အာရပ်အဖွဲ့ချုပ် အတွင်းရေးမှူးချုပ် လက်ဘနွန်ရောက်ရှိ

အာရပ်အဖွဲ့ချုပ်(အေအယ်) အတွင်းရေးမှူးချုပ် အမာမူဆာသည် လက်ဘနွန် အကျပ်အတည်းနှင့် ပတ်သက်ပြီး ဆွေးနွေးရန် လက်ဘနွန်နိုင်ငံသို့ ရောက်ရှိနေကြောင်း လက်ဘနွန်အရာရှိများက ပြောကြားသည်။

လက်ဘနွန် အကျပ်အတည်းကို အာရပ်ခေါင်းဆောင်များအပြင် ကမ္ဘာ့အသိုင်းအဝိုင်းကလည်း ဝိုင်းဝန်းဖြေရှင်းကြရန် အမာမူဆာက တိုက်တွန်းလိုက်သည်။

ဂျော်ဒန်နှင့်ကနေဒါ လွတ်လပ်စွာ ကုန်သွယ်မည်

ဂျော်ဒန်နှင့်ကနေဒါ နှစ်နိုင်ငံတို့အနေဖြင့် လွတ်လပ်စွာကုန်သွယ်ရေး သဘောတူညီမှုတစ်ရပ်ရရှိရန် ဆွေးနွေးမှုများ ပြုလုပ်မည်ဖြစ်ကြောင်း ဂျော်ဒန်အရာရှိများက ပြောကြားသည်။

နှစ်နိုင်ငံမှ အဆင့်မြင့် ကိုယ်စားလှယ်များအနေဖြင့် လာမည့်ဧပြီတွင် ပွင့်လင်းစွာ တွေ့ဆုံဆွေးနွေးကြမည်ဖြစ်ကြောင်း ၎င်းတို့က ပြောကြားသည်။

နေတိုးတပ်များဖြန့်ချရန် စီစဉ်မှုလက်မခံ

အနောက်ဘက်ကမ်းမြောင်ဒေသ၌ နေတိုးတပ်ဖွဲ့များ ဖြန့်ချရန် စီစဉ်နေမှုကို ပါလက်စတိုင်းရှိ ဂျီဟတ်လက်နက်ကိုင်အဖွဲ့က ပယ်ချလိုက်သည်။

အစ္စရေးတပ်ဖွဲ့ဝင်များ အနောက်ဘက်ကမ်းမှ ရုပ်သိမ်းသွားသည့်နေရာ၌ နေတိုးတပ်ဖွဲ့ဝင်များ ဖြန့်ချမှုမှာ ပုံစံသစ်ဖြင့် ပြည်ပတပ်များက သိမ်းပိုက်ခြင်းတစ်ရပ် ဖြစ်ခြင်းကြောင့် မိမိလက်ခံမည်မဟုတ်ကြောင်း ဂျီဟတ်အဖွဲ့က ပြောကြားသည်။

ယူအေအီးမှ ပေကျင်းသို့ လေကြောင်းခရီးစဉ်ပျံသန်းမည်

အာရပ်စော်ဘွားများပြည်ထောင်စု (ယူအေအီး)မှ တရုတ်နိုင်ငံ ပေကျင်းမြို့သို့ လေကြောင်းခရီးစဉ်သစ် ပြေးဆွဲမှုကို စတင်မည်ဖြစ်သည်။

အဆိုပါ လေကြောင်းခရီးစဉ်သစ်သည် သီတင်းတစ်ပတ်လျှင် လေးကြိမ် ပျံသန်းမည်ဖြစ်ပြီး စတင်ပျံသန်းမှုကို လာမည့်မတ် ၃၁ ရက်၌ စတင်မည်ဖြစ်သည်။

မလေးရှား၌ ပြည်ပရင်းနှီးမြှုပ်နှံမှုတိုးတက်

မလေးရှားနိုင်ငံသည် ပြီးခဲ့သည့်နှစ်က နိုင်ငံခြားမှ တိုးတက်ရင်းနှီးမြှုပ်နှံမှု ၃၀ရာခိုင်နှုန်း တိုးတက်ခဲ့ရာ ငွေကြေးပမာဏ အမေရိကန်ဒေါ်လာ ၁၈ဒသမ ၆ ဘီလီယံအထိရှိခဲ့ကြောင်း မလေးရှားအရာရှိများက ပြောကြားသည်။

အဆိုပါ ငွေကြေးပမာဏမှာ မလေးရှားနိုင်ငံ၏ ရင်းနှီးမြှုပ်နှံမှု တိုးတက်ဖွံ့ဖြိုးစေရန်အတွက် အထောက်အကူပြုမည်ဖြစ်သည်။

လက်ဘနွန်ရှိ ကူဝိတ်သံရုံး ဗုံးခွဲမည်ဟုခြိမ်းခြောက်

လက်ဘနွန်နိုင်ငံ ဘေရွတ်မြို့ရှိ ကူဝိတ်သံရုံးသို့ စိန်ပြောင်းကျည်နှစ်စင်းဖြင့် ပစ်ခတ်တိုက်ခိုက်မည်ဟု ခြိမ်းခြောက်မှုတစ်ရပ်ကြောင့် သံရုံးဝန်ထမ်းများအား အရေးပေါ်ရွှေ့ပြောင်းပေးခဲ့ရကြောင်း ဘေရွတ်မြို့ရဲတပ်ဖွဲ့က ပြောကြားသည်။

ထို့အပြင် အဆိုပါသံရုံးအား ဗုံးခွဲတိုက်ခိုက်မည်ဟု ခြိမ်းခြောက်မှုတစ်ရပ်ကို ထပ်မံရရှိခဲ့သဖြင့် လုံခြုံရေးတိုးမြှင့်ချထားခဲ့ရသည်။

ထူးခြားဖြစ်စဉ် ကမ္ဘာတစ်ခွင်

❒ **အမေရိကန်နိုင်ငံ ဖလော်ရီဒါပြည်နယ်အနီး မက္ကဆီကို ပင်လယ်ကွေ့၌ ဖေဖော်ဝါရီ ၂၁ရက်က အမေရိကန် အက်ဖ်-၁၅ တိုက်လေယာဉ်နှစ်စင်းတိုက်မိပြီး ပျက်ကျခဲ့ရာ လေယာဉ်မှူးတစ်ဦး သေဆုံးခဲ့သည်။**

■ တရုတ်နိုင်ငံ ကျိကျင်းပြည်နယ် အရှေ့ပိုင်း ဒွန်ယန်မြို့ပြင်တွင် ဖေဖော်ဝါရီ ၂၁ရက်က အရှည် ၁၅မီတာ၊ အမြင့် ငါးမီတာရှိသော ဒိုင်နိုဆော မျိုးစိတ်သစ်အရိုးစုတစ်ခုကို သုတေသနပညာရှင်များက တွေ့ရှိခဲ့သည်။

❒ **အိန္ဒိယနိုင်ငံ အရှေ့ပိုင်းမြစ်တစ်ခုအတွင်း ဖေဖော်ဝါရီ ၂၁ရက်က မြွေတစ်ကောင်၏ ဦးခေါင်းပုံသဏ္ဌာန်နှင့် ထူးဆန်းသော ငါးတစ်ကောင်ကို ငါးဖမ်းသမားများက တွေ့ရှိခဲ့ကြသည်။** (အောက်ပုံ)



■ ဂရိနိုင်ငံ အေသင်မြို့ အနောက်တောင်ဘက် ၁၂၅မိုင်ခန့်အကွာ၌ ဖေဖော်ဝါရီ ၂၁ရက်က အင်အားရစ်ချ်တာစကေး ၆ဒသမ၁ရှိ အင်အားပြင်း ငလျင်လှုပ်ခဲ့ရာ ကာလာမာတာမြို့၌ အဆောက်အအုံများ ယိမ်းထိုးလှုပ်ခါခဲ့သည်။

❒ **ဘင်္ဂလားဒေ့ရှ်နိုင်ငံ ဘာဇာခရိုင်၌ ဖေဖော်ဝါရီ၂၁ ရက်က ဘတ်စ်ကားတစ်စီး အရှိန်မထိန်းနိုင်ဘဲ လမ်းဘေးထိုးကျခဲ့သဖြင့် ၁၄ဦးသေဆုံးပြီး ၁၅ဦး ဒဏ်ရာရရှိခဲ့သည်။**

■ နော်ဝေနိုင်ငံ အော်စလိုမြို့၌ ဖေဖော်ဝါရီ ၂၁ရက်က လေးထပ်အဆောက်အအုံတစ်ခု မီးလောင်မှုဖြစ်ပွားခဲ့ရာ လေးဦးဒဏ်ရာရရှိခဲ့သည်။

❒ **ဘရာဇီးနိုင်ငံ ဘရာဆီးလီးယားမြို့၌ ဖေဖော်ဝါရီ ၂၁ရက်က မိုးသည်းထန်စွာ ရွာသွန်းပြီး ရေလွှမ်းမှု ဖြစ်ပွားခဲ့ရာ တည်ဆောက်ရေးလုပ်ငန်းများ ရပ်ဆိုင်းသွားသည်။**

မော်ရိုကိုဘုရင့်နိုင်ငံ

သတင်းအက်ဆေး

မော်ရိုကို ဘုရင့်နိုင်ငံသည် အာဖရိကတိုက် အနောက်မြောက်ကမ်းခြေတွင် တည်ရှိသည်။ မက်ရက်ဘ်ခေါ် မြောက်ပိုင်းအာဖရိကနိုင်ငံများအနက် အနောက်ဘက်ဆုံးရှိ နိုင်ငံဖြစ်သည်။

မော်ရိုကို ဘုရင့်နိုင်ငံမှာ အတွင်းပိုင်း၌ ကျောက်ဆောင် ကျောက်ကမ်းပါး ပေါများသည့် တောင်များရှိသော်လည်း အတ္တလန္တိတ်နှင့်မြေထဲပင်လယ် ကမ်းရိုးတန်းတို့ကြောင့် အချက်အချာကျသည့် နိုင်ငံဖြစ်သည်။ တစ်နည်းဆိုရလျှင် အာဖရိကတိုက်သားများအတွက် ဥရောပ ဝင်ပေါက်တစ်ခုဖြစ်သည်။

ဘုန်းမီးနေလ အတောက်ပဆုံးအချိန်

မော်ရိုကိုသို့ ခုနစ်ရာစုတွင် အာရပ်များ ကျူးကျော်ဝင်ရောက်လာသည်။ ၁၀ရာစုနှင့် ၁၇ရာစုနှစ်များအတွင်းက အယ်မိုရာဗစ် လှုပ်ရှားမှုအဖွဲ့ အပါအဝင် ဘာသာရေးလှုပ်ရှားမှုအဖွဲ့များနှင့် မင်းဆက်များသည် ပေါ်လာလိုက် ပျောက်သွားလိုက်ဖြစ်သည်။ အယ်မိုရာဗစ် လှုပ်ရှားမှုအဖွဲ့၊ ဘုန်းမီးနေလ အတောက်ပဆုံးအချိန်က မော်ရိုကိုသာမက မျက်မှောက်ခေတ် အယ်လ်ဂျီးရီးယားနှင့် စပိန်ပိုင် နယ်အချို့ကိုပင် လက်အောက်ခံအဖြစ် သွတ်သွင်းနိုင်ခဲ့သည်။

၁၈၆၀ပြည့်နှစ်တွင် စီတာ သီးခြားနယ်မြေနှင့်ပတ်သက်၍ စပိန်နှင့် အငြင်းပွားသည်။ စပိန်က စစ်ကြေညာ တိုက်ခိုက်ပြီးနောက် အခြားနယ်အချို့ပါ သိမ်းပိုက်သည်။ ၁၈၈၄ခုနှစ်တွင် မော်ရိုကို၏ ကမ်းရိုးတန်းဒေသများကို အစောင့်အရှောက်ခံနိုင်ငံအဖြစ် အုပ်ချုပ်သည်။ ၁၉၀၄ ခုနှစ်တွင် ပြင်သစ်နှင့် စပိန်တို့ သြဇာအာဏာနယ်ပယ်များ အပြိုင်ထူထောင်ကြသည်။

အထွေထွေရွေးကောက်ပွဲ

၁၉၁၂ခုနှစ်တွင် ဖက်ဇ်သဘောတူညီချက်အရ မော်ရိုကိုသည် ပြင်သစ် အစောင့်အရှောက်ခံနိုင်ငံဖြစ်လာသည်။ စပိန်က ကမ်းရိုးတန်း အစောင့်အရှောက်ခံနိုင်ငံတွင် ဆက်လက်စီမံခန့်ခွဲနေသည်။ မော်ရိုကိုစော်ဘွားမှာ ပြယုဂ်သက်သက်မျှသာရှိသည်။ ၁၉၂၁ခုနှစ်တွင် ရစ်ဖ်တောင်တန်းများ၌ လူမျိုးစုသူပုန်ထသောအခါ ပြင်သစ်နှင့်စပိန်တပ်များက နှိမ်နင်းသည်။ ၁၉၄၃ခုနှစ်တွင် လွတ်လပ်ရေး တိုက်ပွဲအတွက် လွတ်လပ်ရေးပါတီ(အစ္စတစ်လား)ကို ထူထောင်သည်။

၁၉၅၆ခုနှစ် မတ်လတွင် ပြင်သစ် အစောင့်အရှောက်ခံနိုင်ငံ ဘဝမှ လွတ်မြောက်သည်။ စပိန်ကမူ ကမ်းရိုးတန်းနယ်မြေနှစ်ခုကို ထိန်းထားဆဲဖြစ်သည်။ စော်ဘွား မိုဟာမက်သည် ၁၉၅၇ခုနှစ်တွင် မော်ရိုကိုဘုရင် ဖြစ်လာသည်။ ၁၉၆၁ခုနှစ် ဘုရင်မိုဟာမက် ကွယ်လွန်သောအခါ ဘုရင်ဟက်ဆန်က အာဏာ ရလာသည်။ ၁၉၆၃ခုနှစ်တွင် ပထမဆုံးအထွေထွေရွေးကောက်ပွဲ ကျင်းပသည်။

၁၉၇၁ခုနှစ်တွင် ဘုရင်ကိုဖြုတ်ချပြီး သမ္မတနိုင်ငံထူထောင်ရေး ကြိုးပမ်းမှုမှာ မအောင်မြင်ခဲ့။ ၁၉၇၃ခုနှစ်တွင် စပိန်ထိန်းချုပ်ထားသည့် မော်ရိုကိုတောင်ပိုင်းနယ်မြေဖြစ်သည့် စပိန်ဆဟာရ၌ လွတ်လပ်သည့်နိုင်ငံထူထောင် ရေးရည်ရွယ်ချက်ဖြင့် ပိုလီဆာရီယိုလှုပ်ရှားမှုအဖွဲ့ကို ထူထောင်သည်။ ထိုအဖွဲ့ကို အယ်လ်ဂျီးရီးယားနိုင်ငံက ထောက်ခံသည်။

ပူးတွဲအုပ်ချုပ်မှု

၁၉၇၅ခုနှစ် ဒီဇင်ဘာတွင် စပိန်နိုင်ငံက ဆဟာရမှထွက်ခွာရန် သဘောတူသည်။ မကြာမီ အနောက်ဆဟာရဖြစ်လာသည်။ ထို့ပြင် မော်ရိုကိုနှင့် မော်ရီတေးနီးမား ပူးတွဲအုပ်ချုပ်မှုအောက် သွတ်သွင်းလိုက်သည်။ အယ်လ်ဂျီးရီးယားက ကန့်ကွက်သည်။ မော်ရိုကိုတပ်များ ဝင်ရောက်သိမ်းပိုက်သည်။ ၁၉၇၆ခုနှစ်တွင် အနောက်ဆဟာရ၌ မော်ရိုကိုတပ်များနှင့် အယ်လ်ဂျီးရီးယားတပ်များ တိုက်ကြသည်။ မော်ရိုကိုနှင့် မော်ရီတေးနီးယားတို့က အနောက်ဆဟာရကို ခွဲဝေ ယူလိုက်သည်။ မော်ရိုကိုစစ်တပ်နှင့် ပိုလီဆာရီယိုအဖွဲ့ဝင်များ ဆက်လက်တိုက်ပွဲဖြစ်နေကြသည်။ အယ်လ်ဂျီးရီးယားက အနောက်ဆဟာရကို ဆဟာရ အာရပ် ဒီမိုကရက်တစ်သမ္မတနိုင်ငံ (အက်စ်အေဒီအာရ်)အဖြစ် ကြေညာပြီး အစိုးရကို ပြည်ပ၌ ဖွဲ့စည်းလိုက်သည်။

၁၉၈၄ခုနှစ်တွင် အက်စ်အေဒီအာရ်ကို အာဖရိကသမဂ္ဂ(အေယူ)က အဖွဲ့ဝင်နိုင်ငံအဖြစ် လက်ခံလိုက်သောအခါ မော်ရိုကိုနိုင်ငံက အေယူမှ နုတ်ထွက်လိုက်သည်။

၁၉၉၁ခုနှစ်တွင် အနောက်ဆဟာရ၌ ကုလသမဂ္ဂကြီးမှူးသည့် အပစ်အခတ်ရပ်စဲမှုစတင်သည်။ သို့သော် ထိုဒေသ၏ အနေအထားနှင့်ပတ်သက်၍ ဆုံးဖြတ်မပေးနိုင်ခဲ့။ အပစ်အခတ်ရပ်စဲမှု ချိုးဖောက်ခြင်းများ ရှိသည်ဟု ဆိုသည်။

ပထမဆုံးအစိုးရ

၁၉၉၈ခုနှစ်တွင် မော်ရိုကို၌ အတိုက်အခံများဦးစီးသည့် ပထမဆုံးအစိုးရ အာဏာရလာသည်။ ၁၉၉၉ခုနှစ်တွင် ဘုရင်ဟူစိန်၏ အရိုက်အရာကို သားတော် မိုဟာမက်က ဆက်ခံသည်။

မော်ရိုကိုဘုရင် မိုဟာမက်သည် နိုင်ငံရေးနှင့် စီးပွားရေး ပြုပြင်ပြောင်းလဲမှုကို စတင်သည်။ သူ့ခမည်းတော် လက်ထက်က လူ့အခွင့်အရေး ချိုးဖောက်မှုများကို စုံစမ်းစစ်ဆေးစေသည်။

နိုင်ငံအတွင်း ဆင်းရဲမွဲတေမှု တိုက်ဖျက်ရေးမှာ သူ၏ ဦးစားပေးသည့် လုပ်ငန်းဖြစ်သည်ဟု ဘုရင်မိုဟာမက်က ကြေညာသည်။ စီးပွားရေးတွင် စည်းမျဉ်းစည်းကမ်းများ လျှော့ပေါ့ပေးခြင်းဖြင့် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများ ရောက်ရှိလာသည်။ ထို့ပြင် အမျိုးသမီးအခွင့်အရေးဆိုင်ရာ ဥပဒေကိုလည်း ပိုမိုခေတ်မီအောင် ပြုပြင်ပေးသည်။

အကြမ်းဖက်မှု တိုက်ဖျက်

၂၀၀၃ခုနှစ်တွင် မော်ရိုကိုဘုရင့်နိုင်ငံ၌ အကြီးဆုံးမြို့ဖြစ်သည့် ကာဆာဘလန်ကာမြို့အတွင်း ဗုံးခွဲတိုက်ခိုက်မှုများကြောင့် အကြမ်းဖက်မှု တိုက်ဖျက်ရေး ဥပဒေကို အမြန်ပြဋ္ဌာန်းစေခဲ့သည်။

အနောက်ဆဟာရအရေး မဖြေရှင်းရသေးခြင်း၊ စီတာနှင့် ဟယ်လီလာ သီးခြားနယ်မြေနှစ်ခုအပေါ် စပိန်က ဆက်လက်အုပ်စိုးထားခြင်းစသည့် ပြဿနာများ ရှိစေကာမူ ယဉ်ကျေးမှုအစဉ်အလာကြီးမားသည့် မော်ရိုကို ဘုရင့်နိုင်ငံသည် ရာစုနှစ်များနှင့်ချီ၍ ရပ်တည်နိုင်ခဲ့သလို အနာဂတ်တွင်လည်း လွတ်လပ်စွာ ဖွံ့ဖြိုးတိုးတက်လာနိုင်သည့် နိုင်ငံဖြစ်ပေသည်။ ။

တိုး-ရေးသားသည်

ဘဝဒဿန အမြင်

■ **Anger has no eyes.**

မျက်စိမရှိသောအရာကား ဒေါသပင်။

အရစ္စတိုတယ်လ် (ဂရိအတွေးအခေါ်ပညာရှင်)

■ **Anger is a brief madness.**

ဒေါသထွက်ခြင်းသည် ခေတ္တမျှ ရူးသွပ်သွားခြင်းပင် ဖြစ်သည်။

ဘာဖရန်စစ်ဘေကွန် (စာရေးဆရာနှင့်အတွေးအခေါ်ပညာရှင်)

နိုင်ငံတော်သစ်တည်ဆောက်ရေးလုပ်ငန်းစဉ်များကို ထိပါးနှောင့်ယှက်နိုင်သည့် အဖျက်လုပ်ရပ်မှန်သမျှ မပြတ်သောသတိ၊ ကြံ့ခိုင်သောစိတ်ဓာတ်၊ စွန့်လွှတ်စွန့်စားသောသတ္တိတို့ဖြင့် ကာကွယ်တားဆီး အနာဂတ်နိုင်ငံတော်သစ်ကြီးပေါ်ထွန်းလာရေး ပြည်သူတစ်ရပ်လုံးနှင့်လက်တွဲ ဝိုင်းဝန်းဆောင်ရွက်

အမှာစကားပြောကြား

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အထွေထွေ အတွင်းရေးမှူး ဦးဌေးဦး ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အခြေခံ သတင်းစာပညာ သင်တန်း အမှတ်စဉ်(၁၁) ဆင်းပွဲတွင် အမှာစကားပြောကြားစဉ်။

(သတင်းစဉ်)

ရန်ကုန် ဖေဖော်ဝါရီ ၂၂

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း အခြေခံသတင်းစာပညာသင်တန်းအမှတ်စဉ်(၁၁)ဆင်းပွဲ အခမ်းအနားကို ယနေ့နံနက် ၈နာရီတွင် ရန်ကုန်တိုင်း မှော်ဘီမြို့နယ် ညောင်နှစ်ပင်စခန်းရှိ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း သင်တန်းကျောင်း ပြည်ထောင်စုခန်းမ၌ ကျင်းပသည်။

မူဝါဒလမ်းစဉ်

ရှေးဦးစွာ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း အထွေထွေ အတွင်းရေးမှူး ဦးဌေးဦးက အမှာစကားပြောကြားရာတွင် မျက်မှောက်ကာလသည် ပြည်သူများ လိုလားတောင့်တနေကြသည့် အေးချမ်းသာယာမှုရှိသော၊ ခေတ်မီဖွံ့ဖြိုးတိုးတက်မှုရှိသော နိုင်ငံတော်သစ်ကြီး ပေါ်ထွန်းလာစေရေးအတွက် ချမှတ်ထားသည့် မူဝါဒလမ်းစဉ်များအတိုင်း တစ်ဆင့်ပြီးတစ်ဆင့် ကြိုးပမ်းအကောင်အထည်ဖော် ဆောင်ရွက်နေသောကာလ ဖြစ်ကြောင်း။

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းကြီးကို နိုင်ငံတော်သစ်တည်ဆောက်ရေး လုပ်ငန်းစဉ်ကြီး၌ ထိရောက်စွာ ဝိုင်းဝန်းပါဝင်ဆောင်ရွက်နိုင်စေရန် ရည်မှန်းဖွဲ့စည်းခဲ့ခြင်းဖြစ်သည့်အတိုင်း အသင်းဝင်များအနေဖြင့် ဒေသတိုင်း၊ ကဏ္ဍတိုင်းတွင် တက်ကြွစွာ ပါဝင် ဆောင်ရွက်နေကြပြီဖြစ်ကြောင်း၊ ပြည်သူတစ်ရပ်လုံး ပါဝင်ဆောင်ရွက်လာစေရန်ကိုလည်း စည်းရုံးရေးနည်းလမ်းအားဖြင့် အထောက်အကူပြုနေပြီဖြစ်ကြောင်း။

တစ်ဆင့်ပြီးတစ်ဆင့်

နိုင်ငံတော်သစ် တည်ဆောက်ရေးလုပ်ငန်းစဉ်ကြီးသည် အတိတ်၊ ပစ္စုပ္ပန်၊ အနာဂတ် ကာလသုံးပါး ဆက်စပ်ဖြစ်ပေါ်နေသည့် ပကတိအခြေအနေများအပေါ် ရည်မှန်းချက်ကို မျက်ခြည်မပြတ်ဘဲ မှန်ကန်ခိုင်မာသောမူ၊ လက်တွေ့ကျသည့်လမ်းစဉ်၊ စေတနာပါသော အကောင်အထည်ဖော်မှု၊ မှန်ကန်သည့် ဦးဆောင်မှုများဖြင့် စဉ်ဆက်မပြတ်ကြိုးပမ်းဆောင်ရွက်ကြရသော လုပ်ငန်းစဉ်ကြီးဖြစ်ကြောင်း၊ ဝါဒစွဲ၊ ဆန္ဒစွဲ၊အတ္တစွဲ၊ပုဂ္ဂိုလ်စွဲ၊ ဂိုဏ်းဂဏစွဲများကင်းပြီး နိုင်ငံတော်နှင့် နိုင်ငံသားများအကျိုးအတွက် မွန်မြတ်ဖြူစင်သော အမျိုးသားရေး အသိစိတ်ဓာတ်ဖြင့် ဆောင်ရွက်ကြရမည် ဖြစ်ကြောင်း၊ ဖြစ်လိုမှု၊ ဖြစ်ချင်မှု ဆန္ဒအလိုကိုမလိုက်ဘဲ ပကတိအခြေအနေအရ ဖြစ်သင့်သည့်အပိုင်းကစပြီး တစ်ဆင့်ပြီးတစ်ဆင့် ကြိုးပမ်းကြရခြင်းဖြစ်ကြောင်း။

နိုင်ငံတော်က ချမှတ်ခံယူကျင့်သုံးနေသည့် ဒို့တာဝန်အရေးသုံးပါးသည် နိုင်ငံတော်၏ ပကတိအရှိတရားအရ မည်သူကမျှ မငြင်းနိုင်သော အမျိုးသားရေးမူဝါဒဖြစ်ကြောင်း၊ ချမှတ်ထားသည့် နိုင်ငံရေးနည်းလမ်း၊ စီးပွားရေးနည်းလမ်း၊ လူမှုရေးနည်းလမ်း(၁၂)ရပ်သည်လည်း ပကတိအခြေအနေများနှင့် ကိုက်ညီမှုရှိသော လက်တွေ့ကျသည့် နည်းလမ်းများသာဖြစ်ကြောင်း။

ရည်မှန်းချက်ပန်းတိုင်

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်းကြီးအနေဖြင့် နိုင်ငံတော်သစ်ကြီး ပေါ်ထွန်းလာစေရေးအတွက် စစ်မှန်သည့်မျိုးချစ်စိတ်ဓာတ်အပေါ် အခြေပြုထားသော **“ဒို့တာဝန်အရေးသုံးပါး”**ကို အမျိုးသားရေးမူဝါဒအဖြစ် ခံယူပြီး ချမှတ်ထားသည့် နိုင်ငံရေးနည်းလမ်း၊ စီးပွားရေးနည်းလမ်း၊ လူမှုရေး နည်းလမ်းများအတိုင်း အကောင်အထည်ဖော်ခြင်းဖြင့်သာ ရည်မှန်းချက်ပန်းတိုင်ကို အောင်မြင်စွာ အကောင်အထည်ဖော်ဆောင်ရွက်နိုင်မည်ဟု ပြတ်သားစွာ ယုံကြည်ခံယူထားပြီးဖြစ်ကြောင်း။

နိုင်ငံတော်၏ အမျိုးသားရေးမူဝါဒ လမ်းစဉ်များနှင့်အညီ အသင်းကြီးအနေဖြင့် တိကျသော ရည်မှန်းချက်ပန်းတိုင်၊ ခံယူကျင့်သုံးရမည့် အခြေခံမူဝါဒ၊ လက်တွေ့အကောင်အထည်ဖော်ရမည့် လုပ်ငန်းစဉ်များကိုလည်း ခိုင်မာစွာချမှတ်အကောင်အထည်ဖော်လျက်ရှိကြောင်း၊ ပြည်သူများ၏ အကျိုးအတွက် ဦးတည်ချမှတ်ထားသော ရှေ့လုပ်ငန်းစဉ်များအတိုင်း ၁၄ နှစ်ကြာ သက်တမ်းအတွင်း နိုင်ငံတော်၏ ဒေသအသီးသီး၌ တတ်စွမ်းသရွေ့ အောင်မြင်စွာ အကောင်အထည်ဖော် ဆောင်ရွက်နိုင်ခဲ့ကြသည့်အတွက် ထိုက်သင့်သော ဖွံ့ဖြိုးတိုးတက်မှုများကိုလည်း ရရှိခဲ့ကြပြီးဖြစ်ကြောင်း၊ ပြည်သူများ အမှန်တကယ် အကျိုးရှိစေမည့် လုပ်ငန်းများ ဖြစ်သည့်အတွက် ပြည်သူများ၏ ပူးပေါင်းဆောင်ရွက်မှုကိုလည်း တိုးတက်ရရှိခဲ့ပြီး အသင်းဝင်အင်အားသည်လည်း ယခုဆိုလျှင် ၂၄ သန်းကျော်အထိ ရှိလာခဲ့ပြီဖြစ်ကြောင်း။

ခိုင်မာစွာဖွဲ့စည်းထား

တိုးတက်များပြားလာသည့် အသင်းဝင်များအနေဖြင့် အသင်းဝင်များ၏ စည်းလုံးညီညွတ်သောစွမ်းအားဖြင့် ပြည်သူများ၏အကျိုးကိုပိုမိုသယ်ပိုး ဆောင်ရွက်နိုင်ကြစေရန် စနစ်ကျသည့် စီမံဖွဲ့စည်းမှုများကိုလည်း ပြုလုပ်ထားပြီး ဖြစ်ကြောင်း၊ ယခုဆိုလျှင် နိုင်ငံတော်၏ ဒေသအသီးသီး၌ တိုင်းရင်းသားပေါင်းစုံ၊ အလွှာပေါင်းစုံ၊ လူထုလူတန်းစားပေါင်းစုံ ပါဝင်သည့် အသင်းကြီးသည် ဗဟိုဌာနချုပ်တစ်ခု၊ ပြည်နယ်/တိုင်းအသင်း ၁၇သင်း၊ ခရိုင်အသင်း ၆၆သင်း၊ မြို့နယ်အသင်း ၃၂၀၊ ရပ်ကွက်/ကျေးရွာအသင်း ၁၅၃၂၇သင်းအဖြစ် ခိုင်မာစွာ ဖွဲ့စည်းထားရှိနိုင်ခဲ့ပြီ ဖြစ်ကြောင်း။

အသင်းဝင်များအနေဖြင့် စစ်မှန်သည့် မျိုးချစ်စိတ်ဓာတ်ဖြင့် တလုံးတစည်းတည်းသော ပြည်ထောင်စုမြန်မာနိုင်ငံတော်ကြီး၏အကျိုး၊ တိုင်းရင်းသားပြည်သူများ၏အကျိုးအတွက် သယ်ပိုးဆောင်ရွက်ရာတွင် မှန်ကန်သော အသိတရားဖြင့် ထိရောက်အောင်မြင်စွာ ဆောင်ရွက်နိုင်စေရန် ရည်ရွယ်၍ လေ့ကျင့်မှုများကိုလည်း ဗဟိုအဆင့်တွင်ရော၊ တိုင်းနှင့်ပြည်နယ်များရှိသည့် အသင်းအဆင့်ဆင့်၌ပါ ဆောင်ရွက်လျက်ရှိကြောင်း။

ထိရောက်စွာဆောင်ရွက်

ပြည်သူများ၏အကျိုးကို သယ်ပိုးဆောင်ရွက်ရာတွင် အရည်အချင်းပြည့်ဝသော အသင်းဝင်များက ပိုမိုထိရောက် အကျိုးရှိစွာဆောင်ရွက်နိုင်မည်ဖြစ်သကဲ့သို့ ပြည်သူများအတွင်း ပကတိဖြစ်ပေါ်နေမှုအခြေအနေ၊ လိုအင်ဆန္ဒနှင့်လိုအပ်ချက်များကို သိရှိရေးသည်လည်း အရေးပါသည့် အချက်ဖြစ်ကြောင်း။

ထို့အပြင် ပကတိဖြစ်ပေါ်တိုးတက်မှုများကို မျက်ကွယ်ပြု၍ လူထုအထင်အမြင်လွဲမှားအောင်၊ တိုးတက်ဖြစ်ထွန်းနေမှုများကို သေးသိမ်အောင်၊ နောက်ဆုံး ဆူပူအုံကြွမှုအထိဖြစ်လာပြီး တည်ငြိမ်အေးချမ်းမှုပျက်ပြားအောင် မမှန်သတင်းများ၊ လုပ်ကြံသတင်းများ၊ ကောလာဟလသတင်းများ၊ လိုရာဆွဲထားသည့်သတင်းများ၊ ပုံကြီးချဲ့သတင်းများ၊ အခါပေးသွေးထိုးလှုံ့ဆော်မှုများကို မီဒီယာအသာစီးဖြင့် လွှင့်ထုတ်လုပ်ဆောင်နေကြခြင်းအပေါ် အမှန်အတိုင်းသိအောင် ရှင်းလင်းအသိပေးရေးသည်လည်း အရေးပါသောအချက် ဖြစ်ကြောင်း။

ထာဝစဉ်ရပ်တည်

ပြည်သူများထဲက ပြည်သူများဖြစ်ကြသည့် အသင်းဝင်များသည် အမှားနှင့်အမှန်၊ အပြုနှင့်အဖျက်များကို ခွဲခြားသိမြင်ပြီး ပြည်သူများအကျိုးအတွက် ထာဝစဉ်ရပ်တည်ကြရမည်ဖြစ်ကြောင်း။

အခြေခံသတင်းစာပညာသင်တန်း၌ ယုံကြည်ချက်၊ ခံယူချက်စွဲမြဲခိုင်မာရေး၊ အမျိုးသားနိုင်ငံရေး၊ သတင်းရယူခြင်း၊ သတင်းတည်ဆောက်ခြင်း၊ သတင်းရေးသားခြင်း၊ သတင်းတည်းဖြတ်ခြင်း၊ သတင်းဖြန့်ချီခြင်း၊ မီဒီယာများအသုံးပြုခြင်း၊ အမှားအမှန်ဝေဖန်ပိုင်းခြားခြင်း၊ မမှန်သတင်းများအား အမှန်အတိုင်း သိစေရန်ဆောင်ရွက်ခြင်း၊ အကျိုးရှိသော လုပ်ဆောင်မှုများအပေါ် ပြည်သူတစ်ရပ်လုံး ဝမ်းမြောက်ဂုဏ်ယူစွာဖြင့် ပါဝင်ဆောင်ရွက်လာစေရန် အသိပေးခြင်း၊ သတင်းရေးသားရာတွင် စောင့်စည်းရမည့်အချက်များစသည့် ဘာသာရပ်များကို အတွေ့အကြုံများသော ဝါရင့် နည်းပြများကိုယ်တိုင် ဆွေးနွေးပို့ချခဲ့ပြီးဖြစ်ကြောင်း၊ သင်တန်းကရရှိလာသည့် အသိပညာများကို မိမိတို့၏ အတွေ့အကြုံများဖြင့် ပေါင်းစပ်၍ လက်တွေ့နယ်ပယ်တွင် ပြည်သူများအကျိုးအတွက် သယ်ပိုးသွားကြပါဟု မှာကြားလိုကြောင်း။

မှန်ကန်စွာရှုမြင်

တည်ဆောက်မှုတိုင်းသည် ရေရှည်တည်တံ့ခိုင်မြဲစေရန်အတွက် အခြေခံခိုင်မာမှုဖြစ်မည်ဆိုသည်ကို အားလုံးအသိပင်ဖြစ်ကြောင်း၊ ထို့ကြောင့် နိုင်ငံတော်အနေဖြင့် နိုင်ငံတော်သစ်တည်ဆောက်ရာ၌ ရေရှည်တည်တံ့ခိုင်မြဲစေရန်နှင့် အစဉ်ဖွံ့ဖြိုးတိုးတက်စေရန်အတွက် နိုင်ငံတော်တည်ငြိမ်ရေး၊ နိုင်ငံတော်နှင့် နိုင်ငံသားများ၏ စီးပွားရေးဘဝ ခိုင်မာတောင့်တင်းရေး၊ လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေးအတွက် စဉ်ဆက်မပြတ် ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း၊ နိုင်ငံတော်တစ်ဝန်းလုံး ကွက်လပ်မကျန် ဖွံ့ဖြိုးတိုးတက်လာစေရန် အထူးဒေသကြီး၂၄ခု စီမံကိန်း၊ နယ်စပ်ဒေသဖွံ့ဖြိုးတိုးတက်ရေး စီမံကိန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး စီမံကိန်းများချမှတ်ပြီး ဆောင်ရွက်နေခြင်းကိုလည်း ထင်ရှားစွာတွေ့မြင်ကြရမည်ဖြစ်ကြောင်း၊ တစ်ဦးကောင်း တစ်ယောက်ကောင်းအတွက် ဆောင်ရွက်နေခြင်းမျိုးမဟုတ်ဘဲ တလုံးတစည်းတည်းသော ပြည်ထောင်စုကြီးအကျိုးအတွက် မွန်မြတ်မှန်ကန်သည့် စေတနာဖြင့် နိုင်ငံတော်၊ တပ်မတော်နှင့် ပြည်သူတို့ ဝိုင်းဝန်းအကောင်အထည်ဖော် ဆောင်ရွက်နေကြခြင်းဖြစ်ကြောင်း၊ မည်သည့်ခေတ် မည်သည့်အခါကနှင့်မျှ မတူသော တည်ငြိမ်အေးချမ်းမှု၊ ဖွံ့ဖြိုးတိုးတက်မှုနှင့် ဖွံ့ဖြိုးတိုးတက်မှုကို တိုးတက်ဖြစ်ပေါ်စေမည့် ထိုက်သင့်သည့် အခြေခံကောင်းများရရှိနေပြီဆိုသည်ကို ပြည်သူများထဲက ပြည်သူများဖြစ်ကြသော အသင်းဝင်များကိုယ်တိုင် ပြည်သူများနှင့်အတူ ထိတွေ့ခံစားနေကြရပြီဖြစ်ကြောင်း၊ ပြည်သူများအတွက် ပညာသင်ကြားမှုအခွင့်အလမ်းများ၊ စီးပွားရေးအခွင့်အလမ်းများ၊ ကျန်းမာရေးနှင့် လူမှုရေးအခွင့်အလမ်းများ တိုးတက်ရရှိနေပြီဖြစ်ကြောင်း၊ နိုင်ငံတော်အတွင်း တိုးတက်ဖြစ်ပေါ်ပြောင်းလဲမှုများကို ကြည်လင်သောအမြင်ဖြင့် မှန်ကန်စွာရှုမြင်ပြီး ပိုမိုတိုးတက်အောင် ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း။

ဒေသတိုင်း၊ ကဏ္ဍတိုင်း၌ ယခင်ကနှင့်မတူဘဲ တိုးတက်ပြောင်းလဲမှုများ ရှိနေပြီဆိုသည်ကို မငြင်းနိုင်သော ပကတိ အရှိတရားများဖြစ်ကြောင်း၊ ဆန္ဒစွဲ၊ အတ္တစွဲ၊ ပုဂ္ဂိုလ်စွဲ၊ ဝါဒစွဲ၊ ဂိုဏ်းဂဏစွဲပြင်းထန်မှုများကြောင့် နိုင်ငံတော်၏ သမိုင်းကြောင်းတွင် အတွေးမှား၊ အပြောမှား၊ အလုပ်မှားခဲ့သော အနိဋ္ဌာရုံဖြစ်စဉ်များကို မိမိတို့သင်ခန်းစာယူကြရမည်ဖြစ်ကြောင်း၊ နိုင်ငံတော်နှင့် ပြည်သူများ၏ အကျိုးအတွက် မှန်ကန်သည့်အသိ၊ ကြည်လင်သောအမြင်၊ မွန်မြတ်သည့် စိတ်ထားဖြင့် ဝိုင်းဝန်းပူးပေါင်း ဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း။

အသွင်ကူးပြောင်းရေး

နိုင်ငံတော်၏ဖြစ်ပေါ်တိုးတက်ပြောင်းလဲမှုများသည် ပြည်သူများ လိုလားသော ဒီမိုကရေစီနိုင်ငံတော်သစ်ကြီးဆီသို့ ရှေးရှု ဦးတည်နေပြီဖြစ်ကြောင်း၊ နိုင်ငံတော်သစ်ကြီး ပေါ်ထွန်းလာရေးအတွက် ချမှတ်ထားသည့် နိုင်ငံတော် ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ်သည် ညင်သာစွာ အသွင်ကူးပြောင်းရေး အတွက် တစ်ခုတည်းသောနည်းလမ်းဖြစ်ကြောင်း၊ တစ်ဆင့်ပြီးတစ်ဆင့် အောင်မြင်စွာ လျှောက်လှမ်းရမည့် လမ်းကြောင်းဖြစ်ကြောင်း။

အသင်းဝင်များအနေဖြင့် နိုင်ငံတော်သစ် တည်ဆောက်ရေးအတွက် နိုင်ငံတော်က ချမှတ်အကောင်အထည်ဖော်နေသည့် မူဝါဒလမ်းစဉ်(၇)ရပ်က လွဲ၍ အခြားမရှိဟု ပြတ်သားစွာ ယုံကြည်ထားပြီးဖြစ်ကြောင်း၊ နိုင်ငံတော်သစ် တည်ဆောက်ရေးအတွက် မှန်ကန်သည့်လမ်းစဉ်ကို ခိုင်မာစွာချမှတ်အကောင်အထည်ဖော်မှုများအပေါ် နားလည်သိမြင်ကြရမည်ဖြစ်ကြောင်း။

ညီညွတ်စွာ ဆုံးဖြတ်

နိုင်ငံတစ်ဝန်းလုံးက ကိုယ်စားလှယ်ပေါင်း ၁၀၀၀ကျော် ကာလကြာမြင့်စွာ အနှောင့်အယှက်၊ အခက်အခဲကြားက ဆွေးနွေးဆောင်ရွက်ခဲ့ရသည့် အမျိုးသားညီလာခံကြီးပြီးစီးအောင်မြင်မှုသည် ပြည်သူအားလုံး ဂုဏ်ယူဝမ်းမြောက်ခဲ့ကြသော သမိုင်းမှတ်တိုင်ကြီးဖြစ်ကြောင်း၊ နိုင်ငံတော်အတွက် မရှိမဖြစ်လိုအပ်သည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ပေါ်ပေါက်လာစေရန် မူကြမ်းပြီးစီးအောင် ရေးဆွဲနိုင်ခြင်းသည်လည်း နိုင်ငံတော်အတွက် သမိုင်းဝင်အောင်ပွဲဖြစ်ကြောင်း၊ ကျင်းပပြီးစီးခဲ့သည့် အမျိုးသားညီလာခံကြီး၌ နိုင်ငံတော်၏ဒေသအသီးသီး၊ အလွှာအသီးသီး၊ လူထုလူတန်းစားအသီးသီးက တိုင်းရင်းသားများစုံညီစွာ စုဝေးညီညွတ်စွာ ဆုံးဖြတ်ခဲ့ကြခြင်းဖြစ်ကြောင်း၊ တလုံးတစည်းသော ပြည်ထောင်စုကြီးအကျိုးအတွက် စစ်မှန်သည့် မျိုးချစ်စိတ်ဓာတ်ဖြင့် စုဝေးညီညွတ်စွာ ဆုံးဖြတ်ခဲ့ကြခြင်းဖြစ်ကြောင်း။

လက်တွဲဆောင်ရွက်

အမျိုးသားညီလာခံကြီး ပြီးဆုံးအောင်မြင်ခဲ့မှုအပေါ် ပြည်သူတစ်ရပ်လုံးက ကြိုဆိုထောက်ခံ ဂုဏ်ပြုပွဲကြီးများ ပြုလုပ်ရာ၌ အသင်းဝင်များက စွဲမြဲခိုင်မာသည့် ယုံကြည်မှုဖြင့် ပါဝင်ဆောင်ရွက်ခဲ့ကြသကဲ့သို့ အမျိုးသားညီလာခံကြီးက ဆွေးနွေးဆုံးဖြတ်ထားသည့် မူများဖြင့် ရေးဆွဲထားသော အခြေခံဥပဒေမူကြမ်းကိုလည်း အောင်မြင်စွာ အတည်ပြုနိုင်ရေးအတွက် အသင်းကြီးက ပြည်သူတစ်ရပ်လုံးနှင့်အတူ ဝိုင်းဝန်းကြိုးပမ်းသွားမည်ဖြစ်ကြောင်း၊ ပေါ်ပေါက်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ၂၀၁၀ခုနှစ်တွင်ကျင်းပမည့် ပါတီစုံ အထွေထွေရွေးကောက်ပွဲကြီး ကျင်းပရေးသည်လည်း အနာဂတ်နိုင်ငံတော်သစ်ကြီး ပေါ်ထွန်းလာစေရေးအတွက် မွန်မြတ်မှန်ကန်သော ဆောင်ရွက်ချက်ဖြစ်သည့်အတွက် အသင်းကြီးက ပြည်သူတစ်ရပ်လုံးနှင့် လက်တွဲပြီး ဝိုင်းဝန်းပါဝင် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း။

ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ပေါ်ပေါက်ရေးနှင့် ပေါ်ပေါက်လာမည့်ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်နှင့်အညီ ပါတီစုံအထွေထွေရွေးကောက်ပွဲ ကျင်းပရေးလုပ်ငန်းစဉ်များသည် ဒီမိုကရေစီနိုင်ငံတော်သစ် ပေါ်ထွန်းလာစေရန် မွန်မြတ်မှန်ကန်သော အသွင်ကူးပြောင်းရေး လုပ်ငန်းစဉ်များဖြစ်သည့်အတွက် အသင်းဝင်အားလုံး အမျိုးသားရေးတာဝန်အဖြစ် ခံယူပြီး ယုံကြည်ချက်၊ ခံယူချက် ခိုင်မာစွာဖြင့် ပြည်သူတစ်ရပ်လုံးနှင့်အတူ ပူးပေါင်းပါဝင် ဆောင်ရွက်သွားကြရန်ကိုလည်း တိုက်တွန်းပြောကြားလိုကြောင်း။

ဝိုင်းဝန်းကြိုးပမ်း

မိမိတို့၏ အမိပြည်ထောင်စု မြန်မာနိုင်ငံတော်ကြီးကို မိမိတို့တိုင်းရင်းသားပြည်သူများကသာ အချစ်ဆုံးဖြစ်ကြောင်း၊ နိုင်ငံတော်၏ သမိုင်းအဆက်ဆက် ဖြစ်ပေါ်ပြောင်းလဲမှုများ၏ ကောင်းကျိုး၊ ဆိုးကျိုးများကိုလည်း ကိုယ်တိုင်ခံစားတွေ့ထိကြရသူများဖြစ်သည့် နိုင်ငံသားများကသာ အသိဆုံးဖြစ်ကြောင်း၊ နိုင်ငံတော်ကြီး ရေရှည်တည်တံ့ပြီး ထာဝစဉ် ဖွံ့ဖြိုးတိုးတက်နေစေရန်ကိုလည်း ပြည်ထောင်စုဖွား တိုင်းရင်းသားများကသာ အလိုလားဆုံး ဖြစ်ကြောင်း၊ နိုင်ငံတော်ကြီးနှင့် နိုင်ငံသားများ၏ အကျိုးစီးပွားအတွက် ဖော်ဆောင်ရမည့် လုပ်ငန်းစဉ်များကိုလည်း မိမိတို့၏ ပြည်သူများကသာ အသိဆုံးဖြစ်ကြကြောင်း၊

ရှမ်းပြည်နယ်(တောင်ပိုင်း) ပင်လုံမြို့ ဝမ်အင်န်၊ ဝမ်လုံ၊ ကုန်းသာယာ၊ မိုက်ရှန်း ရွာလေးရွာ ကိုယ့်အားကိုယ်ကိုး လျှပ်စစ်မီးဖွင့်ပွဲ အခမ်းအနားကျင်းပ

ပင်လုံ ဖေဖော်ဝါရီ ၂၂

ရှမ်းပြည်နယ်(တောင်ပိုင်း) လွိုင်လင်ခရိုင် ပင်လုံမြို့၌ (၆၁)နှစ်မြောက် ပြည်ထောင်စုနေ့ကို ဂုဏ်ပြုသောအားဖြင့် ဖေဖော်ဝါရီ ၁၀ရက် နံနက် ၁၀နာရီက ပင်လုံမြို့ ဝမ်အင်န်ကျေးရွာ၌ ဝမ်အင်န်၊ ဝမ်လုံ၊ ကုန်းသာယာ၊ မိုက်ရှန်း ရွာလေးရွာ ကိုယ့်အားကိုယ်ကိုး လျှပ်စစ်မီးဖွင့်ပွဲအခမ်းအနားသို့ ရှမ်းပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်သောင်းအေး တက်ရောက်သည်။

ဖွင့်လှစ်

အခမ်းအနားကို ပြည်နယ်အလုပ်အမှုဆောင် ဦးကျော်စိုးလှိုင်၊ ရပ်မိရပ်ဖ ဦးစိုင်းလှဦး၊ ပင်လုံမြို့ အတွင်းရေးမှူး ဒေါ်နန်းစံညွန့်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။ လွိုင်လင်မြို့ တပ်နယ်မှူး ဗိုလ်မှူးကြီးတင်ဌေးက ရွာလေးရွာ မီးလင်းရေးအတွက် မီးခလုတ်နှိပ် ဖွင့်လှစ်ပေးသည်။ ပြည်နယ်အသင်းနာယက အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူးက ကျေးလက်မီးလင်းရေး ကမ္ပည်းကျောက်စာတိုင်ကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးပြီး အမွှေးနံ့သာရည်များဖြင့် ပက်ဖျန်းပေးသည်။

လှူဒါန်း

အခမ်းအနား၌ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ပင်လုံမြို့နယ် အတွင်းရေးမှူး ဒေါ်နန်းစံညွန့်က မီးလင်းရေးလုပ်ငန်းဆိုင်ရာများအား ရှင်းလင်းတင်ပြသည်။ ၎င်းနောက် ဒေသခံ ရပ်မိရပ်ဖ ဦးစိုင်းထွန်းဖြူက ကျေးဇူးတင်စကားပြောကြားပြီး မြို့နယ်လျှပ်စစ်အင်ဂျင်နီယာထံသို့ မီးလင်းရေးနှင့်ပတ်သက်သည့် စာရွက်စာတမ်းများ လွှဲပြောင်းပေးအပ်သည်။ ဆက်လက်၍ ပြည်နယ် အလုပ်အမှုဆောင်က လွိုင်လင်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးရေး လုပ်ငန်းများတွင် အသုံးပြုရန် ရုပ်မြင်သံကြားနှင့် ဒီဗွီဒီစက်များပေးအပ်ပြီး ပင်လုံမြို့နယ် စာကြည့်တိုက်အတွက် စာအုပ်၊ စာတမ်းများ ပေးအပ်လှူဒါန်းသည်။

တက်ရောက်

ထို့နောက် ပြည်နယ်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ပြည်နယ်အသင်းနာယက အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူးက အမှာစကားပြောကြားသည်။ ဆက်လက်၍ နယ်စပ်ဒေသ တိုင်းရင်းသားလူငယ်များ ဖွံ့ဖြိုးရေးသင်တန်းကျောင်း၌ စာအုပ်၊ ဆန်၊ ဆီ၊ ရုပ်မြင်သံကြား၊ ဒီဗွီဒီစက်များ ပေးအပ်လှူဒါန်းပွဲအခမ်းအနားသို့ တက်ရောက်ကြောင်း သိရသည်။

(မြို့နယ် ပြန်/ဆက်)

ပဲခူးမြို့ မဟာစေတီ ဗုဒ္ဓပူဇနိယပွဲတော်

ရန်ကုန် ဖေဖော်ဝါရီ ၂၂

ပဲခူးမြို့ ဆုတောင်းပြည့် စွယ်တော်ရှင် မဟာစေတီတော်မြတ်ကြီး၏ (၂၄) ကြိမ်မြောက် ဗုဒ္ဓပူဇနိယပွဲတော်ကို ဖေဖော်ဝါရီ ၁၉ရက်မှ ၂၁ရက်အထိ ကျင်းပခဲ့သည်။

ဗုဒ္ဓပူဇနိယပွဲတော်တွင် သံဃာတော်များက ပဋ္ဌာန်းဒေသနာတော်မြတ်အား ရွတ်ဖတ်ပူဇော်ခြင်း၊ အလှူရှင်များ၏ စုပေါင်းလှူဒါန်းမှုဖြင့် ထမနဲထိုးကာ ရပ်ဝေးရပ်နီးမှ လာရောက်ကြသော ပုဂ္ဂိုလ်တို့အား ကျွေးမွေးလှူဒါန်းခြင်း၊ သံဃာတော်များအား ရဟန်းဆောင်ပစ္စည်းများ လှူဒါန်းခြင်းများ ပြုလုပ်ခဲ့သည်။

ပျော်ပွဲရွှင်ပွဲအဖြစ် ပြည်သူများအား ရုပ်ရှင်ပြသပေးခြင်း၊ မြန်မာ့ရိုးရာလက်ဝှေ့ပြိုင်ပွဲများ ကျင်းပပေးခြင်းများဖြင့် စည်စည်ကားကား ကျင်းပခဲ့သည်။ (၁၆၈)

စာအုပ်စာပေ လူ့မိတ်ဆွေ

အလှူငွေကျပ် ၃၆၃သိန်း ငါးသောင်း ရေစက်ချလှူဒါန်းပွဲကျင်းပ

ရန်ကုန် ဖေဖော်ဝါရီ ၂၂

မန္တလေးတိုင်း ကျောက်ပန်းတောင်းမြို့နယ် တောင်နောက်ရွာ အရှေ့ကျောင်းတိုက်၌ ရန်ကုန်မြို့ ကမာရွတ်မြို့နယ် နာနတ်တောလမ်း ရွှေကိန္နရီအဆင့်မြင့်အိမ်ရာဝင်း အမှတ် ဘီ/၄၁နေ ဒုတိယဗိုလ်မှူးကြီးစံတင် (ငြိမ်း)၊ ဇနီးဒေါ်သိန်းသိန်းစံ သားသမီးမြေးတစ်စုတို့က လှူဒါန်းသည့် အလှူငွေကျပ် ၃၆၃သိန်း ငါးသောင်း ရေစက်ချလှူဒါန်းပွဲကို ဖေဖော်ဝါရီ ၁၆ရက် မွန်းလွဲ ၁၂နာရီခွဲတွင် အဆိုပါကျောင်းတိုက် အလှူမင်္ဂလာမဏ္ဍပ်၌ ကျင်းပသည်။ **(အပေါ်ပုံ)**

ဆက်ကပ်လှူဒါန်း

အခမ်းအနားတွင် အလှူရှင် ဒုတိယဗိုလ်မှူးကြီးစံတင် (ငြိမ်း)၊ ဇနီး ဒေါ်သိန်းသိန်းစံ သားသမီးမြေးတစ်စုတို့က ကိုးတောင်ပြည့်စေတီတော် လုံးတော်ပြည့် ရွှေသင်္ကန်းကပ်လှူခြင်း၊ စေတီတော်၏ ခြံစည်းရိုးအုတ်တံတိုင်းနှင့် သံပန်းသံတံခါးတပ်ဆင်လှူဒါန်းခြင်း၊ စက်ရေတွင်း တူးဖော်လှူဒါန်းခြင်း၊ ဘုရားကုန်းပေါ်ရှိ စေတီတော်များ ပြုပြင်မွမ်းမံခြင်း၊ ရာဇဝိသသိမ်တော် ဆောက်လုပ်လှူဒါန်းခြင်း၊ ရှင်အပါး ၆၀အား ရှင်သာမဏေအဖြစ်သို့ ရှင်ပြုအလှူမင်္ဂလာ ပြုလုပ်လှူဒါန်းခြင်း၊ သာမဏေကျော်၊ ဓမ္မာစရိယ၊ ဝိနယပါဠိပါရဂူ၊ ဝိနယရေ၊ ဝိနယကောဝိဒ (ပိဋကတစ်ပုံအောင်) ဆရာတော် အရှင်ပညာဝံသာလင်္ကာရအား ချီးကျူးဂုဏ်ပြုပူဇော်ပွဲများအတွက် ကုန်ကျငွေစုစုပေါင်း ငွေကျပ် ၃၆၃သိန်း ငါးသောင်းကို စိတ္တပါလဂူကျောင်းစာသင်တိုက် နာယကဆရာတော် ဘဒ္ဒန္တ ဥေယျာဘိဝံသထံ ဆက်ကပ်လှူဒါန်းကြကြောင်း သိရသည်။

(သတင်းစဉ်)

နိုင်ငံခြားရေးဝန်ကြီးဌာနဝန်ကြီးဦးဉာဏ်ဝင်း ဘရူနိုင်းဒါရုဆလမ်နိုင်ငံ အမျိုးသားနေ့သဝဏ်လွှာပေးပို့

နေပြည်တော် ဖေဖော်ဝါရီ ၂၃

၂၀၀၈ခုနှစ် ဖေဖော်ဝါရီ ၂၃ရက်တွင် ကျရောက်သော ဘရူနိုင်းဒါရုဆလမ်နိုင်ငံ၏ (၂၄)နှစ်မြောက် အမျိုးသားနေ့အခါသမယ၌ ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးဉာဏ်ဝင်းထံမှ ဘရူနိုင်းဒါရုဆလမ်နိုင်ငံ နိုင်ငံခြားရေးနှင့် ကုန်သွယ်ရေးဝန်ကြီးဌာန ဝန်ကြီး မင်းသား ဟာဂျီမိုဟာမက် ဘိုလ်ကီးယားထံသို့ ဝမ်းမြောက်ကြောင်းသဝဏ်လွှာ ပေးပို့သည်။ **(သတင်းစဉ်)**

မိမိတို့အားလုံး ရည်မှန်းချက်ကို မျက်ခြည်မပြတ်ဘဲ အောင်မြင်အောင် ဝိုင်းဝန်းကြိုးပမ်းသွားကြရမှာ ဖြစ်ကြောင်း။

နိုင်ငံတော်သစ်ကြီးအဖြစ် အသွင်ကူးပြောင်းရေးကာလ၌ ကြုံတွေ့နိုင်သည့် အဟန့်အတား၊ အနှောင့်အယှက်၊ အခက်အခဲများနှင့် ပကတိအခြေအနေကို မျက်ကွယ်ပြုပြီး စွက်ဖက်မှုမှန်သမျှကို ကြံ့ခိုင်သော စိတ်ဓာတ်၊ စည်းလုံးညီညွတ်သည့်စွမ်းအားဖြင့် ကာကွယ်သွားကြရန်ကိုလည်း မှာကြားလိုကြောင်း။

နိဂုံးချုပ်အနေဖြင့် မှာကြားလိုသည်မှာ ဒီမိုကရေစီနိုင်ငံတော်သစ်ကြီး အသွင်ကူးပြောင်းရေး လုပ်ငန်းစဉ်ကြီးသည် တစ်မျိုးသားလုံး ဝိုင်းဝန်းပါဝင်ဆောင်ရွက်ကြရမည့် အမျိုးသားရေး တာဝန်ကြီးဖြစ်သည့်အတွက် အောင်မြင်မှုရှိစေရေးအတွက် ဝိုင်းဝန်းဆောင်ရွက်သွားကြပါ။

ပါဝင်ဆောင်ရွက်

အသွင်ကူးပြောင်းရေး လုပ်ငန်းစဉ်များဖြစ်ကြသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်ကြီးအား ပြည်သူ့ဆန္ဒနှင့်အညီ အောင်မြင်စွာ အတည်ပြုနိုင်ရေး၊ ဖွဲ့စည်းပုံအခြေခံဥပဒေသစ်အရ ပြုလုပ်မည့် ပါတီစုံ အထွေထွေရွေးကောက်ပွဲကြီး အောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် ကျရာကဏ္ဍက ပါဝင်ဆောင်ရွက်သွားကြပါ။

နိုင်ငံတော်သစ် တည်ဆောက်ရေးအတွက် ချမှတ်ထားသည့် လုပ်ငန်းစဉ်များကို ထိပါးနှောင့်ယှက်နိုင်သော အဖျက်လုပ်ရပ်မှန်သမျှကို မပြတ်သောသတိ၊ ကြံ့ခိုင်သော စိတ်ဓာတ်၊ စွန့်လွှတ်စွန့်စားရဲသော သတ္တိတို့နှင့် ဝိုင်းဝန်းကာကွယ်တားဆီးသွားကြပါ။

ပြည်သူများ၏ ဘဝ၊ ဆန္ဒ၊ လိုအပ်ချက်များနှင့် ပကတိအခြေအနေများကို သိအောင် ဆောင်ရွက်ပြီး အသင်းကြီးက ချမှတ်ထားသည့် လုပ်ငန်းစဉ်များအတိုင်း တတ်စွမ်းသရွေ့ ဝိုင်းဝန်းဆောင်ရွက်သွားကြပါ။

မိမိတို့အပေါ် ကျရောက်လာသည့် တာဝန်၏ အရေးပါမှုကို နားလည်ပြီး ပြည်သူများအကျိုးကို ထာဝစဉ်သယ်ပိုးနိုင်သော အမျိုးသားရေးအင်အားစုကြီးအဖြစ် ထာဝစဉ်ရပ်တည်နိုင်အောင် ကြိုးပမ်းသွားကြပါဟု တိုက်တွန်းပြောကြားသည်။

ကြည့်ရှုလေ့လာ

သင်တန်းဆင်းပွဲ အခမ်းအနားအပြီးတွင် အထွေထွေအတွင်းရေးမှူး ဦးဌေးဦးနှင့် တာဝန်ရှိသူများသည် သင်တန်းသားများ၏ အစုအဖွဲ့အလိုက် ထုတ်ဝေထားကြသည့် သင်တန်းသားသတင်းစာများကို ကြည့်ရှုလေ့လာကြသည်။

အဆိုပါ သင်တန်းသို့ ပြည်နယ်နှင့်တိုင်းများမှ သင်တန်းသား ၄၇ဦးတို့ တက်ရောက်ခဲ့ကြပြီး သင်တန်းကာလမှာ ရက်သတ္တရှစ်ပတ်ကြာမြင့်ခဲ့သည်။

(သတင်းစဉ်)

ရွှေသင်္ကန်းကပ်လှူပူဇော်မည်

ရန်ကုန် ဖေဖော်ဝါရီ ၂၂

ပုသိမ်မြို့ မဟာဝိသုဒ္ဓါရာမ မောင်းထောင်ကျောင်း ပရိယတ္တိစာသင်တိုက်ကြီး၌ ကိန်းဝပ်စံပယ်လျက်ရှိသော အောင်မြေအေးချမ်း ပြည့်ဝချမ်းသာ နီးဘုရားကြီးအား ၁၃၆၉ခုနှစ် တပေါင်းလဆန်း ၁ရက် (မတ်၇ရက်) သောကြာနေ့မှစ၍ ရွှေသင်္ကန်းကပ်လှူပူဇော်မည်ဖြစ်ရာ လှူဒါန်းပူဇော်ကြပါရန်နှင့် ပဓာနနာယကဆရာတော် ဖုန်း-၀၉-၅၂-၀၀၂၉၇၊ တိုက်ကြပ်ဆရာတော် ဖုန်း-၀၉-၅၂-၀၁၈၂၊ ဦးစိုင်း(ဥက္ကဋ္ဌ)ဖုန်း-၀၉-၅၂-၀၁၃၃၂၊ ဦးတင်ရွှေ(အတွင်းရေးမှူး) ဖုန်း-၀၉-၅၂-၀၁၁၃၀နှင့် ဦးစိုးဝင်း (ဘဏ္ဍာရေးမှူး) ဖုန်း-၀၉-၅၂-၀၁၂၈၆ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ **(က-ပ)**

ကုန်တင်ယာဉ်ကြီးမောင်းနှင်သူများအတွက် ယာဉ်နှင့် လမ်းစည်းကမ်း ဟောပြောပို့ချ

ရန်ကုန် ဖေဖော်ဝါရီ ၂၂

ရထားပို့ဆောင်ရေး ဝန်ကြီးဌာန ကုန်းလမ်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာနမှ မော်တော်ယာဉ်များ မတော်တဆ ယာဉ်အန္တရာယ် ဖြစ်ပွားမှု မရှိစေရေးအတွက် ပို့ဆောင်ရေး စီမံကိန်းဦးစီးဌာနနှင့် ရန်ကုန်တိုင်း ကြိုးမဲ့ကြေးနန်းနှင့် ယာဉ်ထိန်းတပ်ဖွဲ့၊ အဝေးပြေး ကုန်တင်ယာဉ်လုပ်ငန်းရှင်အသင်းတို့၏ ပူးပေါင်း ဆောင်ရွက်မှုဖြင့် ဖေဖော်ဝါရီ ၂၀ရက် မွန်းလွဲ ၂နာရီခွဲက ဘုရင့်နောင်ပွဲရုံနယ်မြေ ကုန်စည်ဒိုင် အစည်းအဝေးခန်းမတွင် ဂိတ်တာဝန်ခံများ၊ ကုန်တင်ယာဉ်ကြီး မောင်းနှင်သူများနှင့် ယာဉ်နောက်လိုက်များ စုစုပေါင်း ၈၃ဦးအား ယာဉ်စည်းကမ်း လမ်းစည်းကမ်းများ ဟောပြောသည်။ **(ယာပုံ)**

ဟောပြောပွဲသို့ ဒုတိယညွှန်ကြားရေးမှူး ဦးကျော်အေးလွင်၊ လက်ထောက်ညွှန်ကြားရေးမှူး ဦးညီညီနှင့် ဒုတိယရဲမှူး စိုးလွင် (ရန်ကုန်တိုင်း ကြိုးမဲ့ကြေးနန်းနှင့် ယာဉ်ထိန်းတပ်ဖွဲ့) နှင့် တာဝန်ရှိသူများ တက်ရောက်ဟောပြောကြသည်။

ဟောပြောပွဲတွင် ဒုတိယညွှန်ကြားရေးမှူး ဦးကျော်အေးလွင်က သက်တမ်းရှိ သတ်မှတ်ယာဉ်မောင်းလိုင်စင်နှင့် သက်သေခံ လက်မှတ် (အပိုင်း)မပါဘဲ မောင်းနှင်ခြင်းမပြုကြရန်၊ မဆင်မခြင် မောင်းနှင်ခြင်းကြောင့် ဖြစ်ပေါ်လာသည့် အန္တရာယ်များ၊ ကုန်တင်ယာဉ်များ သတ်မှတ်ကုန်တန်ချိန်ထက် ပိုမိုမတင်ဆောင်ရေး၊ ကုန်တင်ယာဉ်အား ခရီးသည် တင်ဆောင်ခြင်း မပြုရေးနှင့် ဥပဒေပါ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းများ အတိုင်း လိုက်နာမောင်းနှင်သွားကြရန် ဟောပြောပြီး တာဝန်ရှိသူများကလည်း မိမိတို့ဌာနနှင့် သက်ဆိုင်သည့် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းအကြောင်း အရာများအလိုက် ဟောပြောကြသည်။ **(မြန်မာ့အလင်း)**

သာသနာရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သူရမြင့်မောင် ပုဂံ-ညောင်ဦးနှင့် ပခုက္ကူ၌ သာသနာရေးဆိုင်ရာများဆောင်ရွက်

နေပြည်တော် ဖေဖော်ဝါရီ ၂၂

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုအလုပ်အမှုဆောင် သာသနာရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သူရမြင့်မောင်သည် ဖေဖော်ဝါရီ ၁၈ရက်တွင် ပုဂံရှေးဟောင်းယဉ်ကျေးမှုနယ်မြေရှိ ပုဂံဗုဒ္ဓဓမ္မစင်တာ ဆောက်လုပ်ရေးအတွက် လုပ်ငန်းများကိုတင်ဆောင်ရွက်နေမှုများကို ကြည့်ရှုစစ်ဆေးပြီး ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံး အစည်းအဝေးခန်းမ၌ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် ဆောက်လုပ်ရေးအင်ဂျင်နီယာများအား ပုဂံဗုဒ္ဓဓမ္မစင်တာ ဆောက်လုပ်ရေးလုပ်ငန်းနှင့်စပ်လျဉ်း၍ အမှာစကားပြောကြားသည်။

ဆက်ကပ်လှူဒါန်း

ထို့နောက် ဝန်ကြီးသည် ပခုက္ကူမြို့ သာသနာ့ဗိမာန်တော်၌ ကျင်းပသော နဝမအကြိမ် သာသနာလင်္ကာရ စာတော်ပြန်ပွဲသို့ တက်ရောက်၍ နာယကဆရာတော်များနှင့် စာဖြေသံဃာများအားလည်းကောင်း၊ သာသနာ့ဝိပုလာရာမ (မန္တလေး) အနောက်တိုက်သို့ သွားရောက်၍ ပဓာနနာယက ဆရာတော် ဘဒ္ဒန္တသောဘန၊ မဟာဝိဇယာရာမအလယ်တိုက်ပဓာနနာယက ဆရာတော် ဘဒ္ဒန္တသုမင်္ဂလ၊ မဟာဝိသုတာရာမအရှေ့တိုက် စာချဆရာတော် ဘဒ္ဒန္တကောသလ္လနှင့် ဇောတိမဏ္ဍိုင်ကျောင်းတိုက် ပဓာနနာယက ဆရာတော် ဘဒ္ဒန္တဝီရိယ တို့အားလည်းကောင်း ဖူးမြော်ကြည်ညိုပြီး လှူဖွယ်ပစ္စည်းများကို ဆက်ကပ်လှူဒါန်းသည်။

ဆက်လက်၍ ဝန်ကြီးသည် ပခုက္ကူမြို့ တောင်ဇလပ်လူငယ်ပျိုးခင်း သင်တန်းကျောင်းသို့ သွားရောက်၍ ကျောင်းဝင်းအတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ပန္နက်တော်တင်

ဗဟိုအလုပ်အမှုဆောင် ဝန်ကြီးသည် ဖေဖော်ဝါရီ ၁၉ရက် နံနက်ပိုင်းတွင် ပခုက္ကူမြို့ ညောင်စောက်ရွာရှိ အောင်တော်မူဘုရား ပန္နက်တော်တင်ပွဲသို့ တက်ရောက်ပန္နက်တော်တင်ပေးပြီး အလှူငွေ ကျပ်တစ်သိန်းကို လှူဒါန်းသည်။ ဆက်လက်၍ ဝန်ကြီးသည် ရေစကြိုမြို့ ကျက်သရေဆောင် သာသနာ့ဗိမာန်တော်ကြီး ပန္နက်တော်တင်အခမ်းအနားနှင့် အလှူတော်ငွေပေးအပ်ပွဲသို့ တက်ရောက်၍ ပန္နက်တင်ပေးပြီး အလှူငွေများကို လက်ခံသည်။

အဆိုပါ အလှူငွေပေးအပ်ပွဲ အခမ်းအနားတွင် သာသနာရေးဝန်ကြီးဌာနမှ ငွေကျပ်သိန်း ၄၀နှင့် အလှူရှင်များက ငွေကျပ် သိန်း၄၀၀ စုစုပေါင်း ငွေကျပ် သိန်း ၄၄၀ လှူဒါန်းကြသည်။

စာစောင်များလှူဒါန်း

ယင်းနောက် ဗဟိုအလုပ်အမှုဆောင် ဝန်ကြီးသည် ရေစကြိုမြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းရုံးအစည်းအဝေးခန်းမ၌ မြို့နယ်အသင်း အတွင်းရေးမှူးနှင့် အလုပ်အမှုဆောင်များအား တွေ့ဆုံပြီး အသင်းစာကြည့်တိုက်နှင့် ရေစကြိုမြို့ ကျောင်းစာကြည့်တိုက်တို့အတွက် စာအုပ်နှင့် စာစောင်များကို လှူဒါန်းသည်။

ဖူးမြော်ကြည်ညို

ထို့နောက် ဗဟိုအလုပ်အမှုဆောင် ဝန်ကြီးသည် ညနေပိုင်းတွင် မုံရွာမြို့ ဇောတိကာ ပါဠိတက္ကသိုလ်ကျောင်းတိုက်သို့ သွားရောက်၍ နိုင်ငံတော်ဩဝါဒါစရိယဆရာတော် အဘိဓဇမဟာရဋ္ဌဂုရု ဘဒ္ဒန္တကဝိန္ဒအား ဖူးမြော်ကြည်ညိုပြီး လှူဖွယ်ပစ္စည်းများကို ဆက်ကပ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

မီးဘေး

အန္တရာယ်

အစဉ်သတိပြု

ကာကွယ်

မြန်မာ့ရုပ်မြင်သံကြား

၂၃–၂–၂၀၀၈ ရက် (စနေနေ့)

နံနက်ပိုင်း

၇း၀၀ ၁။ ကျေးဇူးရှင် မင်းကွန်းဆရာတော်ကြီး နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင်ချုပ် အဘိဓဇ မဟာရဋ္ဌဂုရု အဘိဓဇ အဂ္ဂမဟာသဒ္ဓမ္မဇောတိက တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက ဆရာတော် ဘဒ္ဒန္တ ဝိစိတ္တသာရာ ဘိဝံသ၏ ပရိတ်တရားတော်
၇း၁၅ ၂။ တိပိဋကဓရ ဓမ္မဘဏ္ဍာ ဂါရိက အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တ သိရိန္ဒာဘိဝံသ(ယောဆရာတော်) ဟောကြားတော်မူအပ်သော ဥပ္ပါတသန္တိပါဠိတော်
၇း၂၅ ၃။ ကျန်းမာဖို့ အတူကစားစို့
၇း၃၀ ၄။ နံနက်ခင်းသတင်း
၇း၄၀ ၅။ သံသာချိုအေး မင်္ဂလာတေး
၇း၅၀ ၆။ အတီးပြိုင်ပွဲ
၈း၀၀ ၇။ တေးဂီတအစီအစဉ်
၈း၂၅ ၈။ စွန်ချောင်းရေလှောင်တမံ
၈း၃၀ ၉။ International News
၈း၄၅ ၁၀။ Grammar made Easy
၉း၀၀ ၁၁။ အစီအစဉ်ပြီး၏။

နေ့လယ်ပိုင်း

၁၁း၀၀ ၁။ စစ်သည်တေး
၁၁း၁၅ ၂။ တေးဂီတအစီအစဉ်
၁၁း၃၀ ၃။ ချစ်စရာ့အရွယ်ကစားကြမယ်
၁၁း၅၅ ၄။ တစ်ပတ်အတွင်း ရုပ်မြင်သံကြား ပြည်တွင်းသတင်းစဉ်
၁၂း၃၀ ၅။ နိုင်ငံခြားဇာတ်လမ်းတွဲ စစ်သူကြီးဆွန်ကြီး(အပိုင်း–၁၀)
၁၃း၁၀ ၆။ **အဖြူရောင်မေတ္တာ** မင်းမော်ကွန်း၊ ရီဝေယံ၊ ဆုပိုပိုအောင် ဒါရိုက်တာ–အောင်မြင့်မြတ်
၁၄း၂၀ ၇။ အာဆီယံ လက်မှုအနုပညာပစ္စည်းပြပွဲနှင့် ၂၀၀၇ခုနှစ် အာဆီယံ လူငယ် တံဆိပ်ခေါင်းပြိုင်ပွဲ
၁၄း၃၀ ၈။ ပြည်ထောင်စု တိုင်းရင်းသားရိုးရာအက
၁၄း၄၅ ၉။ International News
၁၅း၀၀ ၁၀။ အစီအစဉ်ပြီး၏

ညပိုင်း

၁၆း၀၀ ၁။ စစ်ချီတေး၊ စစ်သည်တေး
၁၆း၁၅ ၂။ မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတေးများ
၁၆း၃၀ ၃။ အဝေးသင်တက္ကသိုလ် ပညာရေး ရုပ်မြင်သံကြားသင်ခန်းစာ ဒုတိယနှစ် (ဓာတုဗေဒအထူးပြု)၊ (ဓာတုဗေဒ)
၁၆း၄၅ ၄။ မြူးမြူးကြွကြွ ယဉ်ကျေးမှုအက
၁၆း၅၅ ၅။ မြန်မာ့ခလေ့ရိုးရာလက်ဖွဲ့
၁၇း၁၀ ၆။ ချစ်စရာ့အရွယ်ကစားကြမယ်
၁၇း၃၅ ၇။ ရသပေါ်လွင် သရုပ်ဆောင်လွင်ပြင်
၁၈း၀၀ ၈။ ညနေခင်းသတင်း
၁၈း၃၀ ၉။ မိုးလေဝသအခြေအနေ
၁၈း၃၅ ၁၀။ အလှရှာမယ်လှကမ္ဘာဝယ်
၁၉း၀၀ ၁၁။ နိုင်ငံခြားဇာတ်လမ်းတွဲ **ချစ်သူ့အားမာန်**(အပိုင်း–၁၅)
၂၀း၀၀ ၁၂။ ပြည်တွင်းသတင်းအကျဉ်း
၁၃။ နိုင်ငံတကာသတင်းများ
၁၄။ မိုးလေဝသအခြေအနေ
၁၅။ နိုင်ငံခြားဇာတ်လမ်းတွဲ **မာယာထောင်ချောက်** (အပိုင်း–၃)

● **ကျောဖုံးမှ**

အဆိုပါ သကြားစက်ရုံမှ တစ်နေ့ ကြံတန်ချိန် ၁၅၀၀ ကြိတ်ဝါးနိုင်ပြီး တစ်နေ့ သကြားတန်ချိန် ၁၅၀ ထွက်ရှိသည်။ သကြားစက်အတွက် တစ်နှစ်လိုအပ်သည့် ကြံတန်ချိန်မှာ ၃၀၀၀၀၀ ဖြစ်ပြီး ကြံစိုက်ဧက ၁၂၀၀၀ လိုအပ်လျက်ရှိရာ ဧက ၁၀၀၀၀ ဖော်ထုတ်စိုက်ပျိုးနိုင်ပြီဖြစ်ကြောင်း သိရသည်။

ရှင်းလင်းတင်ပြ

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီး ကျော်ဝင်းသည် ကျောက်မဲ အရှေးဝေါလ်(Toll Gate)ရိပ်သာသို့ရောက်ရှိရာ အမှတ်(၁)လျှပ်စစ်စွမ်းအား ဝန်ကြီးဌာန အမှတ်(၂)တည်ဆောက်ရေး ရေအားလျှပ်စစ် အကောင်အထည်ဖော်ရေးဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးနေမျိုးဝင်းက မြောင်ချို ရေအားလျှပ်စစ်စီမံကိန်း အကောင်အထည်ဖော် ဆောင်ရွက်ထားရှိမှုနှင့် ဆက်လက်ဆောင်ရွက်သွားမည့် အစီအစဉ်များကို ရှင်းလင်းတင်ပြသည်။

အဆိုပါ ရေအားလျှပ်စစ်စီမံကိန်း အကောင်အထည်ဖော် ပြီးစီးပါက မဂ္ဂါဝပ် ၂၃၀ ထွက်ရှိမည် ဖြစ်သည့်အပြင် ရဲရွာရေအားလျှပ်စစ်စီမံကိန်း အတွက် အထောက်အကူရရှိနိုင်မည် ဖြစ်ကြောင်း သိရှိရသည်။

ကြည့်ရှုအားပေး

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီး ကျော်ဝင်းသည် ကျောက်မဲခရိုင် သီပေါမြို့နယ် ကြံခင်း(ရေပူ)၌ တပ်နယ်များမှ နွေစပါး စိုက်ပျိုးထားရှိမှုနှင့် ကောက်စိုက်သမများ၏ နွေစပါး စိုက်ပျိုးပွဲကို ကြည့်ရှု အားပေးပြီး ကောက်စိုက်သမများအား အမှတ်တရ လက်ဆောင်ပစ္စည်းများကို ပေးအပ်ချီးမြှင့်သည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီး ကျော်ဝင်းသည် သီပေါအရှေးဝေါလ် (Toll Gate)သို့ ရောက်ရှိရာ တိုင်းမှူးက ဒုဋ္ဌဝတီမြစ်ကူး သီပေါတံတား၏ ကြံ့ခိုင်မှု အခြေအနေမှာ အားနည်းနေသောကြောင့် ၁၅တန်နှင့်အထက်သယ်ဆောင်လာသော ကုန်တင်ကားကြီးများ၏ ကုန်ပစ္စည်းများ သယ်ယူရွှေ့ပြောင်းမှုအခြေအနေနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြပြီး ဒုတိယဗိုလ်ချုပ်ကြီး ကျော်ဝင်းက လိုအပ်သည်များကို မှာကြားသည်။

ကြည့်ရှုစစ်ဆေး

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီး ကျော်ဝင်းသည် မြစ်ကူးတံတားကို ကြည့်ရှုစစ်ဆေးရာ တိုင်းမှူးက အသစ်တည်ဆောက်နေသည့် ဒုဋ္ဌဝတီ မြစ်ကူး သံကူကွန်ကရစ်တံတား မပြီးခင်အချိန်တွင် ကုန်စည် ကူးသန်းရောင်းဝယ်မှု လွယ်ကူချောမွေ့စေရန်အတွက် ကြံ့ခိုင်မှု အားနည်းနေသည့် သီပေါတံတား တံတားအမှတ်(၄/၁၃၁)ကို ကွန်ကရစ်တိုင်များ၊ သံမဏိဆိုင်းကြိုးများဖြင့် ဆောင်ရွက်ထားရှိမှု အခြေအနေများကို မြေပုံကားချပ်များဖြင့် ရှင်းလင်းတင်ပြပြီး ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်းက လိုအပ်သည်များကို မှာကြားသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီး ကျော်ဝင်း၊ တိုင်းမှူးနှင့် အဖွဲ့ဝင်များသည် လားရှိုးမြို့သို့ ရောက်ရှိကြသည်။ **(သတင်းစဉ်)**

ရန်ကုန်မြို့ မြောက်ဥက္ကလာပမြို့နယ် နီလာ၃လမ်းနေ ဦးအောင်သန်း–ဒေါ်ဝင်းဖြူသွယ်၊ သား မောင်အောင်ကောင်းမြတ် မိသားစုက ကြေးပိဋကတ် သုတ္တန္တပိဋကဝင် ပါထေယျပါဠိတော် ကြေးပြား လေးချပ်(တန်ဖိုးငွေကျပ်တစ်သိန်း)ကို ကြေးပိဋကတ်တော် ပြုလုပ် လှူဒါန်းရေး ဦးဆောင် ဆရာတော်ဘဒ္ဒန္တ ဉာဏထံလှူဒါန်းကြရာ ဆရာတော်က ဂုဏ်ပြုမှတ်တမ်းလွှာပေးအပ်စဉ်။ (က–ပ)

အပြည်ပြည်ဆိုင်ရာကုန်သွယ်မှုသင်တန်းဖွင့်

ရန်ကုန် ဖေဖော်ဝါရီ ၂၂

ပြည်ထောင်စုမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် ပညာရေးဆိုင်ရာလုပ်ငန်းကော်မတီက ကြီးမှူးဖွင့်လှစ်သည့် အပြည်ပြည်ဆိုင်ရာကုန်သွယ်မှုသင်တန်း International Trade Course (Program-II) အပတ်စဉ်(၅)သင်တန်းဖွင့်ပွဲ အခမ်းအနားကို ဖေဖော်ဝါရီ၁၉ရက် မွန်းလွဲ၂နာရီက ရန်ကုန်မြို့ ပန်းဘဲတန်းမြို့နယ် ဗိုလ်ဆွန်ပက်လမ်းရှိ UMFCCI Training Centre ၌ကျင်းပရာ ပြည်ထောင်စုမြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် အထွေထွေအတွင်းရေးမှူး ပညာရေးဆိုင်ရာလုပ်ငန်းကော်မတီဥက္ကဋ္ဌ ဦးစိန်ဝင်းလှိုင်**(အပေါ်ပုံ)**က အဖွင့်အမှာစကားပြောကြားပြီး ပညာရေးဆိုင်ရာ လုပ်ငန်းကော်မတီဝင် ဦးတင်ကိုကိုက သင်တန်းနှင့်သက်ဆိုင်သောပညာရပ်များအကြောင်းကို ရှင်းလင်းပြောကြားသည်။

သင်တန်းကာလ

အဆိုပါသင်တန်းသို့ သင်တန်းသား၃၅ဦး တက်ရောက်ကြပြီး စီးပွားရေးလုပ်ငန်းရှင်များ၊ အငြိမ်းစားကထိကများနှင့် ဌာနဆိုင်ရာကိုယ်စားလှယ်များက သင်တန်းပို့ချဆွေးနွေးမည်ဖြစ်ကာ သင်တန်းကာလမှာ ၁၂ရက်ကြာမြင့်မည်ဖြစ်သည်။ **(သတင်းစဉ်)**

မြန်မာ Amateur Open Golf Championship 2008 ပြိုင်ပွဲကျင်းပမည်

ရန်ကုန် ဖေဖော်ဝါရီ ၂၂

မြန်မာနိုင်ငံဂေါက်သီးရိုက်အဖွဲ့ချုပ်က ကြီးမှူး၍ မြန်မာ Amateur Open Golf Championship 2008 ဂေါက်သီးရိုက်ပြိုင်ပွဲကို မတ် ၄ ရက်မှ ၇ ရက်အထိ ရန်ကုန်ဂေါက်ကလပ် တည်းကုန်း၌ ကျင်းပမည်ဖြစ်ရာ အမျိုးသားအပျော်တမ်းအဆင့်(အကျောပေး ၀ မှ ၁၂) အဆင့်အထိရှိသူများသာ ဝင်ရောက်ယှဉ်ပြိုင်ခွင့်ပြုမည်ဖြစ်သည်။

ပါဝင်ယှဉ်ပြိုင်လိုသော အမျိုးသားအပျော်တမ်းအဆင့် ဂေါက်သီးရိုက်အားကစားသမားများသည် မတ် ၂ ရက် မွန်းလွဲ၂နာရီ နောက်ဆုံးထား၍ ဖုန်း–၆၅၁၃၇၄၊ ၀၉–၉၉–၇၂၅၅၄နှင့် ၆၃၅၅၆၃တို့သို့ အမည်စာရင်းပေးသွင်းရမည်ဖြစ်ကြောင်း သိရသည်။ **(သတင်းစဉ်)**

သန့်တည်ပွားအဖွဲ့ တရားစခန်းဖွင့်မည်

ရန်ကုန် ဖေဖော်ဝါရီ ၂၂

ထေရဝါဒ ဗုဒ္ဓသာသနာတော် သန့်ရှင်း တည်တံ့ ပြန့်ပွားရေးအဖွဲ့(သန့်–တည်–ပွား)အဖွဲ့သည် ကျောင်းသား ကျောင်းသူ လူငယ်ကလေးများ ထေရဝါဒဗုဒ္ဓသာသနာတော်၏ အခြေခံအနှစ်သာရများကို ခိုင်ခိုင်မာမာ သိရှိနားလည်သဘောပေါက် ကျင့်သုံးနိုင်ရေး ရည်ရွယ်၍ စတုတ္ထအကြိမ်မြောက် လူငယ်ကိုးရက်အဓိဋ္ဌာန်တရားစခန်းကို ရန်ကုန်တိုင်း ငါးဆူတောင်ကျေးရွာ ၅ရပ်ကွက်ရှိ မြင့်မြတ်အလင်းရိပ်သာ ပရမတ္ထဓမ္မာရုံတွင် လာမည့်မတ် ၁ရက်မှ ၉ရက်အထိ ဖွင့်လှစ်မည်ဖြစ်သည်။

အဆိုပါအဓိဋ္ဌာန်တရားစခန်းသို့ ခုနစ်တန်း၊ ရှစ်တန်း၊ ကိုးတန်းကျောင်းသားကျောင်းသူလူငယ်များ ဝင်ရောက်နိုင်ပြီး စခန်းဝင်ဦးရေ ကန့်သတ်ထားရာ ဖေဖော်ဝါရီ၂၈ရက်ညနေ ၄နာရီ နောက်ဆုံးထား၍ ရုံးအဖွဲ့ဖုန်း–၀၁–၇၂၇၂၂၃သို့စုံစမ်းဆက်သွယ်စာရင်းပေးသွင်းနိုင်ကြောင်း သိရသည်။ **(က–ပ)**

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၂၃–၂–၂၀၀၈ (စနေနေ့)

AM & PM

၇း၀၀ – ၁း၀၀ MRTV-4 အဖွင့် Logo ယနေ့အစီအစဉ်
၇း၀၅ – ၁း၀၅ **'မြင်ပေမယ့်မမှန်'** တရားတော် (ဓမ္မဒူတအရှင်ဆေကိန္ဒ ဆရာတော်)
၈း၀၀ – ၂း၀၀ ပျော်ရွှင်ကြည်နူး ဘိုးဘွားတို့ရဲ့ ပဲခူးဘုရားဖူး
၈း၁၅ – ၂း၁၅ သီချင်းကောင်းကောင်း သီချင်းတောင်း
၈း၄၀ – ၂း၄၀ ဒေါက်တာချစ်ငယ်(ဒသဃန) Ph.D ၏နိဗ္ဗာန်ဆီသို့ အထူးတရားပွဲ(၁) (နေပြည်တော်ပျဉ်းမနား)
၉း၀၅ – ၃း၀၅ တေးဂီတအစီအစဉ်
၉း၁၀ – ၃း၁၀ ပြည်တွင်းသတင်းအကျဉ်း
၉း၂၀ – ၃း၂၀ Yangon Panorama [သရဖူမဂ္ဂဇင်း(၁၀)နှစ်ပြည့် အထိမ်းအမှတ်အဖြစ် Internet ပေါ်တွင် ထုတ်လွှင့်ခြင်း အခမ်းအနား]
၉း၃၅ – ၃း၃၅ နိုင်ငံတကာသတင်းအကျဉ်း
၉း၄၀ – ၃း၄၀ တေးဂီတအစီအစဉ်
၉း၄၅ – ၃း၄၅ ရွှေတောင်မြို့မှ စည်းလုံးချည်
၁၀း၀၅ – ၄း၀၅ မိုးလေဝသခန့်မှန်းချက်
၁၀း၁၀ – ၄း၁၀ တေးဂီတအစီအစဉ်
၁၀း၂၀ – ၄း၂၀ စမ်းသပ်စိုက်ပျိုးဝင်ငွေတိုး (ဖရုံသခွားစိုက်ပျိုးနည်း)
၁၀း၄၀ – ၄း၄၀ ပြည်တွင်းသတင်းအကျဉ်း
၁၀း၅၀ – ၄း၅၀ တေးဂီတအစီအစဉ်
၁၀း၅၅ – ၄း၅၅ ဆန်းသစ်လှပ မြန်မာ့ကြေးဒေါင်းရွှေအလှ
၁၁း၀၅ – ၅း၀၅ နိုင်ငံတကာ သတင်းအကျဉ်း
၁၁း၁၀ – ၅း၁၀ တစ်ပတ်အတွင်း အားကစားသတင်း
၁၁း၂၅ – ၅း၂၅ တေးဂီတအစီအစဉ်
၁၁း၃၀ – ၅း၃၀ အမျိုးသားဆေးပညာ အမွေပေးရာ တိုင်းရင်းဆေး တက္ကသိုလ် (အပိုင်း–၂)
၁၁း၅၅ – ၅း၅၅ တေးဂီတအစီအစဉ်
၁၂း၀၀ – ၆း၀၀ နိုင်ငံတကာတေးဂီတဆုပေးပွဲ အခမ်းအနား(AMA 2007)
၁၂း၃၀ – ၆း၃၀ လွင်မိုးခရီးသွားနေသည် အပိုင်း(၄)
၁း၀၀ – ၇း၀၀ MRTV-4 အပိတ် Logo

MRTV-4 အစီအစဉ်များကို ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်တွင် UHF တီဗွီအင်တင်နာဖြင့် အလွယ်တကူ ဖမ်းယူကြည့်ရှုနိုင်ပါသည်။

English Premier League ဘောလုံးပွဲစဉ်များ

ညပိုင်း	ပွဲစဉ်	ပြသမည့်လိုင်း
၇း၁၀	Birmingham-Arsenal	ESPN(Live)
၉း၂၅	Liverpool-Middlesbrough	ESPN(Live)
	Fulham-West Ham	Star Sport(Live)
၁၁း၄၀	Newcastle-Man Utd	Star Sport(Live)

Tourist Maps of Myanmar(TMM-20)နှင့် The Map of Bagan(MOB-11) အခမဲ့ စတင်ဖြန့်ချိ

ရန်ကုန် ဖေဖော်ဝါရီ ၂၂

ဟိုတယ်နှင့် ခရီးသွားလာရေး လုပ်ငန်းဝန်ကြီးဌာန၏ ကြီးကြပ်မှုဖြင့် Design Printing Services Co., Ltd. (D.P.S)သည် မြန်မာနိုင်ငံ၏ ခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးအတွက် Tourist Guide Map အမျိုးမျိုးတို့ကို၁၉၉၅ခုနှစ်မှစတင်ပြီး ထုတ်ဝေလျက်ရှိရာ ယခုထိစောင်ရေ ၁၃၉၀၀၀၀ စီစဉ်ပုံနှိပ် ဖြန့်ချိပြီးဖြစ်သည်။ ယခုပွင့်လင်းရာသီတွင် ပြည်တွင်းခရီးသွားများပါ အဆင်ပြေချောမွေ့စွာသွားလာနိုင်ရန် Tourist Maps of Myanmar (TMM-20) နှင့် The Map of Bagan (MOB-11) **(ယာပုံ)** တို့ကို စောင်ရေ လေးသောင်း အခမဲ့ဖြန့်ချိနေပြီဖြစ်သည်။

Tourist Maps of Myanmar (TMM-20)တွင် မြန်မာပြည် အသေးစိတ်မြေပုံ၊ ရန်ကုန်၊ မန္တလေး၊ ပြင်ဦးလွင်၊ ပုဂံ၊ မြောက်ဦး၊ တောင်ကြီး၊ အင်းလေး၊ ကျိုက်ထီးရိုး၊ မြိတ်၊ ငပလီ၊ ငွေဆောင်နှင့် ချောင်းသာမြေပုံတို့ကို မွမ်းမံထည့်သွင်းထားသည်။ The Map of Bagan(MOB-11) တွင် ပုဂံမြို့သစ်၊ မြို့ဟောင်း၊ ပုပ္ပား၊ ညောင်ဦးနှင့် ပုဂံဘုရားများ၏ တည်နေရာတို့ကိုမွမ်းမံထည့်သွင်းထားသည်။ လေကြောင်းလိုင်းများ၊ ပို့ဆောင်ရေးကုမ္ပဏီများ၊ ဟိုတယ်၊ စားသောက်ဆိုင်များ၏ တည်နေရာကို တိကျ ရှင်းလင်းစွာ ဖော်ပြထားသဖြင့် နိုင်ငံခြားခရီးသွားများသာမက မြန်မာနိုင်ငံသားများ အနေဖြင့် စိတ်ဝင်စားဖွယ်ရာ နေရာများသို့ အချိန်ကုန်သက်သာစွာဖြင့် လေ့လာနိုင်မည်ဖြစ်သည်။

ယခုဖြန့်ချိသော Tourist Maps of Myanmar(TMM-20), The Map of Bagan(MOB-11) နှင့် အခြားမြန်မာ့ခရီးသွား လမ်းညွှန်မြေပုံများကို ပြည်တွင်းသာမက ပြည်ပနိုင်ငံများသို့လည်း ထိရောက်စွာ ဖြန့်ဖြူးလျက်ရှိပြီး အထူးသဖြင့် မတ်၅ ရက်မှ ၉ရက်အထိ ဂျာမနီနိုင်ငံ ဘာလင်မြို့တွင် ကျင်းပမည့် (ITB Berlin-2008) တွင် တစ်ကမ္ဘာလုံးမှ လာရောက်ကြမည့် ခရီးသွားလုပ်ငန်းကုမ္ပဏီများကို ဖြန့်ဝေပေးမည်ဖြစ်သည်။

အဆိုပါ လမ်းညွှန်မြေပုံများကို ဟိုတယ်၊ ခရီးသွားလုပ်ငန်းနှင့် သက်ဆိုင်သောလုပ်ငန်းများ၊ ဧည့်လမ်းညွှန်များသည် ကုမ္ပဏီမှတ်ပုံတင်မိတ္တူနှင့် ကိုယ်စားလှယ်လွှဲစာပြသ၍ မြန်မာ့ခရီးသွားလုပ်ငန်း (ဆူးလေ)တွင်လည်းကောင်း၊ Design Printing Services Co.,Ltd.(D.P.S) တွင်လည်းကောင်း မတ် ၁၅ရက်မှ စ၍ ရုံးချိန်အတွင်း အခမဲ့ လာရောက်ထုတ်ယူနိုင်ကြောင်းနှင့် ဆက်သွယ်ထုတ်ယူနိုင်သည့် လိပ်စာမှာ အမှတ် ၁၆၅–၁၆၇၊ ပထမထပ်၊ ၃၅ လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း–(၉၅–၁) ၂၀၄၀၂၀၊ ၂၀၄၂၀၀၊ ၅၇၀၁၂၇၊ Tel/Fax:(၉၅–၁)၂၄၅၂၃၀ တို့ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ဝိဇာတမင်္ဂလာ ပူဇော်ပွဲကျင်းပမည်

ရန်ကုန် ဖေဖော်ဝါရီ ၂၂

ကြည့်မြင်တိုင်မြို့နယ် စလင်းကျောင်းတိုက် ခေမာသီဝံကျောင်း ဘဒ္ဒန္တ ကောသလာဘိဝံသ(အဂ္ဂမဟာပဏ္ဍိတ၊ အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ၊ မဟာဂန္ထ ဝါစကပဏ္ဍိတ)ဆရာတော်အား မတ် ၁ ရက် နံနက်တွင် ယင်းကျောင်း၌ ရဟန်းဒကာ၊ ရဟန်းအမများ၊ ဆွေတော်မျိုးတော်များ၊ ခေမာသီဝံအနွယ်တော်များနှင့် ထူးကြီးအသင်းသူ၊ အသင်းသားများ စုပေါင်း လျက်ဝိဇာတ အလှူတော်မင်္ဂလာနှင့် စာချထေရ်မွန်ပူဇော်ပွဲတို့ဖြင့် ဆင်ယင်ပူဇော်ကြမည်ဖြစ်သည်။

ပူဇော်လိုသူများသည် ဦးဇော်ဌေး ဖုန်း–၂၀၀၃၆၀(ထူးကြီးအသင်းအတွင်းရေးမှူး)နှင့် ခေမာသီဝံကျောင်း မွေးနေ့တော် ကော်မတီထံတွင် ဆက်သွယ်ပူဇော်နိုင်ကြောင်း သိရသည်။ (က–ပ)

❐ ကျောဖုံးမှ

ပထမဆုံးပွဲစဉ်အဖြစ် ဂျိုးမတေ (သူရဲကောင်း)နဲ့ သောကြာထွန်း (မထိလာ)တို့ပွဲကတော့ ပွဲစတာနဲ့ အပြာထောင့်က သောကြာထွန်းက ဘယ်/ညာ ဖြောင့်လက်သီးတွေ အတွဲလိုက်ဆင့်ထိုးသလို ဂျိုးမတေက လူချင်းပူးကပ်ပြီး ချုပ်ဒူး၊ ပတ်ဒူး တွေနဲ့တိုက်တာမို့ ထိချက်ပြင်းပြီး ဒုတိယအချီမှာပဲ သောကြာထွန်း လဲကျပြီးမထနိုင်တော့တာမို့ ဂျိုးမတေ အလဲထိုး အနိုင်ရရှိသွားခဲ့ပါတယ်။ ပွဲပြတ်အလဲထိုးသွားတဲ့ ဂျိုးမတေကို ပရိသတ်တွေလက်ခုပ်တဖြောင်းဖြောင်း အားပေးကြပါတယ်။

လုံးချော(ညောင်တုန်း)နှင့် ရှမ်းလေးသွေး(ခ)ကျော်စွာ(မြဝတီ)တို့ ဤသို့ သူတစ်ပြန်ကိုယ်တစ်ပြန် ထိုးသတ်ခဲ့ကြသည်။ (မြန်မာ့အလင်း)

အလဲထိုး

ဒုတိယပွဲစဉ်က စောသုံးလုံး(မထိလာ)နဲ့ ဒေါန(ရွှေလက်ရာ)တို့ ပွဲပါပဲ။ အပြာထောင့်က ဒေါနက တောင့်တင်းပြီး ခြေကန်ချက် ပြင်းပြင်းကို မနားတမ်း အသုံးပြုခဲ့တာမို့ စောသုံးလုံးကြမ်းပြင်ပေါ် ခဏခဏလဲကျနေခဲ့ပါတယ်။ စောသုံးလုံးက အရှောင် အတိမ်းကောင်းကောင်းနဲ့ခံထိုးပေမယ့် ဒေါနရဲ့ ခြေကန်ချက်က သံတုတ်နဲ့ အားပါပါ ရိုက်သလိုဖြစ်နေတာမို့ သုံးချီမှာပဲ ပွဲသိမ်းပြီး ဒေါန (ရွှေလက်ရာ) အလဲထိုး အနိုင်ရရှိသွားပါတယ်။

မျှော်စင်ကျွန်းမှစိမ်ခေါ်သံ အထူးငါးချီစိန်ခေါ်ပွဲတွင် စိန်ခေါ်သူ (ယာ) **ရှမ်းလေးသွေး(မြဝတီ)၏ညာခြေကန်ချက်ကို ချန်ပီယံလုံးချော(ညောင်တုန်း) ညာထောင့်လက်သီးဖြင့် တန်ပြန်စဉ်။**

(မြန်မာ့အလင်း)

အားပေးခဲ့

တတိယပွဲကတော့ ထွန်းထွန်းဝင်း(ဒေါင်းမြန်မာ)နဲ့ စောသားငယ် (မထိလာ)တို့ပွဲဖြစ်ပြီး လွှတ်ဟော့ဆိုတာနဲ့ စောသားငယ်က မုန်တိုင်းတိုက်သလို တစ်ဟုန်ထိုး ဘယ်ဝိုက် ညာဝိုက်တွေနဲ့ အတင်း ဖိထိုးခဲ့တာမို့ ပထမအချီ ၄၈စက္ကန့်မှာပဲ ထွန်းထွန်းဝင်း ကြိုးဝိုင်းကြမ်းပြင်ပေါ်လဲကျပြီး မထနိုင်တော့တာနဲ့ စောသားငယ်က အလဲထိုးအနိုင်ရရှိခဲ့တာမို့ စက္ကန့်ပိုင်းနဲ့ ပွဲသိမ်းနိုင်ခဲ့တဲ့ စောသားငယ်ကို ပရိသတ်တွေက အော်ဟစ် အားပေးသံ ဆူညံနေပါတော့တယ်။

ချီးမြှောက်အားပေး

စတုတ္ထပွဲစဉ်အဖြစ် စောဇော်မင်း (ရွှေလက်ရာ)နဲ့ ရှုမဝ(ဒေါင်းမြန်မာ)တို့ ပွဲကလည်း အသည်းမာသူမို့ ပွဲတက်လာတဲ့ သူတွေပီပီ ရှိသမျှအားတွေ သွန်ပြီး အပြန်အလှန်ထိုးသတ်တာဟာ အသက်မရှူဝံ့အောင်ပါပဲ။ ရှုမဝရဲ့ ချုပ်ဒူး၊ ပင့်လက်သီးတွေက စောဇော်မင်းကို ထိချက်ဝင်ခဲ့တာမို့ စောဇော်မင်းကလည်း အယိုင်ယိုင် အလဲလဲ ဖြစ်နေခဲ့ပါတယ်၊ စောဇော်မင်းက ဟန်ချက်ပြန်ထိန်းပြီး ဘယ်ဖြောင့် ညာဝိုက်လက်သီးတွေ သုံးခဲ့ပေမယ့် ရှုမဝရဲ့ ဘယ်ပင့်လက်သီးကြောင့် ကြမ်းပြင်ပေါ်က ပြန်မထနိုင်ဘဲ အရှုံးပေးခဲ့ရတာမို့ သုံးချီနဲ့ ရှုမဝ အနိုင်ရခဲ့ပါတယ်။ ရှုမဝကို ပရိသတ်တွေက လက်ခုပ်သံတွေနဲ့ ချီးမြှောက် အားပေးခဲ့ပါတယ်။

အရှုံးပေး

ပဉ္စမပွဲကတော့ စောနေအောင် (ရွှေလက်ရာ)နဲ့ ရာဟု(မထိလာ)တို့ ပွဲပါပဲ၊ ပွဲစတာနဲ့ စောနေအောင်က ခြေကန်ချက်တွေ မရပ်မနား အသုံးပြုနေတာမို့ ရာဟုလည်း တည်မရအောင် ဖြစ်ခဲ့ရပါတယ်။ ရာဟုရဲ့ ဘယ်ဖြောင့်လက်သီး တစ်ချီတစ်ချီ ထိမှန်ခဲ့ပေမယ့် စောနေအောင်ရဲ့ မီးပွင့်မတတ်ခြေကန်ချက်တွေကြောင့် တတိယအချီမှာ ရာဟုအရှုံးပေးခဲ့ရပါတယ်။

ချီးမြှင့်

ဆဋ္ဌမပွဲက စောသဲမင်း (ကေအယ်လ်အင်န်)နဲ့ မိုက်သဲလေး(ဒေါင်းမြန်မာ)တို့ပွဲပါ၊ အရပ်မြင့်ပြီး အသားဖြူတဲ့ စောသဲမင်းက လူချင်းပူးပြီး အားပါ ပြင်းထန်တဲ့ ညာဖြောင့်လက်သီးတွေ မနားတမ်းထိုးပြီး အားနဲ့အတင်းလိုက် ဖိထိုးနေတာမို့ မိုက်သဲလေးခွာပြီး ရှောင်ပြီး ထိုးနေပေမယ့် ဝါးရင်းတုတ်နဲ့ ရိုက်သလို ပြင်းထန်တဲ့ဘယ်ခြေကန်ချက်ကြောင့် မိုက်သဲလေးလဲကျခဲ့ပြီး စောသဲမင်း အလဲထိုးအနိုင်ရရှိခဲ့တာမို့ ပရိသတ်တွေက စောသဲမင်းကို ဆုငွေတွေ ချီးမြှင့်ပေးကြပါတယ်။

ရင်တမမ

သတ္တမပွဲကတော့ အောင်သူရ (ဒေါင်းမြန်မာ)နဲ့ သိန်းဇံ(ရက္ခဗျာလ) တို့ပွဲဖြစ်ပါတယ်။ အပြာထောင့်က သိန်းဇံဟာပွဲစတာနဲ့ အားသုံးပြီး ခြေ၊ ဒူး၊တံတောင်တွေနဲ့ မုန်ယိုနေတဲ့ ဆင်တစ်ကောင်လို အတင်းထိုးသတ်ခဲ့တာမို့ အောင်သူရလည်း ဘယ်လိုမှ မကာကွယ်နိုင်ဘဲ ဒုတိယအချီ တစ်မိနစ် ၅၂စက္ကန့်မှာပဲ သိန်းဇံရဲ့ ဒူးတိုက်ချက်ကြောင့် ကြမ်းပြင်ပေါ်လဲကျခဲ့တာမို့ အချိန်တိုအတွင်းမှာ သိန်းဇံက ပွဲဖြတ်နိုင်ခဲ့ပါတယ်။သိန်းဇံရဲ့ထိုးသတ်ပုံနဲ့တိုက်ကွက်တွေကို ပရိသတ်တွေ ရင်တမမကြည့်ခဲ့ရပါတယ်။

ပွဲသိမ်းနိုင်

အဋ္ဌမ ပွဲစဉ်ကတော့ ဖွဲ့သတ္တိ (သူရဲကောင်း)နဲ့ ကျော်ခေါက်(ဒေါင်းမြန်မာ)တို့ ပွဲပါ၊ အသားဖြူပြီး တောင့်တင်းတဲ့ ကျော်ခေါက်ဟာ ပွဲအစမှာ လက်ရည်တူ ထိုးသတ်နိုင်ပေမယ့် ဖွဲ့သတ္တိရဲ့ ပြင်းထန်တဲ့ ညာဖြတ်လက်သီး ကျော်ခေါက် မျက်နှာကို တိုက်ရိုက် ထိခဲ့တာမို့ ပြန်မထနိုင်တော့ဘဲ အရှုံးပေးခဲ့တာကြောင့် ဖွဲ့သတ္တိ အနိုင်ရရှိပြီး ပွဲသိမ်းနိုင်ခဲ့ပါတယ်။

အော်ဟစ်အားပေး

နဝမမြောက် ပွဲစဉ်ကတော့ ပရိသတ်တွေအထူးမျှော်လင့်နေကြတဲ့ လုံးချော(ညောင်တုန်း)နဲ့ရှမ်းလေးသွေး (မြဝတီမင်း)တို့ပွဲပဲဖြစ်ပါတယ်။ ဒီပွဲကို စတင်ဖို့ ကြိုးဝိုင်းအတွင်းကို အနီထောင့်က လုံးချော စွေ့ခနဲခုန်ဝင်လာသလို အပြာထောင့်ကနေပြီး ရှမ်းလေးသွေးကလည်း ဟန်ပါပါ တက်လာပါတယ်။ ပရိသတ်တွေအားလုံးက သူတို့ နှစ်ယောက်ရဲ့ နာမည်ခေါ်ပြီး သံပြိုင် အော်ဟစ် အားပေးနေတာဟာ လက်ဝှေ့ပွဲခင်းမှာတော့ ဟည်းထနေတော့ တာပါပဲ။

ချန်ပီယံ လုံးချော၏ ဘယ်ခြေခတ်ချက်ကို ပြိုင်ပွဲအတွေ့အကြုံ ရင့်ကျက်သည့် လက်ဝှေ့ကျော် ရှမ်းလေးသွေးက ညာလက်ဖြင့် ဖမ်းချုပ်ရန် ကြိုးစားခဲ့သည်မှာ .... ။ (မြန်မာ့အလင်း)

လုံးချော(ညောင်တုန်း)၏ လက်သီးချက်များကြောင့် ရှမ်းလေးသွေး ဤသို့ လဲပြိုကျခဲ့သော်လည်း .... ။ (မြန်မာ့အလင်း)

အသာစီးမရ

ပွဲစတာနဲ့ နှစ်ယောက်စလုံးဟာ ဝါရင့်သမ္ဘာရင့်တွေပီပီ အရမ်းမဝင်ဘဲ သတိထားပြီး အကဲခတ်နေရာက လုံးချောက ဖျတ်ခနဲ ဘယ်ထောက် လက်သီး ဆင့်ထိုးလိုက်တာဟာ ရှမ်းလေးသွေးမျက်နှာကို တည့်တည့်ထိမှန် သွားပါတယ်။ ဒါပေမယ့် ရှမ်းလေး သွေးဟာ ဟန်မပျက်ဘဲ လုံးချောကို အတင်းဖိလိုက်ပြီး တည်ထိုး ဖို့ကြိုးစားပါတယ်။ ဒါပေမယ့် ပါးနပ်တဲ့ လုံးချောက ရှမ်းလေးသွေးရဲ့ ထိုးကွက် အကဲခတ်မိတာမို့ ရှောင်တိမ်း လှုပ်ရှား လှည့်ပတ်ပြီး ဘယ်ထောက်၊ ညာဖြတ် လက်သီးတွေနဲ့ မှန်မှန် ထိုးသတ်ခဲ့ပါတယ်။ ပထမ အချီမှာ ဘယ်သူမျှ အသာစီးမရခဲ့ပါဘူး။

သက်သာခဲ့

ဒုတိယအချီအစမှာကတည်းက လုံးချောက ဘယ်ထောက်လက်သီး ပြင်းပြင်းကို လျှပ်ပျက်သလိုထိုးသတ်နေခဲ့ပေမယ့် ရှမ်းလေးသွေးရဲ့အားပါတဲ့ ညာလက်သီး လုံးချောမျက်နှာကို ပြင်းပြင်းထန်ထန်ထိမှန်ခဲ့လို့ လုံးချော ခါဆင်းသွားပါတယ်။ ရှမ်းလေးသွေး အတင်းလိုက်ထိုးပေမယ့် လုံးချော ရှောင်ထွက်သွားလို့ သက်သာခဲ့ပါတယ်။

သွေးချင်းချင်းနီ

တတိယအချီမှာတော့ ရှမ်းလေး သွေးရဲ့ ညာဖြောင့်လက်သီး လုံးချော မေးရိုးကို တူနဲ့ထုလိုက်သလိုကျရောက် ထိမှန်ခဲ့တာမို့ လုံးချောလဲကျသွားပြီး အနားတောင်းခဲ့ရပါတယ်။ စတုတ္ထ အချီမှာတော့ လုံးချောက ခြေကန်ချက်တွေ၊ ဘယ်၊ ညာထောက်လက်သီးတွေ မနားတမ်းသုံးခဲ့တာဟာ ရှမ်းလေး သွေးကို မလွဲတမ်းထိမှန်ခဲ့တာကြောင့် ရှမ်းလေးသွေး မျက်နှာမှာလည်း သွေး ချင်းချင်းနီနေတော့တာပါပဲ။

သရေပွဲ

ပဉ္စမအချီမှာတော့ ရှမ်းလေးသွေး က အတင်းလိုက်ပူးပြီး ထိုးသတ်ပေမယ့် လုံးချောက အကပ်မခံဘဲ ဒူးတိုက်ချက်၊ ညာဖြတ်လက်သီးတွေသုံးပြီး ထိုးခဲ့သလို ရှမ်းလေးသွေးကလည်း သတ္တိကောင်းကောင်း အသည်းမာမာနဲ့ ညာဖြောင့် လက်သီးတွေ ထိုးသတ်ခဲ့ပေမယ့် ဘယ်သူမှ ပွဲမဖြတ်နိုင်ဘဲ သရေပွဲအဖြစ်နဲ့ ပွဲသိမ်းခဲ့ရပါတယ်။ ။ **(မြန်မာ့အလင်း)**

မျှော်စင်ကျွန်းမှ စိန်ခေါ်သံ(၇) ရိုးရာလက်ဝှေ့ စိန်ခေါ်ပွဲများကို လက်ဝှေ့ဝါသနာအိုးများ ဤသို့ တစ်ခဲနက် အားပေးကြည့်ရှုခဲ့ကြသည်။ (မြန်မာ့အလင်း)

ဗဟိုအလုပ်အမှုဆောင် ဝန်ကြီး ဗိုလ်မှူးကြီးသိန်းညွန့် ပန်းတနော်နှင့် ဇလွန်မြို့နယ် လမ်းသစ်ဖွင့်ပွဲများတက်ရောက်

ရန်ကုန် ဖေဖော်ဝါရီ ၂၂

(၆၃)နှစ်မြောက်တပ်မတော်နေ့ကို ဂုဏ်ပြုကြိုဆိုသောအားဖြင့် ပန်းတနော်မြို့နယ် အင်းမ–အင်းတကော– ခရေကန် ကျေးလက်ကျောက်ချောလမ်းသစ်(သရက်တော–ဖြန့်ကြီး–တိုက်ကုန်းလမ်းပိုင်း)ဖွင့်ပွဲအခမ်းအနားကို ဖေဖော်ဝါရီ ၁၈ရက် ညနေပိုင်းက အဆိုပါမုခ်ဦးနေရာ၌ကျင်းပရာ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုအလုပ်အမှုဆောင် နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးကြီးသိန်းညွန့် တက်ရောက်သည်။

အဆိုပါ အင်းမ–အင်းတကော–ခရေကန်–ခနော် ကျေးလက်လမ်း အရှည် ၁၁မိုင်အနက် ၂၀၀၅–၂၀၀၆ ဘဏ္ဍာရေးနှစ်တွင် ၎င်းလမ်းပေါ်ရှိ အရှည် ၁၀၈ပေ၊ အကျယ် ၁၂ပေရှိ ကျုံခရင်သစ်သားတံတားတစ်စင်းနှင့် ၂၀၀၆–၂၀၀၇ ဘဏ္ဍာရေးနှစ်တွင် အင်းမကျေးရွာမှ သရက်တောကျေးရွာအထိ အရှည်တစ်မိုင် နှစ်ဖာလုံအား ကျောက်ချောလမ်းအဖြစ် အဆင့်မြှင့်တင်ဆောင်ရွက်နိုင်ခဲ့ပြီး ယခုဖွင့်လှစ်သည့် သရက်တော–ဖြန့်ကြီး–တိုက်ကုန်းလမ်းပိုင်းသည် အရှည်တစ်မိုင် အကျယ် ၁၂ပေရှိ၍ လမ်းပြီးစီးသွားသဖြင့် ရန်ကုန်–ပုသိမ်အဝေးပြေးကားလမ်းမကြီးသို့ လည်းကောင်း၊ ပန်းတနော်မြို့နယ်နှင့် ကျုံပျော်မြို့နယ်၊ ဓနုဖြူမြို့နယ်နှင့် ကျောင်းကုန်းမြို့နယ်တို့သို့ လည်းကောင်း ဆက်သွယ်သွားလာနိုင်သော လမ်းဖြစ်ကာ အင်းမ–အင်းတကော–ခရေကန်–ခနော်ကျေးရွာအုပ်စုလေးအုပ်စုတို့မှ ကျေးရွာ ၃၉ရွာ၏ ကျန်းမာရေး၊ လူမှုရေး၊ စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ပြီး လမ်းပန်းဆက်သွယ်မှု လွယ်ကူအဆင်ပြေချောမွေ့ကြောင်း သိရသည်။

တွေ့ဆုံ

ထို့နောက် ဗဟိုအလုပ်အမှုဆောင် ဝန်ကြီးသည် အင်းမကျေးရွာအုပ်စု ဖြန့်ကြီးတိုက်ကုန်းကျေးရွာ အခြေခံပညာအလယ်တန်းကျောင်း မန်းကြာလှိုင်ခန်းမ၌ အင်းမ၊ အင်းတကော၊ ခရေကန်နှင့်ခနော်ကျေးရွာအုပ်စုများမှ ကျေးလက်ပြည်သူများအား တွေ့ဆုံသည်။ **(အပေါ်ပုံ)**

အဒါးလမ်းကတ္တရာထပ်ပိုးလွှာခင်း

ထိုမှတစ်ဆင့် ဗဟိုအလုပ်အမှုဆောင်ဝန်ကြီးသည် (၆၃)နှစ်မြောက်တပ်မတော်နေ့ကို ဂုဏ်ပြုကြိုဆိုသောအားဖြင့် ဖေဖော်ဝါရီ ၁၉ရက် နံနက်ရနာရီခွဲက ကျင်းပသည့် ဇလွန်မြို့နယ် ဇလွန်မြို့ အဒါးလမ်း ကတ္တရာထပ်ပိုးလွှာခင်းခြင်း လမ်းသစ်ဖွင့်ပွဲ အခမ်းအနားသို့ တက်ရောက်သည်။

အဆင်ပြေချောမွေ့မည်

အဆိုပါ အဒါးလမ်းမှာ အရှည် ပေ၂၆၄၀၊ အကျယ် ၁၂ပေရှိပြီး ဇလွန်–ပျဉ်းမကုန်း ကျေးလက်ကျောက်ချောလမ်းနှင့်လည်းကောင်း၊ ဇလွန်– ကော့ကပ် ကျေးလက် ကျောက်ချောလမ်းနှင့်လည်းကောင်း ဆက်သွယ်လျက်ရှိကာ မြို့ပေါ်ရပ်ကွက်နှင့် ကျေးရွာ အုပ်စု ၁၀အုပ်စုရှိ ပြည်သူများအနေဖြင့် အထောက်အကူပြုသည့် အဓိကလမ်းမကြီးဖြစ်သည့်အပြင် ဇလွန်မြို့မှ ရန်ကုန်မြို့၊ ဓနုဖြူမြို့နှင့် ဟင်္သာတမြို့များသို့ ဆက်သွယ်ပေးသော လမ်းတစ်လမ်းဖြစ်သဖြင့် ပြည်သူများသွားလာမှု အဆင်ပြေချောမွေ့မည်ဖြစ်ကြောင်း သိရသည်။

ရာသီမရွေးသွားလာနိုင်

အဆိုပါ သပြုကျေးရွာအဝင် ကျေးလက်ကျောက်ချောလမ်းမှာ အရှည်ပေ ၂၁၀၀၊ အကျယ် ၁၀ပေရှိပြီး လမ်းပြီးစီးသွားသဖြင့် သပြု၊ ရေလဲ၊ ထိပ်ဝ၊ ကဇင်းတော၊ သပြုကြားစု အရှေ့နှင့်သပြုကြားစုအနောက် ကျေးရွာတို့မှ ကျေးရွာပြည်သူများ ရန်ကုန်–ဟင်္သာတလမ်းမကြီးမှ တစ်ဆင့် ရန်ကုန်မြို့၊ ဟင်္သာတမြို့၊ ပုသိမ်မြို့နှင့်ဓနုဖြူမြို့များသို့ ရာသီမရွေး သွားလာနိုင်ပြီဖြစ်ကြောင်း သိရသည်။

(သတင်းစဉ်)

မြောက်ဥက္ကလာပ အမက(၈)၏ ၂၀၀၆–၂၀၀၇ ပညာသင်နှစ် မိဘဆရာအသင်း နှစ်ပတ်လည်အစည်းအဝေးနှင့် ပညာရည်ချွန်ဆုချီးမြှင့်ပွဲကို **ဖေဖော်ဝါရီ ၁၂ရက်က ကျင်းပရာ ကျောင်းအုပ် ဆရာမကြီး ဒေါ်တင်တင်မူက မြို့နယ်အဆင့် ယဉ်ကျေးမှု စာစီစာကုံးပြိုင်ပွဲ တတိယဆုနှင့် ကျောင်းတွင်း ဘာသာရပ်ထူးချွန်ဆုများရရှိသော တတိယတန်းမှ မမေသက်ခိုင်အား ဆုချီးမြှင့်စဉ်။** (၁၁၈)

ဒဂုံမြို့သစ်(အရှေ့ပိုင်း) ပြန်/ဆက် ဦးစီးဌာန နယ်လှည့်စာကြည့်တိုက်နှင့် စာဖတ်ဝိုင်းကျင်းပ

ရန်ကုန် ဖေဖော်ဝါရီ ၂၂

ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန နယ်လှည့်စာကြည့်တိုက်၊ နံရံကပ်စာစောင်၊ ဓာတ်ပုံပြပွဲ၊ ဟောပြောပွဲနှင့် စာဖတ်ဝိုင်းကို ဖေဖော်ဝါရီ၁၄ရက် နံနက်၁၀နာရီက (၉+၁၀)ရပ်ကွက် အလင်းရောင်ကိုယ့်အား ကိုယ်ကိုး စာကြည့်တိုက်၌ ကျင်းပရာ ရပ်ကွက်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးအောင်ကျော်မိုးက အဖွင့်အမှာစကား ပြောကြားသည်။ **(အောက်ပုံ)**

ရှင်းလင်းပြောကြား

မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဒေါ်ယဉ်ယဉ်နွယ်က စာကြည့်တိုက်ရှင်သန်ခိုင်မာရေး၊ နယ်လှည့်စာကြည့်တိုက်နှင့် စာဖတ်ဝိုင်းကျင်းပရခြင်းရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားသည်။

(မြို့နယ် ပြန်/ဆက်)

ဇာတ်ကောင်ပေါင်းများစွာနှင့် အမည်မဖော်လိုသူအချစ်

ရုပ်ရှင်သတင်းထောက်

ရန်ကုန် ဖေဖော်ဝါရီ ၂၂

မင်းလူ၏ဝတ္ထုကို ဆုသြချယ်ဇာတ်ညွှန်းရေးပြီး ဒါရိုက်တာမီးပွားရိုက်ကူးသည့် **အမည်မဖော်လိုသူအချစ်** ဇာတ်ကားမှာ ဇာတ်ကောင်ပေါင်းများစွာ ပါဝင်ထားသော်လည်း အချိတ်အဆက်မိမိ တင်ပြနိုင်သဖြင့် ဇာတ်ကားပြီးသည်အထိ တဝါးဝါးတဟားဟား ရယ်ရသော ဟာသဇာတ်မြူးကားဖြစ်သည်။ စာမေးပွဲအပြီး ခေါင်းဆေးလိုသူ ကျောင်းသားကျောင်းသူများ အကြိုက်တွေ့စေမည့် ဟာသကားဖြစ်သည်။

အမည်မဖော်လိုသူအချစ်မှာ အိပ်မက်ထဲတွင် မယားနိုင်သလောက် လက်တွေ့ဘဝတွင် မယားကြောက်ရသော စာရှူးပေရှူး လက်ကြောမတင်းသူ အရိုင်းနှင့် ဘဝကို မုန့်ဟင်းခါးရောင်းပြီး လက်တွေ့ကျကျ ရင်ဆိုင်ဖြေရှင်းတတ်သူ စိုးမြတ်သူဇာတို့၏ အိမ်ထောင်ရေးနှင့် ရပ်ကွက်ထဲ မဓောနိုင်မပန်းနိုင် အတင်းလည်ပြောသလောက် အိမ်မှုကိစ္စအဝဝကို အပျင်းကြီးပြီး ယောကျ်ား အပေါ်အချုပ်ကာ အနိုင်ယူတတ်သော ခိုင်သင်းကြည်နှင့် ကျော်ရဲအောင်တို့ အိမ်ထောင်ရေး အဆင်မပြေရာမှ လင်မယားကွဲကြပြီး ကျော်ရဲအောင်နှင့်အရိုင်းကဆရာကြီးလုပ်ကာထွန်းထွန်းနှင့် စိုးမြတ်နန္ဒာ၊ မြင့်မြတ်နှင့်သက်မွန်မြင့်၊ ရဲလေးနှင့် မိုးပြည့်ပြည့်မောင်၊ ရန်အောင်နှင့် မေသဥ္ဇာဦးတို့ စုံတွဲများကို အဆင်ပြေစေရန် အခါတော်ပေးရသော ဇာတ်လမ်းဖြစ်သည်။

အိမ်ထောင်ရေးဘဝ သရုပ်ဖော်ရာတွင် ယခုထက် ပိုမိုပီပြင်အောင် ရိုက်ကူးမည်ဆိုပါက သဘာဝကျပြီး ပိုကောင်းနိုင်အောင်လည်း ဒါရိုက်တာက ဟာသဘက်အလေးသာပြီး ရိုက်ကူးထား၍ သဘာဝထက် ဟာသဘက်က ကြည့်ကြလျှင် ကြည့်ပျော်သော ဟာသကားကောင်းတစ်ကား ဖြစ်သည်ဟု ဆိုရသော် လွန်အံ့မထင်ဟု ဆိုပါရစေ။ ရန်ကုန်၌ သမ္မတ၊ သွင်၊ မင်္ဂလာရုံများ၌ ပြသနေပြီး မန္တလေးတွင် ဝင်းလိုက်နှင့် မြို့မရုံများ၌ ပြသနေသည်။

ဒါရိုက်တာ ကိုအောင်မင်းသိမ်း၏ **မွှောသောက အင်းဝရာဇာ**မှာ မြို့လယ် ဝဇီရာ၊ ရွှေဗဟိုရ်၊ ဘုရင့်နောင်နှင့် ရောဝတီရုံများတွင် ဆက်လက် အားကောင်းနေဆဲ ဖြစ်သည်။

အမည်မဖော်လိုသူ အချစ် ဇာတ်ကားမှ ကျော်ရဲအောင်နှင့် ခိုင်သင်းကြည်။

မွှောသောက အင်းဝရာဇာ ဇာတ်ကားမှလူမင်းနှင့်နန္ဒာလှိုင်။

ညီရင်းအစ်ကို ဇာတ်ကားမှ ဝေဠုကျော်၊ ရာဇာနေဝင်းနှင့်သဇင်။

ပြသ

ရွှေ့ဆောင်ရုံတွင် Hitman နှင့် နေပြည်တော်ရုံတွင် National Treasure(2) ဇာတ်ကားပြသနေသည်။ ဆုထူးပန်ရုံတွင် Hanuman ရုံဝင်လာပြီး ဘုရင့်ရုံတွင် Khakee ဇာတ်ကား ပြန်လည်ဖျော်ဖြေလျက်ရှိသည်။ မြို့မရုံတွင် မင်းသား ဆယ်လ်မန်းခန်း၊ ဆိုဟေးလ်ခန်းနှင့်မင်းသမီး ဇူစ်မီတာဆင်းန်၊ ဆိုနီယားဂျက်တီတို့ပါဝင်ထားသည့် Maine Pyar Kyun Kiyaအချစ်ဇာတ်ကား ရုံဝင်လာသည်။

ရုံဝင်

နဝဒေးနှင့် မဟာမြိုင်ရုံများတွင် ဇာတ်ညွှန်းနှင့်ဒါရိုက်တာထူးလယ်မှူး၏ **ညီရင်းအစ်ကို** ဗီဒီယိုဇာတ်ကား ရုံဝင်လာသည်။ ညီရင်းအစ်ကိုတွင် ဝေဠုကျော်၊ မင်းဦး၊ ရာဇာနေဝင်း၊ နဝရတ်နှင့်သဇင်တို့ ပါဝင်ကာ သရုပ်ဆောင်ပေါင်းများစွာဖြင့် ဖော်ကျူးထားသော အက်ရှင်ဇာတ်ကားဖြစ်သည်။ ကြယ်နေလ ရုပ်ရှင်ဗီဒီယိုထုတ်လုပ်ရေးမှ တင်ဆက်ထားသော ဇာတ်ကားဖြစ်သည်။ ။

(မြန်မာ့အလင်း)

ကမ္ဘာ့အားကစား နောက်ဆုံးသတင်းများ ကမ္ဘာ့အားကစား နောက်ဆုံးသတင်းများ ကမ္ဘာ့အားကစား နောက်ဆုံးသတင်းများ ကမ္ဘာ့အားကစား နောက်ဆုံးသတင်းများ

ဒရော့ဘာနှင့် ဘာဘာတော့ပ်တို့ရဲ့ အားပြိုင်မှု သည်းထိတ်ရင်ဖိုရှုစားကြရမယ့် ကာလင်းဖလားလုပွဲ

ရေးသားတင်ပြသူ
မောင်မောင်မြင့်ဆွေ

လန်ဒန် ဖေဖော်ဝါရီ ၂၂

အင်္ဂလိပ်ပရီမီယာလိဂ် ထိပ်တန်းအသင်းကြီးတွေကအစ တန်ဖိုးထားလာရပြီဖြစ်တဲ့ ကာလင်းဖလားရဲ့ ၂၀၀၇–၂၀၀၈ ဘောလုံးရာသီ နောက်ဆုံးဖိုင်လ်လုပွဲကို စပါးနဲ့ချယ်လ်ဆီးတို့ လန်ဒန်မြို့ ဝင်ဘလေကွင်းကြီးမှာ ဖေဖော်ဝါရီ ၂၄ရက်မှာ ရေကုန်ရေခန်း ယှဉ်ပြိုင်ကစားကြပါတော့မယ်။

ကာလင်းဖလား ချန်ပီယံသရဖူကို ချယ်လ်ဆီးနည်းပြ ဂရန့် ဘယ်လိုကာကွယ်မလဲ။

ဒီနှစ် ပရီမီယာလိဂ်မှာတော့ ချယ်လ်ဆီးရော စပါးအသင်းပါ ပုံမှန်ခြေစွမ်းပြနိုင်တဲ့ အသင်းတွေဖြစ်ပြီး စပါးထက်စာရင် ချယ်လ်ဆီးတို့က ချန်ပီယံလိဂ်ပွဲ နွဲ့ထားရလို့ ပွဲပန်းမှုတော့ ရှိနေပါတယ်။ နှစ်သင်းစလုံးဟာ ကာလင်းဖလားသမိုင်းမှာတော့ ပြိုင်ဘက်ကောင်းတွေ ဖြစ်ခဲ့ပြီး ဘယ်အသင်းကမှ အသာစီး မရခဲ့တာတွေ့ရပါတယ်။

အနိုင်ယူခဲ့

ချယ်လ်ဆီးနဲ့စပါးတို့ အနီးကပ်ဆုံး ကာလင်းဖလားပြိုင်ပွဲ ခြောက်ပွဲရဲ့ ရလဒ်တွေကို ပြန်ကြည့်ရင် ၁၉၇၁ ခုနှစ်က ကာလင်းဖလား အကြိုဖိုင်လ်လုပွဲမှာ ချယ်လ်ဆီးတို့က သုံးဂိုး–နှစ်ဂိုးနဲ့ အနိုင်ယူခဲ့သလို ၁၉၇၂ခုနှစ် ကာလင်းဖလား အကြိုဖိုင်လ်လုပွဲမှာတော့ အိမ်ကွင်းမှာ စပါးတို့ နှစ်ဂိုးစီ သရေပွဲ ကစားနိုင်ခဲ့ပါတယ်။ ၁၉၉၁ ခုနှစ်မှာ ကာလင်းဖလား ပဥ္စမအဆင့်ပတ်လည်ပွဲစဉ်မှာ ချယ်လ်ဆီးနဲ့

ဒရော့ဘာ အနိုင်ဂိုးတွေ သွင်းပေးမှာလား။

ဂိုးမရှိသရေပွဲ ဖြစ်ခဲ့လို့ ပြန်ကန်ပွဲမှာ ချယ်လ်ဆီးတို့က သုံးဂိုးပြတ်သွင်းပြီး အနိုင်ယူခဲ့ပါတယ်။

၂၀၀၂ခုနှစ် ကာလင်းဖလား အကြိုဖိုင်လ်လုပွဲမှာတော့ ချယ်လ်ဆီးကွင်းမှာ ချယ်လ်ဆီးတို့က နှစ်ဂိုး–တစ်ဂိုးနဲ့ အနိုင်ရပြီး စပါးကွင်းမှာတော့ စပါးတို့က ငါးဂိုး–တစ်ဂိုးနဲ့ ပြတ်ပြတ်သားသားအနိုင်ယူခဲ့ပါတယ်။

စပါးနဲ့ ချယ်လ်ဆီးတို့ ဘောလုံးပွဲစုစုပေါင်း ၁၁၉ ပွဲ ကြုံတွေ့ခဲ့ရတဲ့ သမိုင်းမှာ ချယ်လ်ဆီးက ၅၁ ပွဲနိုင်ခဲ့ပြီး စပါးတို့က ၄၁ ပွဲအနိုင်ရရှိခဲ့တဲ့အပြင် သရေ ၂၇ ပွဲဖြစ်ခဲ့ပါတယ်။ ဒါကြောင့် ချယ်လ်ဆီးတို့က စပါးကို အသာစီး ရနိုင်မယ်လို့ အပြတ်တွက်ဆလို့တော့ မရပါဘူး။

ရပ်တည်နေ

ကာလင်းဖလား နောက်ဆုံးဖိုင်လ်လုပွဲဝင်မယ့် ချယ်လ်ဆီးအသင်း အနေအထားကို အနီးကပ်လေ့လာလိုက်ရင်တော့ ချယ်လ်ဆီးဟာ ကာလင်းဖလားကို လေးကြိမ် ရရှိထားခဲ့ဖူးပြီး ပြီးခဲ့တဲ့နှစ်က ကာလင်းဖလား ဖိုင်လ်လုပွဲမှာ အာဆင်နယ်ကို နှစ်ဂိုး–တစ်ဂိုးနဲ့ အနိုင်ယူပြီး လက်ရှိ ကာလင်းဖလား ချန်ပီယံအဖြစ် ရပ်တည်နေတဲ့အသင်း ဖြစ်ပါတယ်။

ဒီနှစ်မှာတော့ ချယ်လ်ဆီးက ကာလင်းဖလား ကွာတားဖိုင်နယ်မှာ လီဗာပူးကို နှစ်ဂိုးပြတ်၊ အကြိုဖိုင်လ်လုပွဲ ပထမအကျော့ အိမ်ကွင်းမှာ အဲဗာတန်ကို နှစ်ဂိုး–တစ်ဂိုး၊ အဝေးကွင်းမှာ အဲဗာတန်ကို တစ်ဂိုး–ဂိုးမရှိနဲ့ အနိုင်ယူပြီး နောက်ဆုံးဖိုင်လ်လုပွဲတက်ရောက်လာတဲ့အသင်းဖြစ်ပါတယ်။

ကာလင်းဖလား ဆွတ်ခူးဖို့ နည်းပြရာမို့စ် ဘယ်လိုဗျူဟာ ခင်းကျင်းမလဲ။

ဖိုင်လ်လုပွဲပြိုင်မယ့် ချယ်လ်ဆီးအနေနဲ့ အခက်အခဲကတော့ အသင်းမှာ အားကိုးနေရတဲ့ အဓိက အားကစားသမားအချို့ ဒဏ်ရာရရှိနေပြီး ဒီပွဲမှာ လွဲရမယ့် အခြေအနေရောက်နေတာပဲ ဖြစ်ပါတယ်။ ပြီးခဲ့တဲ့ ချန်ပီယံလိဂ်ပွဲစဉ်အဖြစ် အိုလံပီယာကို့စ်နဲ့ကစားတဲ့ပွဲမှာ ကွင်းလယ်ကစားသမား လမ်းပတ်ရော နောက်တန်းခံစစ်မှူး တယ်ရီတို့ပါ ခြေထောက်ဒဏ်ရာတွေ အသီးသီး ရရှိခဲ့တာမို့ ဒီပွဲအတွက် နည်းပြဂရန့် အကျပ်တော့ရိုက်နေပါတယ်။ချယ်လ်ဆီး တိုက်စစ်အတွက် ဒရော့ဘာ၊ အနယ်လ်ကာ၊ ကာလူးနဲ့ ရှက်ဗ်ချင်ကို တို့ကို နည်းပြဂရန့်အင်အားပြည့် သုံးလို့ရတဲ့အနေအထား ရှိပါတယ်။ ဒါ့အပြင် အက်ဆီယံ၊ ရိုက်ဖီးလစ်၊ မာလူဒါတို့လည်း ကြွဲ့ခိုင်မှုရှိနေတာကြောင့် နည်းပြဂရန့် ရင်ပူစရာတော့ သိပ်မလိုပါဘူး။ ချယ်လ်ဆီးရဲ့ အဝေးကွင်းနောက်ဆုံး ဘောလုံးပွဲခြောက်ပွဲရလဒ်က လေးပွဲနိုင်၊ တစ်ပွဲသရေ၊ တစ်ပွဲရှုံးဖြစ်ပါတယ်။ ဒါ့ကြောင့် စပါးကို ကောင်းကောင်း ကစားနိုင်မှာပါပဲ။

မတက်ရောက်နိုင်ခဲ့

စပါးအသင်းကတော့ ကာလင်းဖလားကို ၁၉၇၁၊ ၁၉၇၃ နဲ့ ၁၉၉၉ ခုနှစ်တွေမှာ ရရှိခဲ့ဖူးတဲ့အသင်း ဖြစ်ပါတယ်။ ပြီးခဲ့တဲ့နှစ်ဘောလုံးရာသီက ကာလင်းဖလား အကြိုဖိုင်လ်လုပွဲမှာ အိမ်ကွင်း၌ စပါးတို့က အာဆင်နယ်ကို နှစ်ဂိုးစီသရေပွဲဖြစ်ခဲ့ပြီး အဝေးကွင်းမှာ သုံးဂိုး–တစ်ဂိုးနဲ့ အာဆင်နယ်ကို ရှုံးခဲ့လို့ ဖိုင်လ်လုပွဲ မတက်ရောက်နိုင်ခဲ့တာပါ။

ကာလင်းဖလား ရအောင် စပါးအတွက် ဘာဘာတော့ဗ် စွမ်းဆောင်ပေးနိုင်ပါ့မလား။

တက်ရောက်လာ

ဒီနှစ် ကာလင်းဖလားမှာတော့ စပါးအသင်းဟာ ကွာတားဖိုင်နယ်မှာ မန်စီးတီးကို နှစ်ဂိုးပြတ်နဲ့ အနိုင်ယူပြီး အကြိုဖိုင်လ်လုပွဲ တက်ရောက်လာပါတယ်။ အကြိုဖိုင်လ်လုပွဲမှာ အာဆင်နယ်ကို အဝေးကွင်းမှာ တစ်ဂိုးစီသရေ၊ အိမ်ကွင်းမှာ ငါးဂိုး–တစ်ဂိုးနဲ့ အနိုင် ရရှိခဲ့တာမို့ နောက်ဆုံးဖိုင်လ်လုပွဲ တက်ရောက်လာခဲ့ခြင်းဖြစ်ပါတယ်။

စပါးရဲ့ လက်ရှိခြေစွမ်းကို ကြည့်ရင် နောက်ဆုံးခြောက်ပွဲ ကစားခဲ့တဲ့နေရာ အိမ်ကွင်းမှာ လေးပွဲနိုင်၊ တစ်ပွဲရှုံး၊တစ်ပွဲသရေရလဒ်တွေဖြစ်ပြီး အဝေးကွင်းမှာ နှစ်ပွဲနိုင်၊ တစ်ပွဲသရေ သုံးပွဲရှုံးရလဒ်တွေ ပိုင်ဆိုင်ထားပါတယ်။

စပါးအသင်းမှာတော့ ရော်ဘီကိန်းနဲ့ ဘာဘာတော့ဗ် တိုက်စစ်အတွဲက ဂိုးတွေသွင်းယူနိုင်သလို ဒီဖိုး၊ ဘန့်၊ ဂျီးနက်စ်၊ လီနွန်နဲ့ ဘာလီတို့က ခြေစွမ်း ထက်မြက်တဲ့သူတွေ ဖြစ်ပါတယ်။ စပါးတိုက်စစ်မှူး ရော်ဘီကိန်းက ၁၂ဂိုး သွင်းထားနိုင်သလို ဘာဘာတော့ဗ်ကလည်း ၁၀ ဂိုး သွင်းထားနိုင်လို့ အခုအချိန်အထိ ငါးဂိုးသွင်းထားနိုင်တဲ့ ဒရော့ဘာတို့ရဲ့ ချယ်လ်ဆီး တိုက်စစ်ကို ကောင်းကောင်း ယှဉ်ကစားနိုင်မှာ သေချာပါတယ်။

စိတ်လှုပ်ရှားဖွယ်

၂၀၀၇ခုနှစ် အောက်တိုဘာ ၂၉ရက်က စပါးနည်းပြ တာဝန်စတင်ယူခဲ့တဲ့ ရာမို့စ်ဟာ စပါးအသင်းကို ၂၆ ပွဲ ကိုင်တွယ်ခဲ့ပြီး ၁၄ ပွဲနိုင်၊ ခုနစ်ပွဲသရေ၊ ငါးပွဲရှုံးမှတ်ရှိနေတာမို့ (၄၈) ကြိမ်မြောက် ကာလင်းဖလား ဖိုင်လ်လုပွဲမှာ ချယ်လ်ဆီးနည်းပြ ဂရန့်ကို နှာတစ်ဖျားအသာရအောင် ဝင်ဘလေကွင်းမှာ ဘယ်လိုခင်းကျင်း ယှဉ်ပြိုင်သွားမယ်ဆိုတာ စိတ်လှုပ်ရှားဖွယ်ရာ စောင့်ကြည့်ရတော့မှာ ဖြစ်ပါကြောင်း။ ။

ကိုးကား–အင်တာနက်

အင်တာနက်သတင်းအတိုအထွာ

❖ အာဆင်နယ်အသင်းသည် လာမည့်အောက်တိုဘာလတွင် အသက် ၁၆နှစ်ပြည့်မည့် လူငယ်ကစားသမား အစ်ဂ်နာဆီမီကူယယ်နှင့် စာချုပ်ချုပ်ဆိုရေး နီးစပ်လာပြီဖြစ်သည်။

❖ **မန်ယူအသင်းသည် ဘိုင်ယန်မြူးနစ်နောက်ခံလူ ဖိလစ်လမ်းနှင့် လက်မှတ်ထိုး စာချုပ်ချုပ်ဆိုနိုင်ရေးအတွက် ဘာစီလိုနာနှင့် အပြိုင်ကြိုးပမ်းရမည်ဟု သတင်း၌ဖော်ပြသည်။**

❖ ဘာစီလိုနာအသင်းသည် လီဗာပူးနှင့် စပိန်ကွင်းလယ်ကစားသမား အလွန်ဆိုကို ခေါ်ယူလိုသော်လည်း အလွန်ဆိုကမူ ၎င်း၏အနာဂတ်ကို ဆုံးဖြတ်ပြီးသည့်အတိုင်း နွေရာသီအထိစောင့်စေလိုကြောင်း သတင်းတွင် ဖော်ပြသည်။

❖ **မန်ယူနောက်တန်းမှ ပီကေးသည် ဘာစီလိုနာသို့ ပြောင်းရွှေ့ရန် ဆက်သွယ်ဆွေးနွေးမှုများ ပြုလုပ်လျက်ရှိသည်။**

❖ ချယ်လ်ဆီးကွင်းလယ်ကစားသမား လမ်းပတ်က အသင်း၏ကစားရန်ကျန်ရှိသော ချန်ပီယံလိဂ်ပွဲစဉ်များတွင် အနိုင်ရရှိအောင်ကစားသွားမည်ဟု ပြောကြားခဲ့သည်။

❖ **ချယ်လ်ဆီးနည်းပြဟောင်း ဟိုဆေးမော်ရင်ဟို၏ပြိုင်ဘက် ဂျိုဟန်ခရုသည် ရာသီအကုန်တွင် အေဂျက်အသင်း၌ နည်းပြရန်သဘောတူခဲ့သည့်အတွက် ဘာစီလိုနာနည်းပြ ရီကာဒ်၏နေရာတွင် မော်ရင်ဟိုရောက်ရှိလာဖွယ်ရှိကြောင်း အင်ဒီပင်းန်ဒင့်စ်သတင်းစာက ဖော်ပြသည်။**

❖ မစ်ဒယ်ဘရော့တောင်ပံကစားသမား ဒေါင်းနင်းသည် အသင်းနှင့် စာချုပ်သစ် ထပ်မံချုပ်ဆိုခဲ့သည်။

မြင့်မောင်စိုး ရေးသားသည်

ကာလင်းဖလားဖိုင်လ်လုပွဲ တယ်ရီနှင့်လမ်းပတ်လွဲဖွယ်ရှိ

လန်ဒန် ဖေဖော်ဝါရီ ၂၂

ချယ်လ်ဆီးအသင်းနှင့် တော့တင်ဟမ်အသင်းတို့သည် ဖေဖော်ဝါရီ ၂၄ရက်တွင် ကာလင်းဖလား ဖိုင်လ်လုပွဲယှဉ်ပြိုင်ကစားရာ၌ ချယ်လ်ဆီးအသင်း၏ အဓိကကစားသမားများဖြစ်သည့် နောက်တန်းကစားသမား ဂျွန်တယ်ရီနှင့် ကွင်းလယ်ဖန်တီးရှင် လမ်းပတ်တို့ ပါဝင်ကစားနိုင်ဖွယ်မရှိကြောင်း ချယ်လ်ဆီးအသင်း တာဝန်ရှိသူများက ပြောကြားသည်။

တယ်ရီနှင့် လမ်းပတ်တို့သည် ပြီးခဲ့သည့် ချန်ပီယံလိဂ်ပွဲအဖြစ် အိုလံပီယာကို့စ်အသင်းနှင့် ယှဉ်ပြိုင်ကစားရာတွင် အရန်ခုံ၌ သာရှိနေခဲ့ကြသည်။ လမ်းပတ်မှာ ယင်းချန်ပီယံ လိဂ်ပွဲစဉ်တွင် ပွဲပြီးရန် မိနစ်ပိုင်းမှာသာ ပါဝင်ကစားခဲ့သည်။

အဆိုပါ ချယ်လ်ဆီး ဘောလုံးသမားနှစ်ဦးစလုံး ကာလင်းဖလား ဖိုင်လ်လုပွဲတွင် ပါဝင်ကစားရန် အတည်မပြုနိုင်ကြောင်း၊ ယင်းတို့ နှစ်ဦးစလုံး အရန်ခုံ၌သာ ဆက်လက်တွေ့မြင်ရနိုင်ကြောင်း နည်းပြဂရန့်က ပြောကြားသည်။

အသက် ၂၇နှစ်ရှိ တယ်ရီသည် ဒီဇင်ဘာလက အာဆင်နယ် အသင်းနှင့် ကစားရာတွင် ခြေထောက်ကျိုးသွားရာမှ ပြန်လည် ကောင်းမွန်လာပြီ ဖြစ်သော်လည်း အချိန်ပြည့် ပါဝင်ကစားရန် မဝံ့မရဲ ဖြစ်နေသည့်အခြေအနေ၌ရှိသည်။ **(အင်တာနက်)**

အင်္ဂလန်အသင်း၏တိုးတက်မှု လိုအပ်သေးကြောင်း ကာပယ်လိုပြောကြား

လန်ဒန် ဖေဖော်ဝါရီ ၂၂

အင်္ဂလန်အသင်းနှင့် ဆွစ်ဇာလန်အသင်းတို့ ချစ်ကြည်ရေးပွဲအဖြစ် ဖေဖော်ဝါရီ ၆ ရက်က ယှဉ်ပြိုင်ကစားခဲ့သည်။ ယင်းပွဲစဉ်ကို ပြန်လည်သုံးသပ်ကြည့်ရာတွင် အင်္ဂလန်အသင်းသည် ၂၀ ရာခိုင်နှုန်းသာတိုးတက်မှုရှိကြောင်း အင်္ဂလန်အသင်းကို ကိုင်တွယ်သည့် နည်းပြကာပယ်လို (အပေါ်ပုံ)**က သုံးသပ်ပြောကြားသည်။**

အဆိုပါပွဲတွင် အင်္ဂလန်အသင်းက ဆွစ်ဇာလန်အသင်းကို နှစ်ဂိုး–တစ်ဂိုးဖြင့် အနိုင်ရခဲ့သော်လည်း ကမ္ဘာ့ထိပ်တန်းအဆင့်မီ ဒေါင်ဒေါင်မြည်အသင်းဖြစ်လာစေရန် လိုအပ်နေသေးကြောင်း ကာပယ်လိုက ပြောကြားသည်။

ရွေးချယ်သွားမည်

မိမိအနေဖြင့် အင်္ဂလန်အသင်းကို ၈၀ ရာခိုင်နှုန်းအထိ တိုးတက်မှုရှိလာရန်ကြိုးစားသွားမည်ဖြစ်ကြောင်း၊ ကာလင်းဖလား ဖိုင်လ်လုပွဲတွင်ပါဝင်ကစားကြမည့် ချယ်လ်ဆီးနှင့် တော့တင်ဟမ် ကစားသမားများ၏ ခြေစွမ်းကို ကြည့်ရှုရွေးချယ်သွားမည်ဖြစ်ကြောင်း အသက် ၆၁နှစ်ရှိ နည်းပြ ကာပယ်လိုက ဆက်လက်ပြောကြားသည်။ **(အင်တာနက်)**

ယူအီးအက်ဖ်အေဖသင်းပြိုင်ပွဲ မတ် ၆ ရက်နှင့် ၁၂ ရက်၌ ကစားမည်

လန်ဒန် ဖေဖော်ဝါရီ ၂၂

ယူအီးအက်ဖ်အေဖလား နောက်ဆုံး ၃၂ သင်းပြိုင်ပွဲများကို ယှဉ်ပြိုင်ကစားခဲ့ပြီးဖြစ်ရာ ဘော်လ်တန်အသင်းက အက်သလက်တီကိုအသင်းကို နှစ်ပွဲပေါင်းရလဒ် တစ်ဂိုး–ဂိုးမရှိဖြင့် အနိုင်ရလိုက်၍ နောက်ဆုံး ၁၆သင်းပြိုင်ပွဲ၌ ပေါ်တူဂီအသင်း စပို့တင်းလစ္စဘွန်းအသင်းနှင့် ကစားရမည်ဖြစ်သည်။

စပို့တင်းသည် ဆွစ်ဇာလန်အသင်း ဘာဆယ်ကိုနှစ်ပွဲပေါင်းငါးဂိုးပြတ်ဖြင့် အနိုင်ရလိုက်သည်။ **တော့တင်ဟမ်အသင်းသည်ဆလာဗီးယားပရက်အသင်းကိုနှစ်ပွဲပေါင်းရလဒ် သုံးဂိုး–နှစ်ဂိုးဖြင့်နိုင်လိုက်၍ နယ်သာလန်အသင်း ပီအက်စ်ဗွီ အိုင့်ဟိုဗင်အသင်းနှင့် ယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။**

အဲဗာတန်က ဘရန်းအသင်းကို နိုင်ခဲ့၍ ဖီအိုရင်တီးနားအသင်းနှင့် ဆက်လက်ယှဉ်ပြိုင်ရမည်ဖြစ်သည်။ **ရိန်းဂျားစ်အသင်းနှင့် ဝဲဒါဘရီမင်အသင်းတို့တွေ့မည်ဖြစ်သည်။**

ယူအီးအက်ဖ်အေနောက်ဆုံးအဆင့် ပြိုင်ပွဲများကို မတ် ၆ ရက်နှင့် ၁၂ ရက် တို့တွင်ယှဉ်ပြိုင်ကစားကြမည် ဖြစ်သည်။ ပွဲစဉ်များမှာ အောက်ပါအတိုင်း ဖြစ်သည်–

အန်ဒါလက်ချ်	**–**	**ဘိုင်ယန်မြူးနစ်**
လေဗာကူဆင်	**–**	**ဟမ်းဘတ်**
ဘော်လ်တန်	**–**	**စပို့တင်း**
ဖီအိုရင်တီးနား	**–**	**အဲဗာတန်**
ဂီတာဖေး	**–**	**ဘင်ဖီကာ**
မာဆေး	**–**	**ဇင်းနစ်**
ရိန်းဂျားစ်	**–**	**ဝဲဒါဘရီမင်**
တော့တင်ဟမ်	**–**	**ပီအက်စ်ဗွီ။**

(အင်တာနက်)

လားရှိုးမြို့၌ ကတ္တရာလမ်းသစ်နှင့် RC တံတားသစ်များဖွင့်

လားရှိုး ဖေဖော်ဝါရီ ၁၄

ရှမ်းပြည်နယ်(မြောက်ပိုင်း) လားရှိုး မြို့နယ်စည်ပင်သာယာရေးအဖွဲ့မှ တာဝန်ယူဆောင်ရွက်ခဲ့သော ကတ္တရာလမ်းသစ်များနှင့် RC တံတားသစ်များ ဖွင့်ပွဲအခမ်းအနားကို ဖေဖော်ဝါရီ၈ရက် နံနက်၈နာရီက လားရှိုးမြို့ အမှတ်၁၀ရပ်ကွက် တောရကျောင်းလမ်း ကတ္တရာလမ်းသစ် မုခ်ဦး၌ ကျင်းပသည်။

စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေး

ရှေးဦးစွာ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဒုတိယညွှန်ကြားရေးမှူး ဦးမင်းဟန်က ကတ္တရာလမ်းသစ်များနှင့် တံတားသစ်များ ဆောင်ရွက်ပြီးစီးမှု အခြေအနေကို ရှင်းလင်းတင်ပြပြီး ရှမ်းပြည်နယ် (မြောက်ပိုင်း)အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူးနှင့် ရှမ်းပြည်နယ်(မြောက်ပိုင်း) စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူးဦးညိုဝင်းမြင့်တို့က လမ်းသစ်ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးရာ ရှမ်းပြည်နယ်(မြောက်ပိုင်း)အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အရှေ့မြောက်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်အောင်သန်းထွဋ်က မုခ်ဦးဆိုင်းဘုတ်ကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးသည်။

ဖြတ်သန်းကြည့်ရှု

ဆက်လက်၍ တိုင်းမှူးနှင့်တကွ ပြည်နယ်အဆင့်ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ ရပ်ကွက်နေ ပြည်သူများက အဆိုပါကတ္တရာလမ်းသစ်နှင့် တံတားတို့ကို ဖြတ်သန်းကြည့်ရှုကြသည်။

အခမ်းအနားတွင် တောရကျောင်းလမ်း၊ ပုလဲလမ်း၊ ကျောက်စိမ်းလမ်း အပိုင်း(၂)၊ တောရကျောင်းလမ်း RC တံတား၊ ကျောက်စိမ်းလမ်းအပိုင်း(၂) RC တံတားတို့ကို တစ်ဆက်တစ်စပ်တည်း ဖွင့်လှစ်ပေးနိုင်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။ **(က-ပ)**

မြဝတီမြို့ အမှတ်(၄)ရပ်ကွက် မြန်မာနန်း လမ်းသစ်ဖွင့်

မြဝတီ ဖေဖော်ဝါရီ ၁

မြဝတီမြို့ အမှတ်(၄)ရပ်ကွက် ကိုယ့်အားကိုယ်ကိုး မြန်မာနန်း လမ်းသစ်ဖွင့်ပွဲအခမ်းအနားကို ဇန်နဝါရီ ၄ရက်က အဆိုပါလမ်းမုခ်ဦး၌ ကျင်းပသည်။

ဖဲကြိုးဖြတ်ဖွင့်လှစ်

အခမ်းအနားတွင် အမှတ်(၄)ရပ်ကွက် မြန်မာနန်းလမ်းကို မြဝတီခရိုင်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးအောင်ဆွေညွှန့်၊ မြို့နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌဦးအေးလှနှင့်အလှူရှင် ဦးသန်းရွှေတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး**(အပေါ်ပုံ)၊** အဆိုပါလမ်းမုခ်ဦးကို နယ်မြေခံတပ်နယ်မှ ဗိုလ်မှူးကြီးခင်မောင်ဌေးက စက်ခလုတ်နှိပ် ဖွင့်လှစ်ပေးသည်။

ဆောင်ရွက်ခဲ့

အဆိုပါလမ်းကို စည်ပင်သာယာရေးအဖွဲ့က ထည့်ဝင်ငွေကျပ် ၂၂၂၀၀၀၀၊ အလှူရှင်ဦးသန်းရွှေက ထည့်ဝင်ငွေကျပ် ၄၃၁၀၀၀၀ စုစုပေါင်းကုန်ကျငွေ ကျပ် ၆၅၃၀၀၀၀ဖြင့် ဆောင်ရွက်ခဲ့ခြင်းဖြစ်ပြီး ၂၀၀၇-၂၀၀၈ ဘဏ္ဍာရေးနှစ်တွင် ကိုယ့်အားကိုယ်ကိုး လမ်း၃၀အတွက် အရှည်ပေ စုစုပေါင်း ပေ ၁၇၀၇၀ ဆောင်ရွက်ရန် လျာထားရာ ကိုယ့်အားကိုယ်ကိုးလမ်းများခင်းရန် ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီမှ ကတ္တရာဖိုးထည့်ဝင်ငွေကျပ် ၂၀၁၇၉၈၀၀၊ စည်ပင်သာယာရေးအဖွဲ့မှ ကတ္တရာဖိုး ထည့်ဝင်ငွေကျပ် ၃၀၈၄၉၉၀၀ နှင့် ပြည်သူများ ထည့်ဝင်ငွေကျပ် ၈၈၈၆၈၀၀၀ တို့ဖြင့် ဆက်လက်၍ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။ **(မြို့နယ်စည်ပင်)**

မြို့နယ်သတင်းများ

ဘားအံမြို့၌ ပဲ၊ နှမ်းများ ကျရိပ်သန်းလျက်ရှိ

ဘားအံ ဖေဖော်ဝါရီ ၁၀

ဘားအံမြို့နယ်တွင် ပဲနှင့်နှမ်း စတင် ရိတ်သိမ်းနေသော်လည်း တွင်တွင် မထွက်သေး၍ ပဲ၊ နှမ်း ဈေးမှာ ငြိမ်လျက်ရှိသည်။ ရှေ့လအတွင်း ပဲ၊ နှမ်းများ လှိုင်လှိုင်ပေါ်တော့မည်ဖြစ်၍ ကျရိပ်သန်း လျက်ရှိသည်။

ဘားအံမြို့ ပဲ၊နှမ်းပွဲရုံများ၏ ဖေဖော်ဝါရီ ၅ရက် ပေါက်ဈေးမှာ တစ်တင်းလျှင် ပဲကျားမည်း ကျပ် ၁၄၄၀၀၊ ပဲပုပ်ကျပ် ၁၄၀၀၀၊ ပဲဖြူကြား ကျပ် ၁၃၀၀၀၊ နှမ်း ကျပ်၃၅၅၀၀၊ မြေပဲဆန် ကျပ် ၃၅၂၀၀၊ ပဲလိပ်ပြာ ကျပ် ၂၀၈၀၀ နှင့် ပဲတီစိမ်း ကျပ် ၁၆၀၀၀ ဖြစ်ကြောင်း သိရသည်။ (၀၀၈)

(၆၁)နှစ်မြောက် ပြည်ထောင်စုနေ့ကို ဂုဏ်ပြုသောအားဖြင့် ဖေဖော်ဝါရီ ၂ရက်က ပြည်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ အားကစားကွင်းအဝင် မြို့ပြကတ္တရာလမ်းနှင့် ရတနာဒီပ မြို့ပြကျောက်ချောလမ်းဖွင့်ပွဲ အခမ်းအနားတွင် ပြည်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ ဒုတိယညွှန်ကြားရေးမှူး ဦးကြည်သန်းက လုပ်ငန်းဆိုင်ရာ အချက်အလက်များ ရှင်းလင်းတင်ပြစဉ်။ (မြို့နယ်စည်ပင်)

ကျောက်မဲမြို့နယ် စည်ပင်သာယာရေးအဖွဲ့ ဆောင်ရွက်လျက်ရှိသော မြို့ပြလမ်း ခဲအင်း ကတ္တရာလမ်း ဆောင်ရွက်မှုကို ဇန်နဝါရီ ၂၁ရက်က အမှုဆောင်အရာရှိ ဦးတင်ဝင်း ကြီးကြပ်စဉ်။ (မြို့နယ်စည်ပင်)

နိုင်ငံတစ်ဝန်း စာကြည့်တိုက် ဖွံ့ဖြိုးတိုးတက်မှု မှတ်တမ်း

စာကြည့်တိုက်များ ရေရှည်တည်တံ့ရေး ဆောင်ရွက်

နေပြည်တော်လယ်ဝေး ဇန်နဝါရီ ၃၀

ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန(ရုံးချုပ်)မှ ညွှန်ကြားရေးမှူး ဦးသန်းထွန်းနှင့် ဦးစီးအရာရှိ ဦးအေးဖေတို့သည် ဇန်နဝါရီ ၂၀ရက် နံနက် ၉နာရီက နေပြည်တော်လယ်ဝေးမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန စည်းဝေးခန်းမတွင် မြို့နယ်ဦးစီးမှူး ဦးကိုကိုကြီးနှင့် ဝန်ထမ်းများအား တွေ့ဆုံကာ ကျေးရွာကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များ ရေရှည်တည်တံ့ခိုင်မြဲရေးအတွက် ကြိုးပမ်းဆောင်ရွက်ကြရန် မှာကြားသည်။

ဆက်လက်၍ မြွေရိုးလေးကျေးရွာ လူငယ့်အားမာန် စာကြည့်တိုက်နှင့် ငှက်ပျောတောကျေးရွာ ပန်းတိုင်သစ် စာကြည့်တိုက်များတွင် ကျေးရွာမှ တာဝန်ရှိသူများ၊ စာဖတ်စာငှားလာကြသည့် ကျေးရွာပြည်သူများနှင့် တွေ့ဆုံကာ စာကြည့်တိုက်အဆောက်အအုံများ ရေရှည်တည်တံ့ခိုင်မြဲရေး၊ စာအုပ်စာစောင် အသစ်များတိုးပွားရေးနှင့် လေလွင့်ဆုံးရှုံးမှု မရှိအောင် ဝိုင်းဝန်းထိန်းသိမ်း စောင့်ရှောက်ရေးတို့ကို ဆွေးနွေးမှာကြားကြသည်။ **(မြို့နယ် ပြန်/ဆက်)**

ပေါင်မြို့နယ် မုတ္တမကျေးရွာ ဇင်းဘာရပ်ကွက် ပညာအလင်းရောင်စာကြည့်တိုက် အဆောက်အအုံသစ် ဖွင့်ပွဲအခမ်းအနားကို ဒီဇင်ဘာ ၂၈ရက်က အဆိုပါ စာကြည့်တိုက်ရှေ့၌ ကျင်းပရာ မွန်ပြည်နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးဝင်းကြည်နှင့် ကျေးရွာစာကြည့်တိုက် ကော်မတီဥက္ကဋ္ဌ ဦးလှမြင့်တို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြစဉ်။ (မြို့နယ် ပြန်/ဆက်)

ကျောက်ဖြူခရိုင် ရမ်းဗြဲမြို့ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဝန်ထမ်းများစုပေါင်း၍ စာဖတ်ဝိုင်းကို ဇန်နဝါရီ၂၄ရက်က အဆိုပါရုံးခန်းမ၌ ကျင်းပစဉ်။ (မြို့နယ် ပြန်/ဆက်)

စာဖတ်ရှိန်မြှင့်တင်ရေး သုံးသပ်ဆွေးနွေး

ကော့ကရိတ် ဇန်နဝါရီ ၃၀

ကော့ကရိတ်ခရိုင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန စာကြည့်တိုက်ခန်းမဆောင်တွင် စာဖတ်ဝိုင်းကို ဇန်နဝါရီ၂၁ရက် နံနက်၁၁နာရီက ကျင်းပသည်။

ဖတ်ကြား

ရှေးဦးစွာ ခရိုင်ဦးစီးအရာရှိ ဦးဇော်မင်းက စာဖတ်ဝိုင်းကျင်းပရခြင်း ရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားပြီး ဒီဇင်ဘာ ၂၇ရက်ထုတ် မြန်မာ့အလင်းသတင်းစာပါ ဦးငွေသိမ်း (ကုမ္ပဏီလမ်းညွှန်)၏ စာဖတ်ခြင်းက အသိဉာဏ်ပြည့်ဝစေတယ် ဆောင်းပါးကို ရုပ်/သံကျွမ်းကျင်(၃) ဒေါ်ဖြိုးသဥ္ဇာနွယ်ကလည်းကောင်း၊ ဇန်နဝါရီ၁၅ရက်ထုတ် ဒို့ကျေးရွာဂျာနယ်မှ မှတ်ဉာဏ်ကောင်းစေရန် မခက်ပါ ခေါင်းစဉ်ကို ရုပ်/သံကျွမ်းကျင်(၃) ဒေါ်ကေခိုင်မွန်ကလည်းကောင်း ဖတ်ကြားကြသည်။

ထို့နောက် ခရိုင်ဦးစီးအရာရှိက စာဖတ်ခြင်းသည် စာပေဗဟုသုတတိုးပွားကာ အမှားအမှန်ခွဲခြားတတ်နိုင်သဖြင့် စာဖတ်ရှိန် မြှင့်တင်ကြရေးတို့ကို သုံးသပ်ဆွေးနွေးခဲ့ကြောင်း သိရသည်။ **(ခရိုင် ပြန်/ဆက်)**

နမ့်ခမ်းမြို့ ခန်းမအဝင်လမ်း ကတ္တရာလမ်းသစ်ဖွင့်

နမ့်ခမ်း ဖေဖော်ဝါရီ ၁၂

နမ့်ခမ်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့က ၂၀၀၇-၂၀၀၈ဘဏ္ဍာရေးနှစ်တွင် ကောင်းထက်ရပ်ကွက်ရှိ ခန်းမအဝင်လမ်း ကတ္တရာလမ်းသစ်ကို ဖေဖော်ဝါရီ ၅ရက်က အဆိုပါလမ်း မုခ်ဦး၌ကျင်းပသည်။

အခမ်းအနားတွင် ခန်းမအဝင်လမ်း ကတ္တရာလမ်းသစ်ကို ပြည်နယ်စည်ပင်သာယာရေးမှ ဒုတိယညွှန်ကြားရေးမှူး ဦးသန်းလှ၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ လက်ထောက် ညွှန်ကြားရေးမှူး ဦးစောမြင့်ထွန်း၊ မြို့နယ်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး ဦးမိုင်းထွန်းအောင်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပြီး အထိမ်းအမှတ် အလံများကို မြို့နယ် ရဲတပ်ဖွဲ့မှူးနှင့် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူးသို့ ပေးအပ်သည်။ အဆိုပါလမ်းကို အဖွဲ့ရန်ပုံငွေ ကျပ် ၄၈၄၀၀၀၀ဖြင့် အရှည်ပေ ၇၃၀၊ အကျယ် ၁၂ပေ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။ **(မြို့နယ်စည်ပင်)**

မော်ကျွန်းမြို့ ရတနာပုံစံပြ ပရဟိတကျောင်း ဘက်စုံဖွံ့ဖြိုးရေး ညှိနှိုင်းဆွေးနွေး

မော်လမြိုင်ကျွန်း ဖေဖော်ဝါရီ ၁၀

ဧရာဝတီတိုင်း ဘိုကလေးမြို့ ရတနာပုံ စံပြပရဟိတကျောင်း၏အကြိုညှိနှိုင်း အစည်းအဝေးကို ဇန်နဝါရီ ၂၈ရက် နံနက် ၁၀နာရီက ရတနာပုံ စံပြ ပရဟိတ ဘုန်းတော်ကြီးကျောင်း၌ ကျင်းပသည်။

အစည်းအဝေးတွင် ပဓာန နာယက ဆရာတော် ဘဒ္ဒန္တဝိလာသဂ္ဂက ဩဝါဒကထာချီးမြှင့်တော်မူပြီး ကျောင်းသာသနာ့အကျိုးတော်ဆောင် အဖွဲ့က မိဘမဲ့ကလေးငယ်များအား နှစ်စဉ်တာဝန်ယူ၍ စီမံဆောင်ရွက် ပေးလျက်ရှိရာ ၂၀၀၈ခုနှစ်တွင်လည်း ပြည်နယ်၊ တိုင်းအတွင်းရှိ လူမျိုးမရွေး၊ ဒေသမရွေးသတ်မှတ်စည်းကမ်းငါးချက်နှင့်ညီညွတ်သော မိဘမဲ့ကလေးငယ်များအား လက်ခံ၍ ပြုစုပျိုးထောင်ပေးရေး ညှိနှိုင်းဆွေးနွေးကြသည်။

အဆိုပါ ရတနာပုံ စံပြပရဟိတ ကျောင်း ဘက်စုံဖွံ့ဖြိုးတိုးတက်ရေး အတွက် အနယ်နယ်အရပ်ရပ်မှ အလှူရှင်များအနေဖြင့် ပါဝင်လှူဒါန်းလိုပါက ဘဒ္ဒန္တဝိလာသဂ္ဂ ပဓာနနာယက ဆရာတော် ရတနာပုံစံပြ ပရဟိတကျောင်း မနော်ဟရီလမ်း မြို့မ ၄ရပ်ကွက် ဘိုကလေးမြို့နှင့်ဦးတင်နု အောင်တံခွန် ပုံနှိပ်ကွန်ပျူတာတိုက် မနောသုခလမ်း ဘိုကလေးမြို့သို့ဆက်သွယ်ပေးပို့လှူဒါန်း နိုင်ကြောင်း သိရသည်။ (၁၄၂)

သူရိယမုနိ ကြေးသွန်း ရုပ်ရှင်တော်မြတ်ကြီး ရွှေသင်္ကန်းကပ်၊ အနေကဇာတင် ရေစက်ချ

ရန်ကုန် ဖေဖော်ဝါရီ ၂၂

ရန်ကုန်တောင်ပိုင်းခရိုင် ဒလမြို့နယ် ပျော်ဘွယ်ကြီး စံပြကျေးရွာ သမိုင်းဝင် ဆုတောင်းပြည့် သူရိယမုနိကြေးသွန်း ရုပ်ရှင်တော်မြတ်ကြီးအား ရွှေစင်ရွှေသား ရွှေသင်္ကန်းကပ်လှူခြင်း၊ ဂန္ဓကုဋိတိုက်ကြီးအား ရွှေသားနံရံဆေးသုတ်ခြင်းနှင့် နိဗ္ဗာန်လမ်း ကွန်ကရစ်ခင်းခြင်းတို့ကို ဖေဖော်ဝါရီ ၂၁ရက် နံနက်က ဂန္ဓကုဋိတိုက်၌ ကျင်းပသည်။

အခမ်းအနားသို့ ကလေးဝတောရ စာသင်တိုက်ဆရာတော် နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ တွဲဖက်အကျိုးတော်ဆောင် အဂ္ဂမဟာပဏ္ဍိတ ဒွိပိဋကဓရ ဒွိပိဋက ကောဝိဒ ဘဒ္ဒန္တဇာဂရာဘိဝံသ၊ ကလေးဝတောရ စာသင်တိုက်ဆရာတော်နှင့် ပင့်သံဃာတော်များက အနေကဇာတင် မင်္ဂလာ ကျင်းပပြီး လှူဒါန်းမှုအစုစုအတွက် ရန်ကုန်တိုင်း သံဃနာယကအဖွဲ့ ဥက္ကဋ္ဌ ဆရာတော်ဘဒ္ဒန္တအာဒိစ္စဝံသမှ သီလပေးတရားချီးမြှင့်ပြီး ကလေးဝ တောရစာသင်တိုက်ဆရာတော်ထံမှ ရေစက်ချတရားနာယူကြကြောင်း သိရသည်။ **(အပေါ်ပုံ)** (က-ပ)

ရန်ကုန်တိုင်း မြောက်ဥက္ကလာပ မြို့နယ် ဆုတောင်းပြည့် မယ်လမုစေတီတော်မြတ် ပရိဝုဏ်အတွင်း ဆောက်လုပ်လှူဒါန်းခဲ့ပြီးဖြစ်သော သုဇာတာ သူဌေးသမီး ဃနာနို့ဆွမ်း ကပ်လှူခန်း တန်ဆောင်း ပြန်လည်ပြုပြင်ခြင်းနှင့် တန်ဆောင်းအတွင်း သီတင်းသုံးတော်မူသော ဗုဒ္ဓရုပ်ပွားတော်မြတ်ရွှေသင်္ကန်း ကပ်လှူခြင်းအတွက် အလှူငွေကျပ်၂၅ သိန်းကို အလှူရှင် ဒေါ်မြမြသက်၊ သားကိုဇော်မှူး၊ သမီးမမြင့်မြင့်သန်း မိသားစု တိုက်၁၇ အခန်း ၁၀၂ အောင်သပြေလမ်း မင်္ဂလာတောင်ညွန့်မြို့နယ်က ပေးအပ်လှူဒါန်းရာ ဂေါပကအဖွဲ့ ဥက္ကဋ္ဌ ဦးသန်းမောင်နှင့် အဖွဲ့က လက်ခံယူစဉ်။ (က-ပ)

ရှမ်းပြည်နယ်(မြောက်ပိုင်း) သီပေါမြို့နယ် သံဃနာယကအဖွဲ့နှင့် မြို့နယ် သာသနာရေးဦးစီးဌာနတို့ ကြီးမှူးကျင်းပသော ပရိယတ္တိသဒ္ဓမ္မပါလ စာပြန်ပွဲတော်ကို အောင်မင်္ဂလာဘိုးတော်ကျောင်းတိုက်၌ကျင်းပရာ ဖြေဆိုအောင်မြင်တော်မူကြသော သံဃာတော်အရှင်သူမြတ်များအား ဇန်နဝါရီ ၂၅ ရက်က မြို့နယ်ဥက္ကဋ္ဌ ဦးခင်ကြည် အောင်လက်မှတ်နှင့် လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်စဉ်။ (မြို့နယ် ပြန်/ဆက်)

ဇန်နဝါရီ ၂၇ရက်က ကျိုင်းတုံမြို့နယ် အထက(၁)၏ ၂၀၀၆-၂၀၀၇ ပညာသင်နှစ်မိဘဆရာအသင်း နှစ်ပတ်လည် အစည်းအဝေးနှင့် ပညာရည်ချွန်ဆုပေးပွဲတွင် သူငယ်တန်းမှ ပထမဆုရ မဆောင်းနှင်းအိမ်အား ကျောင်းအုပ်ဆရာမကြီး ဒေါ်နန်းဖောင်ခမ်းက ဆုချီးမြှင့်စဉ်။ (က-ပ)

မြို့နယ် သတင်းများ

သွားနှင့်ခံတွင်း အထူးကုဆရာဝန်များ ပျော်ဘွယ်မြို့၌ အခမဲ့ဆေးဝါးကုသမှု ကွင်းဆင်းဆောင်ရွက်

ပျော်ဘွယ် ဖေဖော်ဝါရီ ၁၆

မန္တလေးမြို့ ဆေးရုံကြီး သွားနှင့်ခံတွင်းဌာနမှ ဒေါက်တာသန်းနိုင်စိုး ခေါင်းဆောင်သောအဖွဲ့သည် ပျော်ဘွယ်မြို့နယ် ယင်းတော်ကျေးရွာသို့ ဖေဖော်ဝါရီ ၉ရက်နှင့် ရန်အောင်ကျေးရွာသို့ ဖေဖော်ဝါရီ ၁၀ရက်က သွားနှင့်ခံတွင်းလူနာများအား အခမဲ့ဆေးဝါးကုသပေးသည်။

အဆိုပါ အခမဲ့ဆေးဝါးကုသပေးနိုင်ရန် ခရိုင်၊ မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌများ၏ စီမံပေးမှုနှင့်လူမှုရေးအသင်းအဖွဲ့များ၏ အကူအညီဖြင့် ဆောင်ရွက်ကြသည်။

လှူဒါန်း

ထို့နောက် သွားနှင့်ခံတွင်းလူနာများကို ယင်းတော်ကျေးရွာတွင် လူနာ ၂၇၈ဦးနှင့်ရန်အောင်ကျေးရွာတွင် လူနာ ၂၂၃ဦး စုစုပေါင်း လူနာ ၅၀၁ဦးအား ဆေးဝါး ကုသစောင့်ရှောက်ပေးသည်။ ထိုသို့ သွားနှင့်ခံတွင်း လူနာများကို အခမဲ့ဆေးဝါး ကုသစောင့်ရှောက်ပေးနိုင်ရန် မန္တလေးမြို့ စန်းယမုံကုမ္ပဏီလီမိတက်မှ ဦးခင်မောင်ကြည်နှင့် ဇနီး သီဟသုဓမ္မသီင်္ဂီ၊ သုဓမ္မသီင်္ဂီ ဒေါ်စန်းစန်းဌေး(ဥက္ကဋ္ဌ)တို့က လိုအပ်သော ထုံဆေးများ၊ လက်အိတ်များ တစ်ခါထိုးအပ်များနှင့် အခြား လိုအပ်သော ဆေးဝါးများကို လှူဒါန်းကူညီပေးသည်။

ပေးအပ်

ထို့အပြင် ပျော်ဘွယ်မြို့နယ် စေတနာညကျောင်းသို့ တက္ကသိုလ်ဝင်တန်းတွင် ဖြေဆိုမည့် ကျောင်းသားကျောင်းသူများအတွက် လိုအပ်သော စာရေးကိရိယာများအတွက် စုပေါင်း အလှူငွေကျပ်တစ်သိန်းလေးသောင်းနှင့် ရန်အောင်ကျေးရွာ အထက(ခွဲ)ကျောင်းသို့ လှူဒါန်းငွေကျပ်ငါးသောင်းတို့ကို ပေးအပ်လှူဒါန်းကြောင်းသိရသည်။ **(ခရိုင် ပြန်/ဆက်)**

အခြေခံမွေးမြူရေး ဆင့်ပွားသင်တန်းဆင်း

ငါန်းဇွန် ဖေဖော်ဝါရီ ၆

မြင်းခြံခရိုင် ငါန်းဇွန်မြို့နယ်တွင် ဖွင့်လှစ်သော အခြေခံမွေးမြူရေးဆင့်ပွားပညာသင်တန်း (၁/၂၀၀၈) ဆင်းပွဲကို ဇန်နဝါရီ၂၂ရက်က မြို့နယ်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းရုံး အစည်းအဝေးခန်းမ၌ ကျင်းပရာ သင်တန်းတွင် ဆုရရှိသူများကို မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန ဦးစီးမှူး ဒေါက်တာသန့်ဇော်ထွေးက ဆုများ ချီးမြှင့်သည်။ **(မြို့နယ် ပြန်/ဆက်)**

ရန်ကုန်တိုင်းစည်ပင်သာယာရေးအဖွဲ့ညွှန်ကြားရေးမှူး ဦးခင်မောင်ချို ကွမ်းခြံကုန်းမြို့နယ်စည်ပင်သာယာရေးအဖွဲ့ ၂၀၀၇-၂၀၀၈ ဘဏ္ဍာရေးနှစ်အတွင်း ဆောင်ရွက်သည့် သုံးခွကျေးလက်လမ်း ဂဝံခင်းခြင်းလုပ်ငန်းကို ကြည့်ရှုစစ်ဆေးရာ အမှုဆောင်အရာရှိ ဦးမောင်မောင်အေးနှင့် တာဝန်ခံအင်ဂျင်နီယာ ဦးကျော်မျိုးအောင်တို့က ရှင်းလင်းတင်ပြစဉ်။ (မြို့နယ်စည်ပင်)

ယင်းမာပင်၌ အရန်မီးသတ်သင်တန်းနှင့် အခြေခံကြက်ခြေနီ သင်တန်းဆင်း

ယင်းမာပင် ဖေဖော်ဝါရီ ၈

မုံရွာခရိုင် ယင်းမာပင်မြို့နယ် ပြည်သူ့အားကစားကွင်း၌ အရန်မီးသတ်သင်တန်းနှင့် အခြေခံကြက်ခြေနီသင်တန်းအမှတ်စဉ်(၂/၂၀၀၇)ဆင်းပွဲ အခမ်းအနားကို ဇန်နဝါရီ ၁၇ရက်နံနက် ၉နာရီက ကျင်းပရာ ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးခင်မောင်ကျော်၊ယင်းမာပင်မြို့နယ်ဥက္ကဋ္ဌ ဦးစိုးလှိုင်နှင့် ဌာနဆိုင်ရာများမှ တာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များနှင့် သင်တန်းသားများ တက်ရောက်ကြသည်။

ရှေးဦးစွာ ခရိုင်ဥက္ကဋ္ဌ ဦးခင်မောင်ကျော်က သင်တန်းဆင်း အမှာစကား ပြောကြားပြီး ဆုချီးမြှင့်ပွဲကျင်းပရာ ခရိုင်ဥက္ကဋ္ဌက အရန်မီးသတ်စံပြဆု၊ ကြက်ခြေနီစံပြဆုနှင့် သင်တန်းအလိုက် ပထမ၊ ဒုတိယ၊တတိယဆုရရှိသူများအား ဆုများ ပေးအပ်ချီးမြှင့်ကြသည်။ **(အောက်ပုံ)** **(မြို့နယ် ပြန်/ဆက်)**

အေးမြသာယာလမ်း ကတ္တရာခင်းရန်ဆောင်ရွက်

မြစ်ကြီးနား ဖေဖော်ဝါရီ ၅

မြစ်ကြီးနားမြို့နယ် စည်ပင်သာယာရေးအဖွဲ့ ၂၀၀၇-၂၀၀၈ ဘဏ္ဍာရေးနှစ်အတွင်း လမ်းများအဆင့်မြှင့်တင်ခြင်း၊ ကတ္တရာထပ်ပိုးလွှာခင်းခြင်း၊ လမ်းချိုင့်ခွက်များ၊ လှိုင်းထမှုများ ပြုပြင်ဆောင်ရွက်ခြင်းနှင့် သက်ဆိုင်ရာ ရပ်ကွက်များက ကိုယ့်အားကိုယ်ကိုး ကတ္တရာခင်းဆောင်ရွက်လျက်ရှိရာ ဇန်နဝါရီ ၂၅ ရက်တွင် လက်ထောက်အင်ဂျင်နီယာ ဦးသန်းဝင်းခိုင်ကြီးကြပ်၍ အေးမြသာယာရပ်ကွက်အတွင်းရှိ အရှည်ပေ ၁၇၄၀၊ အကျယ် ၁၈ပေရှိ အေးမြသာယာလမ်း ကတ္တရာလမ်းသစ်ခင်းရန်အတွက် အောက်ခံကျောက်ခင်းခြင်းလုပ်ငန်းဆောင်ရွက်မှုကို မြို့နယ်တာဝန်ခံအရာရှိ လက်ထောက်ညွှန်ကြားရေးမှူး ဦးဇော်မိုးနှင့်အင်ဂျင်နီယာမှူး ဦးသိန်းမြင့်တို့က အရည်အသွေး ပြည့်မီကောင်းမွန်စေရေးအတွက် ကြီးကြပ်ဆောင်ရွက်ပေးကြောင်း သိရသည်။ **(မြို့နယ်စည်ပင်)**

ရန်ကုန်တိုင်း ရန်ကင်းမြို့နယ် ကံဘဲ့ဘူတာရုံလမ်း ပဋ္ဌာနိကာယ်ယသာသနာ့ ဗိမာန် ကျောင်းတိုက်ရှိ ရန်ကုန်နိကာယ်သာသနာတော် ထွန်းကားရေး အသင်းကြီး၏ ထာဝရ ငွေရတုပဒေသာပင်အတွက် တရုတ်(တိုင်ပေ)မှ ရွှယ်လိတုက အမှတ်(၄၇) ရေကျော်လမ်း (၇)ရပ်ကွက် ပုဇွန်တောင်မြို့နယ်နေ ဒေါ်မြငြိမ်း(တိုင်ပေရွှေဆိုင် ယုဇနပလာဇာ)မှတစ်ဆင့် အလှူငွေ ကျပ်တစ်သိန်းကို အသင်းဥက္ကဋ္ဌ ဦးသောင်းလွင်နှင့် အတွင်းရေးမှူး ဦးစိုးဝင်းတို့ထံ ပေးအပ် လှူဒါန်းကြစဉ်။ (က-ပ)

ပြည်သူ့ သဘောထား

★ တည်ငြိမ်မှုကို လိုလားသည်
★ အေးချမ်းမှုကို လိုလားသည်
★ ဆူပူအကြမ်းဖက်မှုကို မလိုလား

ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်း ကျောက်မဲခရိုင်အတွင်းရှိ သကြားစက်၊ ဆီထွက်သီးနှံစိုက်ခင်းများနှင့် နွေစပါးစိုက်ပျိုးမှုအခြေအနေများ လှည့်လည်ကြည့်ရှုစစ်ဆေး

နေပြည်တော် ဖေဖော်ဝါရီ ၂၂

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်းသည် ဖေဖော်ဝါရီ ၂၁ရက် နံနက်ပိုင်းတွင် ရှမ်းပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ (မြောက်ပိုင်း)ဥက္ကဋ္ဌ အရှေ့မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်အောင်သန်းထွဋ်နှင့် တာဝန်ရှိသူများလိုက်ပါလျက် နောင်ချိုမြို့နယ် ဆမ္မဆယ်ကျေးရွာရှိ ငွေရည်ပုလဲကုမ္ပဏီ၏ ဆင်းရွှေလီသကြားစက်သို့ သွားရောက်၍ သကြားကျိုချက်ဆောင်၊ ထုပ်ပိုးဆောင်နှင့် ထုပ်ပိုးပြီးသကြားများ သိုလှောင်ထားရှိမှုနှင့် ကြံများ သကြားဖြစ်သည်အထိ စက်များအဆင့်ဆင့် လည်ပတ်မှုများကို ကြည့်ရှုစစ်ဆေးသည်။

စာမျက်နှာ ၁၀ ကော်လံ ၂ ●

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်း နောင်ချိုမြို့နယ် ဆမ္မဆယ်ကျေးရွာရှိ ငွေရည်ပုလဲကုမ္ပဏီ၏ ဆင်းရွှေလီသကြားစက်ကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

မြန်မာ့အလင်း သတင်းအညွှန်း

❒ မခွဲခွာချင်ပါသော်လည်း....
ချစ်စိုးနိုင်၏ နိုင်ငံတကာမှုခင်း စာ - ၅

❒ မော်ရိုကိုဘုရင့်နိုင်ငံ
တိုး၏ သတင်းအက်ဆေး စာ - ၇

လုံးချောနှင့် ရှမ်းလေးသွေးတို့ ပြတ်သားတဲ့ရလဒ်မထွက်သည့် ကယ်(လ်)ဆမ် မျှော်စင်ကျွန်းမှ စိန်ခေါ်သံ(၇)လက်ဝှေ့ပွဲ

ရန်ကုန် ဖေဖော်ဝါရီ ၂၂

မြန်မာ့ရိုးရာလက်ဝှေ့အဖွဲ့ချုပ်က ကြီးမှူးပြီး T&T Groupက တာဝန်ယူကျင်းပသည့် ကယ်(လ်)ဆမ် မျှော်စင်ကျွန်းမှစိန်ခေါ်သံ(၇) လက်ဝှေ့ပွဲကို ရန်ကုန်မြို့ ကရဝိက်ဥယျာဉ်မှာရှိတဲ့ မျှော်စင်ကျွန်းမှာ ဖေဖော်ဝါရီ ၂၂ရက် ညနေ၆နာရီက စတင်ကျင်းပခဲ့ပါတယ်။

ပရိသတ်အကြိုက်

လက်ဝှေ့ပြိုင်ပွဲကျင်းပရာ မျှော်စင်ကျွန်းမှာတော့ မြန်မာ့လက်ဝှေ့ကို အားပေးကြတဲ့ ပရိသတ်တွေ ပြည့်လျှံနေတော့တာပါပဲ။ ဒီနေ့ပွဲမှာ အထူးငါးချီပွဲတွေချည်းဖြစ်ပြီး ပရိသတ်အကြိုက်ပွဲတွေ ပါဝင်နေတာကြောင့် ပရိသတ်များပြားနေခြင်းပဲဖြစ်ပါတယ်။

စာမျက်နှာ ၁၁ ကော်လံ ၁ ❒

သတင်းမြင်ကွင်း
မောင်မောင်မြင့်ဆွေ
ဓာတ်ပုံမှတ်တမ်း
တင်စိုး (မြန်မာ့အလင်း)
သိန်းဝင်းလေး(မြန်မာ့အလင်း)

★ မိုးလုံးပြည့် မုသာဝါဒီတွေ တိုင်းပြည်ပျက်အောင် လုပ်နေသည်
★ BBC ညာနေသည်
VOA လိမ်နေသည်
RFA ရန်တိုက်ပေးနေသည်
★ အဲဒီ ဝေသာလီပုဏ္ဏား(ကုန်းချောသွေးထိုးသူ)များ မယုံလေနဲ့ သတိထား